
2010
တက္ကသိုလ်
နေလင်းအောင်
အမြွှာညီနောင်သိုင်းဦးသျှောင်
ကျင်းတုံ၏ ဝမ်းယန်ကျောက်နန့်စန်း
စာစဉ် (၂)
Alien
၄ အုပ်တွဲသိုင်းစာစဉ်
သိုင်းစာစဉ်များPAGE



တက္ကသိုလ်
အမြွှာညီနောင်သိုင်းဦးဘဲချောင်
တစဉ်-၂

တက္ကသိုလ်

# နေလင်းအောင်

# အမြွာညီနောင်သိုင်းဦးသျှောင်

(စာစဉ်-၂)

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၀၉၄၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၁၅၇၀၂၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးအောင်မြင့်သိန်း၊ (အင်ကြင်းမြိုင် ပုံနှိပ်တိုက်)
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း ( ၃ )

### မြက်လှေ့ာမြေနှစ်ကောင်

နဂါးကျွန်းသည် ကျယ်ဝန်းသော ကျွန်းကြီးတစ်ခုတော့ မဟုတ်ပါ။ သို့သော် လူနေအိမ်ခြေ အတော်များများကလေးတော့ ရှိ၏။

အားလုံးသော သူတို့သည် ပင်လယ်ငါးဖမ်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသောသူများ ဖြစ်ကြ၏။

အချို့မှာ ကြီးကျယ်ခမ်းနားသော အိမ်ကြီးအိမ်ကောင်းများ ပင် ဆောက်လုပ်၍ နေထိုင်ကြ၏။

ထိုနဂါးကျွန်းကလေး၏ အကြီးအကဲမှာ ထန်းမုကျိဖြစ်လေသည်။

"ဦးလေးကျူးယား ... ကျွန်တော့် အဖေကော"

စွမ်းတုကြည်က မာဆတ်ဆတ် ပြန်မေးလိုက်၏။

"မင်းအဖေ ရှိပါတယ်၊ မင်းကို စောင့်နေတယ်"

"ဘယ်မှာလဲ ... မြန်မြန်ပြောပါ၊ ကျွန်တော် အဖေနဲ့တွေ့ချင်တယ်"

ကျူးယားက ခေါင်းကို မော့၍ တဟားဟား ရယ်မောလိုက်သည်။ ပြီးမှ မာကျောသော လေသံဖြင့် ...

"ဟေ့ စွမ်းတုကြည်"

"ပြောပါ ဦးလေးကျူးယား"

"မင်းက ငှါတပည့်တွေ အလုပ်လုပ်နေတာကို နှောင့်ယှက်လိုက်တယ်ဆို"

"အလုပ်လုပ်နေတာ မဟုတ်ဘူး၊ ဓားပြတိုက်နေတာ တွေ့လို့ အမြင်မတော်လို့ ဆုံးမလိုက်တာပါ"

ကျူးယား၏ မျက်နှာ နီရဲသွားတော့၏။

"မင်းက မင်းကိုယ်မင်း မျိုးချစ်သူရဲကောင်းကြီးများ အောက်မေ့နေသလား"

"ခင်ဗျား ဒါတွေပြောမနေပါနဲ့ ... ကျုပ်အဖေ ဘယ်မှာလဲ"

စွမ်းတုကြည်သည် ကျူးယားအား ဦးလေးသဖွယ် လေးလေးစားစား ဆက်ဆံ၏။ သို့သော် ကျူးယားက ရန်သူသဖွယ် ဆက်ဆံလာသောအခါ စွမ်းတုကြည်မှာ သည်းမခံနိုင်တော့ပေ။



"မင်းအဖေဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

စွမ်းတုကြည်သည် ကျူးယားအား ဒေါသဖြင့် ကြည့်လိုက်သည်။

"ဘယ်သူ့ရှိရဦးမှာလဲ ... ကျုပ်အဖေဟာ ထန်းမုကျိုပေါ့"

"ဟား ဟား ဟား ... တော်တော်ရယ်ဖို့ ကောင်းတာပဲ၊ မင်း ဘာမှ မသိပါလား၊ အကောင်းဆုံးကတော့ မင်း လာလမ်းအတိုင်း ပြန်သွားရင် ကောင်းမယ်နဲ့တူတယ်"

စွမ်းတုကြည်၏ စိတ်ထဲတွင် ကျူးယားသည် ရှုးသွပ်နေပြီဟု ထင်လိုက်မိတော့သည်။

စွမ်းတုကြည်သည် စိတ်မရှည်တော့ဘဲ ကျူးယားကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ကျူးယားက နောက်သို့ဆုတ်၍ ...

"မင်း ငါပြောတာကို နားထောင်ပါ၊ တကယ်တော့ ထန်းမုကျိုဟာ မင်းအဖေ မဟုတ်သလို မင်းအမေဟာလည်း သူ့မိန်းမ မဟုတ်ဘူး"

စွမ်းတုကြည်သည် ကျူးယားထံမှ ထူးဆန်းသော စကားများ ကြားလိုက်ရသဖြင့် ငြိမ်သက်စွာ နားစိုက်ထောင်နေမိ၏။

"ခင်ဗျားစကားကို အမှန်ပြောပါ"

"မင်း ငါပြောတာကို မယုံရင် မင်းအဖေနဲ့တွေ့တော့ မေး

ကြည့်ပေါ့၊ သူသာ လိမ်မပြောဘူးဆိုရင် ငါပြောတဲ့ စကားတွေဟာ အားလုံး အမှန်ချည်းပဲ"

"ဟုတ်ကဲ့ ... ဆက်ပြောပါဦး"

"မင်းအမေရယ်, မင်းရယ် တောထဲမှာ တွေ့လို့ ထန်းမုကျိက မင်းအမေကို ခွဲလမ်းပြီး ခေါ်လာခဲ့တယ်၊ ဒါပေမဲ့ မင်းအမေဟာ ထန်းမုကျိကို လုံးဝမနှစ်သက်လို့ ပင်လယ်ထဲ ခုန်ချသေပစ်လိုက်တယ်"

စွမ်းတုကြည်မှာ မိခင်၏ အဖြစ်အပျက်ကို မျက်စိထဲ မြင်ယောင်ကာ သနားသွားမိတော့သည်။ ကျူးယားက ဆက်လက်၍...

"ထန်းမုကျိဟာ မင်းတို့လည်း ရေထဲပစ်ချမယ်လို့ ကြံသေးတယ်"

"တော်ဗျာ ... အဲဒါတော့ ကျုပ်မယုံဘူး၊ အဖေ ကျုပ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျုပ်ကောင်းကောင်းသိတယ်"

"နေပါဦးလေ ... ငါ့စကား မဆုံးသေးပါဘူး၊ ထန်းမုကျိဟာ မင်းကို ရေထဲ ပစ်ချမယ်လုပ်လို့ ငါတို့က တားထားရတယ်၊ ဒါပေမဲ့ သူဟာ မင်းကိုကြည့်ပြီး သနားလာပုံရတယ်၊ တစ်နေ့တခြား ချစ်လာတယ်၊ နောက်ဆုံး တိုတိုပြောရရင် မင်းအပေါ် အလွန်ကြီးမားတဲ့ သံယောဇဉ်တွေ ထားခဲ့တယ်၊ အေး ... အဲဒီလို သံယောဇဉ်တွေ ထားခဲ့လို့လည်း အခု သူဒုက္ခရောက်ရတာပဲကွ"



"ဗျာ ... အဖေဒုက္ခရောက်တယ် ... ဟုတ်လား၊ ဘာကြောင့် ဒုက္ခရောက်ရတာလဲ"

"သူ ဘယ်လိုပဲ ဒုက္ခရောက်ရောက် မင်း ဘာမှ သနားနေစရာမလိုဘူး၊ အဲဒီတော့ ငါက အကောင်းဆုံး အကြံပေးချင်တာကတော့ မင်း ဒီကပြန်သွားပြီး အရာရာကို မေ့လိုက်ပါ"

"ကျွန်တော်က မပြန်သွားဘူးဆိုရင်ကော"

ကျူးယားသည် လက်ခုပ်တီး၍အချက်ပြလိုက်သည်။ အခန်းထဲမှ ကျူးယား၏တပည့်များ ထွက်လာကြ၏။ စုစုပေါင်း နှစ်ဆယ်နီးပါးရှိသည်။

စွမ်းတုကြည်သည် ပထမဆုံး ကျူးယားအား ပြေး၍ ကန်ထည့်လိုက်သည်။ သို့သော် ကျူးယားက ရှောင်တိမ်း၍ သူ၏ ကြီးမားသော ယပ်တောင်ဖြင့် ရိုက်ချ၏။

သူ၏ တပည့်များသည် လေးဘက်လေးတန်မှ တရကြမ်းပင် ဝင်၍ တိုက်ခိုက်သည်။ ဆယ်ယောက်လောက်ကိုသာ စွမ်းတုကြည် လှဲသိပ်နိုင်ခဲ့၏။ တိုတောင်းသော အချိန်အတွင်းမှာပင် စွမ်းတုကြည်သည် ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။

❑

အမှန်တော့ စွမ်းတုကြည် ဒီလောက်နှင့် အညံ့ခံမည့် လူစားမျိုးမဟုတ်ပေ။ သူသည် တိုက်ခိုက်ရင်းမှ သတိထားမိသော အချက်မှာ ကျူးယားတို့၏ အပြုအမူများက ရက်စက်ကြမ်းကြုတ်မည့်အသွင်များ ဖြစ်နေပေသည်။

မိမိ၏ဖခင်သည် အသက်အန္တရာယ် တစ်ခုခုနှင့် ကြုံတွေ့နေရပြီဟု ထင်လိုက်မိ၏။ မိမိအနေနှင့် သူသေသေ ကိုယ်သေသေ ဆက်လက်၍ တိုက်ခိုက်နေပါက မတော်တဆ အရေးနိမ့်ခဲ့ပါလျှင် အဖြစ်အပျက်အမှန်ကိုပင် သိရတော့မည် မဟုတ်ပေ။

ထို့ကြောင့် စွမ်းတုကြည်သည် တိုက်ခိုက်နေသော သူများ၏ အရိပ်အခြည်ကို ကြည့်လိုက်မိ၏။ ထိုအခါ မိမိအား အသေသတ်လိုသည်ထက် ဖမ်းဆီးဖို့ကြိုးစားနေသည်က ပိုမိုနေသောကြောင့် အဖမ်းခံလိုက်ခြင်း ဖြစ်သည်။

စွမ်းတုကြည်၏ တွေးတောချက်က မှန်ကန်နေ၏။ ကျူးယား၏တပည့်များသည် မိမိအား အချုပ်ခန်းတစ်ခုထဲသို့ ပို့ဆောင်လိုက်လေသည်။

ထိုအခန်းကို စွမ်းတုကြည် ကောင်းကောင်းသိ၏။ ယခင်က ထိုအခန်းများတွင် လူများ ချုပ်နှောင်ထားဖူး၏။ ပြန်ပေးဆွဲခဲ့သော လူများကို ထားရှိသောအခန်း ဖြစ်ပေသည်။

အခန်းသုံးခန်းရှိပြီး အုတ်နံရံများခြားထား၏။ တစ်ခန်းနှင့်



တစ်ခန်း မြင်သာသော ပြတင်းပေါက်များရှိ၍ သံချောင်းများ စိုက်ထား၏။

စွမ်းတုကြည်သည် အချုပ်ခန်းထဲသို့ ရောက်ရှိသွားသည်နှင့် ခြေပစ်လက်ပစ်ပင် ပက်လက်လှန်ချလိုက်သည်။ သူသည် ဒဏ်ရာအနည်းငယ်ရရှိသော်လည်း ထိုဒဏ်ရာများကို ဂရုမစိုက်အားပေ။

ကျူးယားထံမှ ကြားလိုက်ရသော စကားများက သူ၏ဘဝတစ်ခုလုံးကို ရှုပ်ထွေးသွားစေတော့သည် မဟုတ်ပါလား။

❑

ထန်းမုကျိုသည်၊ သူ၏ဖခင်အရင်းမဟုတ်။ ဤသို့ဆိုလျှင် မိမိ၏ ဖခင်အရင်းသည် ရှိရမည်သာ ဖြစ်သည်။ မိခင်မှာလည်း ထန်းမုကျိုအား မနှစ်သက်သဖြင့် ရေထဲသို့ ခုန်ချသွားသည်ဟု ကျူးယားက ပြောသည်မှာ အမှန်စကားများ ဖြစ်လေသလော။

မည်သို့ပင်ဆိုစေ ထန်းမုကျိုကို သူက ဖခင်အရင်းသဖွယ် ချစ်ခင်သလို ထန်းမုကျိုကလည်း သူ့အားချစ်သည်ကို သိပေသည်။ စွမ်းတုကြည် စဉ်းစားတွေးတောနေစဉ် တစ်ဖက်ခန်းမှ ဆူဆူညံညံဖြင့် အော်ဟစ်ဆဲဆိုနေသောအသံကို ကြား၍ စွမ်းတုကြည် ခေါင်းထောင်ပြီး နားစိုက်နေမိ၏။

"ဟေ့ ကျုူးယား ... မင်း သတ္တိရှိရင် ငါ့ကို အခုလွှတ်စမ်း"

ထိုအသံက ကျယ်လောင်စွာ လွှမ်းမိုးသွား၏။ စွမ်းတုကြည်မှာ မျက်လုံးများ ဝိုင်းစက်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ထို အော်ဆဲသံသည် မိမိ၏ ဖခင်အသံဖြစ်နေသောကြောင့်ပင်။

❑

စွမ်းတုကြည်က ကပျာကယာ ထ၍ တစ်ဖက်ခန်းသို့ လှမ်းကြည့်လိုက်သည်။ ကြိုးများဖြင့် တုပ်နှောင်ထားသော မိမိ၏ဖခင်ကို တွေ့လိုက်ရသည်။

"အဖေ"

စွမ်းတုကြည်က ရင်နင့်စွာဖြင့် လှမ်းခေါ်လိုက်၏။ ထန်းမုကျိသည် အသံလာရာသို့ တဖြည်းဖြည်း လှမ်းကြည့်လိုက်သည်။

"ဟင် သား ... ဩော် လက်စသတ်တော့ သင်းတို့က ငါ့သားကိုလည်း ဖမ်းလိုက်ပြီကိုး"

ထန်းမုကျိသည် စွမ်းတုကြည်အနားသို့ ကပ်လာ၏။

"အဖေ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ ကျုူးယားက ဖမ်းဆီးရတာလဲ"

"ထို့ ... ဒီကောင် ခွေးလောက်မှ သောက်သုံးမကျတဲ့



အကောင်"

"ပြောပါအဖေရဲ့ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွာ၊ သူက ငါ့နေရာကို လိုချင်လို့ ခုလိုလုပ်တာပေါ့၊ ဒီကောင့်ကို ငါသတ်ရမှ ကျေနပ်မယ်"

ထန်းမုကျိသည် ဒေါသဖြင့် အော်ပြောလိုက်လေ၏။

"အောင်မယ်လေး အဖေရယ်၊ ဓားပြခေါင်းဆောင် လုပ်ချင်တာများ လွှတ်ပေးလိုက်စမ်းပါ။ ဘာလို့ မက်မောနေရမှာလဲ"

"ဘာလို့ ဖယ်ပေးရမှာလဲ။ ငါ့ရာထူးကို ရသင့်တာ မင်းပဲဖြစ်ရမှာပေါ့၊ အဲဒါကို သူက မကျေနပ်လို့ ငါ့ကို ခွေးကျင့်ခွေးကြံကြံပြီး နှိပ်စက်နေတာလေ"

စွမ်းတုကြည်သည် စိတ်ပျက်စွာဖြင့် ဖခင်ကို လှမ်းကြည့်လိုက်သည်။

"ဒီဓားပြခေါင်းဆောင်အလုပ်ကို ကျွန်တော်လည်း ဘယ်တော့မှ မလုပ်ဘူး။ ပေးလိုက်စမ်းပါ"

"ခုတော့ ပေးစရာမလိုတော့ပါဘူး။ တို့သားအဖကို သတ်ပြီး သူဗိုလ်လုပ်ရုံပဲ ရှိတော့တာပေါ့"

စွမ်းတုကြည်သည် အချုပ်ခန်းတံခါးကို ပြေး၍ ကန်ထည့်လိုက်သည်။ ခိုင်ခံ့လှသော အချုပ်ခန်းတံခါးက နည်းနည်းမျှ မလှုပ်ပေ။ စွမ်းတုကြည်မှာ လက်ပြန်ကြိုးတုပ်ခြင်း ခံထားရသဖြင့် လှုပ်ရှား

ချင်တိုင်း လှုပ်ရှား၍မရ ဖြစ်နေသည်။

ထန်းမုကျီသည် သားဖြစ်သူကို ကြည့်၍ စိတ်မကောင်းကြီးစွာ ဖြစ်လာပုံရသည်။

"ဟေ့ ကျူးယား ... မင်းတို့ ငါ့သားကို ခုချက်ချင်း လွှတ်လိုက်၊ မကျေနပ်တာရှိရင် ငါ့ကိုလာသတ်ပါလား"

ထန်းမုကျီက အော်ဟစ်ပြောဆိုနေသော်လည်း အချည်းနှီးပင်။ အချုပ်ခန်းနား၌ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပေ။

❑

"အဖေရယ်၊ စိတ်အေးအေးထားပါ။ သူတို့ကို အော်ပြောနေလို့လည်း ဘာမှ အကျိုးထူးမှာ မဟုတ်ပါဘူး"

စွမ်းတုကြည်က ဖခင်ကို နှစ်သိမ့်လိုက်၏။ ထန်းမုကျီသည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချ၍ တိတ်ဆိတ်သွားသည်။

"အဖေ"

"ဘာလဲသား"

"အဖေ့ကို ကျွန်တော်တစ်ခု မေးမလို့"

"မေးလေ"

"ကျွန်တော်ဟာ အဖေ့သား မဟုတ်ဘူးဆို"



"ဘာ ... ဘယ်သူကပြောသလဲ"

"ကျူးယား"

"တောက် ... ဒီကောင်က ဒီလိုပဲပြောလိုက်သလား"

"ဟုတ်ပါတယ်"

ထန်းမုကျီ၏မျက်နှာ ညှိုးမည်းသွားသည်။ စိတ်ထိခိုက်လွန်းသော အသွင်သဏ္ဌာန်သည် ထန်းမုကျီ၏ မျက်နှာ၌ ချက်ချင်း ပေါ်လွင်သွားတော့၏။

ဖခင်ဖြစ်သူ စိတ်ထိခိုက်သွားသည့်အတွက် စွမ်းတုကြည် စိတ်မကောင်းဖြစ်သွားသည်။

"ကျူးယားပြောသလို ဟုတ်ပါပြီတဲ့ ... မင်း ငါ့အပေါ်"

"အို အဖေရယ် ... ကျွန်တော် အဖေ့အပေါ် ဘယ်လိုမှ မထင်ပါဘူး၊ ကျွန်တော် အဖေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ အဖေသိပါတယ်"

ထန်းမုကျီသည် ကြေကွဲစွာဖြင့် စွမ်းတုကြည်အား စိုက်ကြည့်နေသည်။ ထန်းမုကျီ၏ မျက်ဝန်းအစုံမှ မျက်ရည်များ ပြည့်လျှံလာသည်ကို စွမ်းတုကြည် တွေ့ရသောအခါ စိတ်မကောင်းခြင်းများစွာ ဖြစ်သွားမိသည်။

ထန်းမုကျီသည် စွမ်းတုကြည်အနားမှ တရွေ့ရွေ့ခွာ၍ ပစ်လှဲလိုက်၏။ ထို့နောက် မျက်စိကို စုံမှိတ်၍ ငြိမ်သက်နေ၏။

စွမ်းတုကြည် သိပါသည်။

အဖေသည် ဝမ်းနည်းလွန်း၍ ကျိတ်၍ငိုနေမည်မှာ မလွဲပေ။

❑

စွမ်းတုကြည် မှေးခနဲ အိပ်ပျော်သွားသည်။ တစ်ဖက်အချုပ်ခန်းမှ အသံများကြောင့် ကပျာကယာ လူးလဲထ၍ ချောင်းကြည့်လိုက်သည်။ ကျူးယားသည် ကြီးမားသည့်ယပ်တောင်ကို ကိုင်လျက် ဖခင်အား စစ်ဆေးမေးမြန်းနေသည်ကို တွေ့ရ၏။

"ခင်ဗျားတို့ သားအဖနှစ်ယောက်စလုံးရဲ့ အသက်ဟာ ကျုပ် လက်ထဲမှာ ရှိတယ်ဆိုတာ ခင်ဗျားသိဖို့ ကောင်းပါပြီ"

ထန်းမုကျိုက အံကြိတ်၍ တံတွေးတစ်ချက် လှည့်ထွေးလိုက်၏။

"အဲဒါ ဘာဖြစ်သလဲ ... မင်း သတ္တိရှိရင် ငါ့ကိုလွှတ်လိုက်စမ်း၊ ဒီမှာ မင်းက အရက်ထဲ အိပ်ဆေးထည့်ထားတာ မသိလိုက်လို့ ငါ အခုလို ခံရတာ"

ကျူးယားက မရယ်ချင်ဘဲ ရယ်မောလိုက်သည်။

"ဒီမှာ ထန်းမုကျို ... အဲဒီရတနာတွေဟာ ခင်ဗျားတစ်ဦးတည်း ပိုင်ဆိုင်တာ မဟုတ်ဘူးဗျ၊ အဲဒီတော့ ဘယ်မှာရှိတယ်ဆိုတာ အမှန်အတိုင်းပြောရင် ခင်ဗျားတို့သားအဖနှစ်ယောက်စလုံးကို အသက်ချမ်းသာပေးမယ်"



စွမ်းတုကြည် ယခုမှပင် သဘောပေါက်သွားသည်။

ကျူးယားက မိမိတို့သားအဖအား မသတ်သေးသည်မှာ မိမိဖခင် သိမ်းဆည်းထားသည့် ရတနာပစ္စည်းများကို မရသေးသောကြောင့် ဖြစ်သည်။

စွမ်းတုကြည် လှမ်းအော်လိုက်၏။

"အဖေ၊ ရတနာတွေရှိရင် သူ့ကိုပြောပြလိုက်ပါ။ ပစ္စည်းဥစ္စာဆိုတာ မက်မောစရာ မဟုတ်ပါဘူး"

"ဒီလို တိရစ္ဆာန်ရဲ့လက်ထဲကို ရတနာတွေ ထည့်လိုက်လို့ အလကားပေါ့ကွာ၊ မပြောနိုင်ဘူး၊ မင်းသတ်ချင်ရင် သတ်ပစ်လိုက်"

ကျူးယားက ဟက်ခနဲ ရယ်မောလိုက်သည်။

"ခင်ဗျား၊ သေသေချာချာ စဉ်းစားပါလေ၊ ကျုပ် ဒီည တစ်ည အချိန်ပေးမယ် ဟုတ်ပြီလား"

ကျူးယားသည် ကောက်ကျစ်သော မျက်နှာနှင့် ရယ်မောကာ ထွက်သွား၏။ အချုပ်ခန်းတံခါးဝရောက်မှ တစ်ဖက်ခန်းရှိ စွမ်းတုကြည်ကို လှမ်းကြည့်လိုက်ပြီး ...

"မင်းအဖေနဲ့မင်းနဲ့ လူပြည်မှာ ဆက်ပြီးနေချင်သေးရင်

ရတနာတွေ ဘယ်မှာထားတယ်ဆိုတာ ဖွင့်ပြောဖို့ တရားချထားလိုက်ပါ"

ဟု ပြောဆိုကာ လှည့်ထွက်သွားတော့၏။ စွမ်းတုကြည်မှာ အံကို တင်းတင်းကြိတ်ထားလိုက်သည်။

❑

နဂါးကျွန်းဆိပ်ကမ်းကလေးသည် ညဘက်၌ ပို၍ စည်ကားသည်။ ကမ်းနားတစ်လျှောက် စားသောက်စရာဆိုင်များ တန်းစီလျက် ရှိနေသည်။

သို့သော် ဆိုင်များစွာရှိသည့်အနက် ရွှေငါးစားသောက်ဆိုင်သည် စားသောက်သူအများဆုံးနှင့် အစည်ကားဆုံး ဖြစ်သည်။ အကြောင်းရင်းမှာ ထိုဆိုင်သည် အရက်မျိုးစုံရသည့်အပြင် ကောင်းမွန်၍အရသာရှိသော စားသောက်ဖွယ်ရာများကြောင့်ပင် ဖြစ်လေသည်။

လူများသည် ဥဒဟို ဝင်ထွက်သွားလာနေကြ၏။ အချို့က စားသောက်ပြီး ဆေးဆေးစွာ ထွက်သွားကြသော်လည်း အချို့မှာ အရက်ကို မိမိခံသောက်ရင်းမှ စကားများကို ကျယ်လောင်စွာ ပြောဆိုနေကြသူများလည်း မရှားပါပေ။



စားပွဲဝိုင်းဆယ်ဝိုင်း ခင်းကျင်းထားသော်လည်း မည်သည့်စားပွဲမှ အလွတ်မရှိပါပေ။ ဆိုင်၏ညာဘက်အစွန်းတွင် ထိုင်သောက်နေသော လူငယ်သုံးဦးသည် ဓားများကို ကိုယ်စီချိတ်ထား၏။

လူငယ်သုံးဦးကို ကြည့်ရသည်မှာ တခြားလူများထက် ငွေကို ဖောဖောသီသီ သုံးစွဲနိုင်ပုံရသည်။ သူတို့သုံးဦးသည် များစွာသော စားသောက်ဖွယ်ရာများကို မှာကြား၍ စားသောက်နေသည်မှာ အချိန်ကြာမြင့်ပြီဖြစ်လေသည်။

သူတို့ အနီးရှိ စားပွဲတစ်ခု၌ အနက်ရောင်ကိုယ်ကျပ်အကျီနှင့် လူနှစ်ယောက်ကလည်း စားသောက်နေသည်။ ထိုသူနှစ်ဦးသည်လည်း အရက်ကို များစွာသောက်ထားမိသော်လည်း ဆူဆူညံညံ မလုပ်ပေ။ တိတ်ဆိတ်အေးဆေးစွာပင် ရှိနေသည်။

တစ်စတစ်စ ဆူ လာသည်မှာ သူတို့အနီးရှိ လူငယ်သုံးဦးပင် ဖြစ်သည်။ လူငယ်သုံးဦးဟုသာ ဆိုရသော်လည်း တစ်ယောက်မှာ အသက်အတော်ကလေး ကြီးပုံရသည်။

အသက်လေးဆယ်နီးပါးမျှ ရှိပြီး နှုတ်ခမ်းမွေးနှင့် ဖြစ်ပေသည်။ ထိုလူက အရက်ကိုဖိသောက်နေသော လူငယ်နှစ်ဦးကို ခပ်တိုးတိုးပြောလိုက်သည်။

"ဟေ့ ... မင်းတို့ အရက်ကို အများကြီးသောက်ပြီး စကားတွေ သိပ်မပြောနဲ့ကွာ"

"ဟာ ... ကိုကြီးချောင်ကလည်းလေ စကားပြောတော့ ဘာဖြစ်သလဲ၊ ကျွန်တော်တို့က ဘယ်သူ့ ဂရုစိုက်နေရမှာလဲ"

ကိုကြီးချောင်ဟု အခေါ်ခံရသော နှုတ်ခမ်းမွေးနှင့်လူသည် ဘေးဘီသို့ တစ်ချက်အကဲခတ် ကြည့်လိုက်သည်။ သို့သော် သူတို့အား မည်သူတစ်ဦးတစ်ယောက်ကမှ အရေးထား၍ မကြည့်ကြပါ။

သူတို့အနီးတွင် ရှိနေသော အနက်ရောင်အင်္ကျီနှင့် လူနှစ်ယောက်ပင် သူတို့ကိုလုံးဝ လှည့်မကြည့်ပေ။

"ဘယ်သူ့မှ ဂရုစိုက်စရာမရှိပေမယ့် စကားအပြောအဆိုတော့ မှားကြစေနဲ့ကွာ၊ ဆရာကြီးက ကြိုက်မှာမဟုတ်ဘူး"

လူငယ်နှစ်ဦးအနက် တစ်ဦးက ခေါင်းညိတ်လိုက်၏။

"ကိုကြီးချောင်ပြောတာ မှန်တယ်၊ ဆရာကြီးက သူများနဲ့တူတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဆရာကြီးက ကျွန်တော်တို့ကို ဂရုမစိုက်အားပါဘူး။ ဒီနေ့ရောက်လာတဲ့ ငနဲကလေးနဲ့ သူ့အဖေကိုသာ ဂရုစိုက်နေတာပါ"

လူငယ်တစ်ယောက်က ထိုကဲ့သို့ပြောပြီးသည်နှင့် ကျန်သော လူငယ်ကလည်း ကိုကြီးချောင်၏အနားသို့ အနည်းငယ်တိုး၍

"ဒါနဲ့ ကိုကြီးချောင်"

"အင်း ... ပြော"

"ဒီနေ့ရောက်လာတဲ့လူငယ်က ဆရာကြီးထန်းရဲ့ သားလား။



ကျွန်တော်တို့က လူသစ်ဆိုတော့ မသိလို့ပါ ကိုကြီးချောင်ရဲ့"

ကိုကြီးချောင် ဆိုသောသူက အရက်ခွက်ကို မော့ချလိုက်သည်။ ပြီးမှ ဘေးဘီကို တစ်ချက်ကြည့်ကာ ...

"ဟုတ်တယ် ဆရာကြီးထန်းရဲ့သား စွမ်းတုကြည်ဆိုတာ သူပဲပေါ့၊ လက်နက်မဲ့သိုင်းပညာမှာတော့ တကယ်တော်တဲ့ကောင်ပဲ"

"ဟာ ကိုကြီးချောင်ကလည်း သူဘယ်လောက်ပဲ တော်တော် အခု ဘာဖြစ်သွားပြီလဲ ဟား ဟား ဟား"

"ဟာ မင်းအသံက ကျယ်လှချည်လား၊ တိုးတိုးပြောပါကွ၊ စွမ်းတုကြည်ခံလိုက်ရတာကလည်း တို့တစ်တွေက အများကြီးပဲကွ၊ လေးငါးယောက်တည်းသာဆိုရင် အသက်ဘယ်က ထွက်ရမှန်းတောင် သိမှာမဟုတ်ဘူး"

လူငယ်တစ်ယောက်က ...

"ဒါနဲ့ ကိုကြီးချောင် သူတို့သားအဖကို ဆရာကျူးက တကယ်ရှင်းတော့မှာလား"

ကိုကြီးချောင်ဆိုသူက စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်လိုက်သည်။

"အင်း ... ဆရာကျူး လိုချင်တာမပေးရင်တော့ ရှင်းပစ်မယ်နဲ့ တူတယ်"

သူတို့သုံးဦး ထိုကဲ့သို့ ပြောနေစဉ်မှာပင် အနားရှိ စားပွဲမှ အနက်ရောင်အင်္ကျီနှင့် လူနှစ်ယောက်သည် သုတ်ခနဲ ထသွားလေတော့၏။

ည သန်းခေါင်ကျော်ပြီးသည်နှင့် တိတ်ဆိတ်မှုက လွှမ်းမိုးသွားတော့၏။ မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးများက အစဉ်မပြတ် မျက်တောင်ခတ်နေ၏။

လ၏ အလင်းရောင် လုံးဝမရှိပါ။ မှောင်ပိန်းပိန်းနှင့် မထင်ရှားဖြစ်နေသော ညဝယ် တွန့်၍ လိမ်၍ သွားနေသော သဏ္ဍာန်နှစ်ခုကို တွေ့ရမည်ဖြစ်ပေသည်။

မြွေ ...။ အဆိပ်ပြင်းထန်သော မြွေတော့မဟုတ်ပါပေ။ မြက်လျှောမြွေပင် ဖြစ်သည်။ မြွေနှစ်ကောင်သည် ချုံကြို ချုံကြားမှ တွန့်၍ လိမ်၍ သွားနေသည်။

ညမှောင်မှောင်ဝယ် အမည်းရောင် မြွေနှစ်ကောင်ကို မည်သူကမှ သတိထားမိကြမည် မဟုတ်ပေ။

အမည်းရောင် မြွေနှစ်ကောင်သည် တစ်စထက်တစ်စ သွက်လက်လာသည်။

လတာပြင်ရောက်သည့်အခါ သွားလာမှုမှာ ပို၍ လျင်မြန်ပြီး ချုံရိပ်မြင်လိုက်သည်နှင့် ပြေး၍ ခိုကပ်လိုက်၏။ မြက်လျှောမြွေနှစ်ကောင်သည် တွန့်၍ လိမ်၍ သွားနေရာမှ ထန်းမုကျိုး၏ ဂေဟာ



အတွင်းသို့ ဝင်ရောက်သွားတော့သည်။

မကြာမီ မြွေတစ်ကောင်က သစ်ပင်ပေါ်သို့ တက်သွား၏။ ထိုမှတစ်ဆင့် အိမ်ခေါင်မိုးပေါ်သို့ လှမ်းကူးလိုက်လေသည်။

ကျန်သောမြက်လျှောတစ်ကောင်မှာမူ ကြီးမားသောအိမ်ကြီး၏ အမှောင်ရိပ်ဝယ် ခိုကပ်လျက် ရှိနေ၏။

ထိုမြက်လျှောမြွေနှစ်ကောင်သည် လေ့သမားဝမ်းပါနှင့် ရှောင်ရှင်းတို့မှလွဲ၍ တခြားမည်သူမှ မဖြစ်နိုင်ပါ။

□

မြွေ ... မြက်လျှောမြွေ သို့မဟုတ် မည်းမည်းအရိပ်သဏ္ဍာန်သည် ခေါင်မိုး၌ ပြားနေအောင် ဝပ်လျက်ရှိ၏။ အိပ်နေခြင်းတော့ မဟုတ်ပါ။ ခေါင်မိုးအုတ်ကြွပ်ပြားများကို စနစ်တကျ ခွာထုတ်နေခြင်းပင်ဖြစ်သည်။

ထိုအချိန်တွင် အိမ်ကြီးထဲမှ အစောင့်တစ်ဦး ထွက်လာ ၏။ ကင်းတာဝန်ကျနေသော သူတစ်ယောက်ပင် ဖြစ်သည်။

ထိုသူသည် အိမ်ရှေ့မှနေ၍ အရပ်ရှစ်မျက်နှာသို့ လှည့်ပတ်ကြည့်ပြီးမှ အိမ်ကို တစ်ပတ်ပတ်သည်။ ဈေးစပ်သေချာလွန်းသော ကင်းသမားတစ်ဦးပင် ဖြစ်၏။

ထိုသူသည် အိမ်ကြီး၏ နံဘေး၌ အလှစိုက်ထားသော ပန်းပင် ပန်းအိုးများပါမကျန် ဖြိ၍ ရှာဖွေသွား၏။ ကင်းသမားသည် အနောက်ဘက်ဆောင်သို့ ရောက်ရှိသွားသည်။

ထိုစဉ် ရုတ်တရက် ကင်းသမားမှာ ပါးစပ်မှပင် မအော်နိုင်ဘဲ လဲကျသွား၏။ အမှန်တော့ မြေပေါက်လိုက်ခြင်းပင်။ မြက်လျှောမှာ အဆိပ်မရှိပါ။

သို့သော် ဓားမြှောင်က ရင်ဝသို့ စိုက်နေ၏။ ကင်းသမား၏ အလောင်းသည် တဖြည်းဖြည်း အမှောင်ထဲသို့ ရောက်ရှိသွားသည်။ မြက်လျှောတစ်ကောင်က ချီသွားခြင်း ဖြစ်၏။

❏

အုတ်ကြွပ်နှစ်ခု လပ်သွားသည်။ သဲမှုန့်နှင့် အမှိုက်များက ရုတ်တရက် အခန်းထဲသို့ ကျလာ၏။ ထိုအခါ စွမ်းတုကြည် လန့်၍နိုးသွားသည်။

အပေါ်ကို မော့ကြည့်လိုက်သောအခါ မှိတ်တုတ်မှိတ်တုတ် ကြယ်ကို လှမ်းမြင်လိုက်ရသည်။ ခေါင်မိုးမှာ အပေါက်ကြီးဖြစ်နေ၏။ ထိုစဉ်မှာပင် အရာဝတ္ထုကြီးတစ်ခုက ထပ်မံပြုတ်ကျလာတော့၏။

စွမ်းတုကြည်က အမှောင်ထဲမှ လှမ်းမေးသည်။



"မင်း ဘယ်သူလဲ"

"မြက်လျှောဝမ်းပါ"

စွမ်းတုကြည် အံ့သြခြင်းနှင့်အတူ ဝမ်းသာသွား၏။ သူသည် အဖိုးတန်သော မိတ်ဆွေစစ် မိတ်ဆွေကောင်းနှင့် ပေါင်းမိပြီဟု စိတ်ထဲမှ မှတ်ယူထားလိုက်သည်။

ဝမ်းပါက ကြိုးများကို ဓားမြှောင်ဖြင့် ဖြတ်ထုတ်လိုက်သည်။ အနှောင်အဖွဲ့မှ လွတ်သွားသော စွမ်းတုကြည်သည် ဝမ်းပါကို လက်ဆွဲ၍ တစ်ဖက်ခန်းရှိ ဖခင်ထံသို့ ကူးသွားတော့သည်။

❏

အိမ်ကြီးအတွင်းမှ နောက် အစောင့်တစ်ယောက် ထွက်လာသည်။ ယင်းအစောင့်ကလည်း ဟိုဟိုဒီဒီ ကြည့်၍ ...

"ဟေ့ ... လိန်ဖန်း လိန်ဖန်း"

ဟု အသံခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်သည်။ ပြန်လည်၍ ထူးသံ မကြားသဖြင့် ရှေ့နားသို့ ထွက်၍ ခေါ်ပြန်သည်။

"လိန်ဖန်း ... ဒီကောင် ဘယ်ရောက်သွားပါလိမ့်"

အစောင့်သည် ပါးစပ်မှ ထိုကဲ့သို့ ညည်းတွားရင်း ခါးတွင် ချိတ်ဆွဲထားသော ဓားကိုလည်း ဆွဲထုတ်လိုက်သည်။ ထို အစောင့်၏

စိတ်ထဲတွင် လိန်ဖန်းသည် တစ်စုံတစ်ခု ဖြစ်ပြီဟု နားလည်သွားပုံရသည်။

ထို့ကြောင့် အသင့်အနေအထားဖြစ်အောင် ဓားကို ဆွဲထုတ်လိုက်ခြင်းဖြစ်ပေသည်။ ထိုအစောင့်သည်လည်း စောစောကအစောင့်လိန်ဖန်းဆိုသူကဲ့သို့ပင် အိမ်ကိုပတ်၍ ရန်သူအား ဇွေဇွေစပ်စပ် ရှာဖွေနေမိတော့သည်။

မကြာမီ အနောက်ဘက်အဆောင်သို့ ရောက်ရှိသွား၏။ မည်းမည်းသဏ္ဌာန်တစ်ခုက အစောင့်၏ နောက်မှပေါ်လာသည်။ မြေက လှမ်းပေါက်ရန် ချိန်ရွယ်လိုက်ပြီဖြစ်၏။

သို့သော် ထိုအစောင့်သည် သတိအလွန်ကြီးနေပုံရ၏။ လေတိုးသံ နားထဲ၌ ကြားသည်နှင့် တစ်ပြိုင်နက် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

နောက်သို့ လှည့်ကြည့်ပြီးသည်နှင့် တစ်ပြိုင်နက် ပါးစပ်မှလည်း ကျယ်လောင်စွာ အော်လေတော့သည်။

"ရန်သူ ရန်သူ"

ထန်းမုကျိဂေဟာတစ်ခုလုံး ပွက်လောရိုက်သွားတော့သည်။

ဆူဆူညံညံအသံနှင့်အတူ သုံးယောက်သား အချုပ်ခန်းထဲမှ ခုန်ထွက်လိုက်ကြ၏။ ထန်းမုကျို၊ စွမ်းတုကြည်နှင့် ဝမ်းပါတို့ ဖြစ်သည်။



ထန်းမုကျိုသည် စွမ်းတုကြည် တားနေသည့်ကြားကပင် လျှင်မြန်စွာဖြင့် အဆောင်တစ်ခုပေါ်သို့ ပြေးတက်သွားလေသည်။ ချက်ချင်းဆိုသလိုပင် လူတစ်စုကလည်း စွမ်းတုကြည်နှင့် ဝမ်းပါကို ဝိုင်းဝန်း၍ တိုက်ခိုက်တော့သည်။

အိမ်ကြီး၏ အပြင်ဘက်တွင်လည်း မြက်လျှောတစ်ကောင် ဖြစ်သော ရှောင်ရှမ်းသည် သိုင်းသမားခြောက်ယောက်နှင့် လုံးထွေးနေပေသည်။

စွမ်းတုကြည်သည် မိမိအား တိုက်ခိုက်နေသော သူများကို အစွမ်းကုန် ဖယ်ရှားနေ၏။ သူ၏ဆန္ဒမှာ ထန်းမုကျို တက်သွားသော အဆောင်သို့သာ လိုက်ချင်နေသည်။

ထိုအဆောင်တွင် ကျူးယားရှိရမည်။ ကျူးယား၏ သိုင်းပညာကို စွမ်းတုကြည်ကသိရှိထားသည်။ မိမိ၏ဖခင်သည် ကျူးယားအား ယှဉ်ပြိုင်နိုင်သည့်တိုင်အောင် အများနှင့်ဆိုလျှင် လွယ်မည် မဟုတ်ပေ။

ထို့ကြောင့်လည်း မိမိရှေ့မှ ရန်သူများကို တရစပ်ပင် ထိုးနှက်နေမိ၏။ ဂေဟာကြီးတစ်ခုလုံး အုတ်အုတ်သဲသဲ ဆူညံနေတော့သည်။

စွမ်းတုကြည်နှင့်အတူ တိုက်ခိုက်နေသော မြက်လျှောဝမ်းပါ၏ တိုက်ကွက်များကလည်း မိမိထင်ထားသည်ထက် ပိုမိုကောင်းမွန်

ထက်မြက်နေသည်ကို တွေ့ရသဖြင့် စွမ်းတုကြည် အားတက်နေ၏။

ဝမ်းပါသည် စွမ်းတုကြည်၏ဆန္ဒကို သိနေ၏။ ထို့ကြောင့် စွမ်းတုကြည် လမ်းပွင့်စေရန် စွမ်းတုကြည် ရှေ့မှရန်သူများကို အဓိက ထား၍ တိုက်ခိုက်ပေးသည်။

စွမ်းတုကြည်တို့နှစ်ဦးအား ရန်သူနှစ်ဆယ်ကျော်က ဝိုင်းဝန်း တိုက်ခိုက်နေသဖြင့် သိပ်ပြီးမလွယ်ကူလှပေ။ လက်နက်မဲ့ သိုင်းသမား စွမ်းတုကြည်သည် ဓါးမြှောင်များပြားသော ရန်သူကြားဝယ် လက်နက်မဲ့ တိုက်ခိုက်နေပါက ရေရှည်မလွယ်ကူမှန်း သိထား၏။

ထို့ကြောင့် မိမိအား ခက်ရင်းခွအရှည်နှင့် တိုက်ခိုက်နေသည့် ရန်သူကို သဲသဲမဲမဲ တိုက်ခိုက်သည်။ ရုတ်တရက် ခက်ရင်းခွက စွမ်းတုကြည်၏ လည်မျိုဆီသို့ ရောက်ရှိလာသည်။

စွမ်းတုကြည်က ခေါင်းငုံ့၍ ရှောင်ရင်း ခက်ရင်းခွ၏ အရိုးကို ဆောင့်ဆွဲလိုက်သည်။ ထိုအချိန်မှာပင် ရန်သူ၏ ဓါးတစ်လက်က လည်း စွမ်းတုကြည်၏ နောက်ကျောကို ချိန်ရွယ်၍ ထိုးသွင်းလိုက်တော့သည်။

"အား"

ထိုအသံကား ခက်ရင်းခွကိုင် ရန်သူ၏ အသံပင် ဖြစ်တော့သည်။ စွမ်းတုကြည်က ဆောင့်ဆွဲလိုက်သဖြင့် ခက်ရင်းခွသမား အရှိန်နှင့်လိုက်ပါလာသည်။ နောက်မှ စွမ်းတုကြည်အား ထိုးသွင်း



လိုက်သော ဓါးသည် စွမ်းတုကြည်က အသာရှောင်ပေးလိုက်သော အခါ ခက်ရင်းခွသမား၏ ရင်ညွန့်သို့ ထိုးမိသွားခြင်းပင် ဖြစ်တော့၏။

စွမ်းတုကြည်သည် အရိုးရှည်တပ်ထားသော ခက်ရင်းခွ လက်ဝယ်သို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ရှေ့မှ ရန်သူ သုံးယောက်သည် ရှေ့ဆင့်နောက်ဆင့် လဲကျကုန်တော့၏။

ထိုအခြင်းအရာကို မြင်လိုက်ရသောအခါ ဝမ်းပါမှာ အားရလွန်းသဖြင့် ခုန်ပေါက်၍ပင် ဩဘာပေးလိုက်သေးသည်။

စွမ်းတုကြည်သည် နောက်ထပ်နှစ်ယောက်ကို လှဲသိပ်ပြီးသည်နှင့် ထန်းမုက်ျတက်သွားသော အဆောင်ဆီသို့ ပြေးတက်သွားတော့၏။

❑

အိမ်ပြင်ဘက်မှ ရှောင်ရှင်းတစ်ယောက် အကျပ်အတည်း ရင်ဆိုင်နေရသည်။ ရှောင်ရှင်းသည် သွက်လက်ဖျတ်လတ်၏။ သို့သော် ရင်ဆိုင်နေရသည့် ရန်သူများကလည်း သိပ်ပြီး မခေလှပါ။

ကိုယ်နေရာမှ စိတ်ကြိုက်နေရာကို မှားခေါ်၍ တိုက်ခိုက်သည်။ အိမ်ကြီး၏အရှေ့ဘက်တွင် မီးတိုင်ကြီးတစ်ခု ထွန်းညှိထားသည်။

ရှောင်ရှင်း အကြံရလိုက်သည်။ ထို့ကြောင့် သူသည် မီးတိုင်ရှိရာသို့ ပြေးသွားကာ ဆွဲယူလိုက်သည်။ မီးတိုင်က အားကောင်းနေဆဲ ဖြစ်သည်။

ရှောင်ရှင်းသည် မီးတိုင်တစ်ဖက် ဓားတစ်ဖက်ဖြင့် တိုက်ခိုက်သောအခါ ရန်သူမှာ အနည်းငယ် ရှုံသွား၏။ သို့သော် ရှောင်ရှင်းကဲ့သို့ပင် ရန်သူနှစ်ယောက်ကလည်း မီးတုတ်များကို ကောက်ကိုင်၍ ဝင်လာသည်။

ရှောင်ရှင်းက အိမ်ခန်းမထဲသို့ ခုန်ဝင်လိုက်၏။ ရည်ရွယ်ချက်မှာ ဝမ်းပါတို့နှင့် လက်တွဲပြီး တိုက်ခိုက်မည်ဟူသော သဘောပင် ဖြစ်၏။

ရန်သူတစ်ယောက်၏ဓားက ရုတ်တရက် ရှောင်ရှင်း၏ ခေါင်းပေါ်မှ ဆင်းလာသည်။ ရှောင်ရှင်းက မီးတုတ်ကိုင်ထားသော လက်ဖြင့် ဆီး၍ခံလိုက်ရာ မီးတုတ်မှာ ထက်ပိုင်းပြတ်၍ လွင့်သွားသည်။

ထိုမီးတုတ်သည် ပိုးဖဲလိုက်ကာကြီးအနီးသို့ သွားကျ၏။ ထိုမှတစ်ဆင့် လိုက်ကာကြီးကို မီးစွဲလောင်သောအခါ အိမ်ကြီးတစ်ခုလုံး ထိန်လင်းသွားလေတော့သည်။

❑



ကျူးယားက သူ၏ ကြီးမားသော ယပ်တောင်နှင့် ထန်းမုကျိုကို ခုတ်ချ၏။ ထန်းမုကျိုက နောက်သို့ အသာခုန်၍ ဆုတ်လိုက်သည်။ သို့သော် ကျူးယားက ပြေး၍ ကန်ထည့်လိုက်သည်။

'ဖုန်း'

ထန်းမုကျိုမှာ နောက်သို့ ယိမ်းယိုင်သွားပြန်သည်။ အမှန်တော့ ထန်းမုကျိုသည် ကျူးယား၏ သိုင်းပညာကို နည်းနည်းကလေးမှ မမှုချေ။ ထန်းမုကျိုအတွက် မှားသွားခြင်းသာ ဖြစ်သည်။

မိမိအား အစာရေစာ ဝလင်အောင်မကျွေးဘဲ ထားသည်မှာ သုံးရက်ရှိပြီး နှိပ်စက်ထားသဖြင့် အားအင်များ ကုန်ဆုံးနေသည်ကို သတိမထားမိခြင်းပင်။

ထန်းမုကျိုသည် အံကိုကြိတ်၍ လက်ထဲမှဓားဖြင့် ကျူးယားထံသို့ ပြေးလွှားဝှေ့ယမ်းပြန်သည်။

ကျူးယားသည် လက်မောင်းရင်း တွင်ဆောင်ထားသော ဓားပြားကလေးကို ရုတ်တရက်ဆွဲနုတ်၍ လျှင်မြန်စွာ ပစ်ပေါက်လိုက်သည်။

"အား"

ထန်းမုကျို၏ရင်ဝသို့ ဓားကလေး တန်းတန်းမတ်မတ် ဝင်သွားသည်။

ထိုအချိန်မှာပင် မီးခိုးလုံးကြီးများက တက်လာ၏။

❑

ကျူးယားတ်၏ အခန်းထဲသို့ စွမ်းတုကြည် ခုန်၍ ဝင်လိုက်၏။

သို့သော် မိမိနောက်ကျသွားမှန်း ချက်ချင်းပင်သိလိုက်၏။ ဖခင်မှာ ရင်ဝကိုဖိလျက် ရှုံ့မဲ့နေ၏။

စွမ်းတုကြည်သည် ကျူးယားကို ရင်ဆိုင်လိုက်သည်။ ကျူးယားက ယပ်တောင်ကြီးကို အကာအကွယ်ယူ၍ စွမ်းတုကြည်ကို တိုက်ခိုက်၏။

'ဖုန်း … ဖုန်း … ဖုန်း'

စွမ်းတုကြည် သုံးလေးချက်မျှ အလူးအလိမ့် ခံလိုက်ရ၏။

သို့သော် … မကြာပါ။

စွမ်းတုကြည်၏တိုက်ကွက်များသည် ကျူးယား၏မျက်လုံးများကို ပြာဝေသွားစေတော့၏။

ကျူးယားသည် ဒုတိယဓားကို လက်မောင်းရင်းမှ ဆွဲထုတ်ပြန်၏။ စွမ်းတုကြည် မျက်စိကို လုံးဝအလစ်မပေးပါ။ ဓားပါးကလေး ပြေးဝင်လာသည်။

စွမ်းတုကြည်က လှလှပပရှောင်တိမ်းရင်း ကျူးယား၏



လည်ကုပ်ဆီသို့ ချိန်ရွယ်၍ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

'ဖျန်း'

ခနဲ မြည်သွားသည်။

ယပ်တောင်ကြီးသာမကာယ်လျှင် ကျူးယားထနိုင်တော့မည်မဟုတ်ပေ။ ကျူးယားအမှန်ပင် မျက်လုံးဝိုင်းသွားသည်။

ဧယ်ဆက်သကဲ့သို့ ဆက်ကာ ဆက်ကာ ဝင်လာသော စွမ်းတုကြည်၏ ခြေလက်များကို သူ၏ ယပ်တောင်သည် ကြာရှည်စွာမကာကွယ်နိုင်တော့မှန်း ရိပ်စားမိလာသည့်အပြင် အောက်မှ လောင်ကျွမ်းသောမီးများသည် အပေါ်သို့ အဆမတန် ကူးစက်လာပြီဖြစ်၍ ကျူးယား အခန်းပြင်သို့ ခုန်ထွက်သွား၏။

ကြီးမားသော မီးညွန့်ကြီး အခန်းတွင်းသို့ လုံးဝင်လာသည်။

စွမ်းတုကြည်သည် ထန်းမုကျိုအား ပခုံးပေါ်တင်၍ မီးညွန့်ကိုဖြတ်ကျော်ကာ ခဲရာခဲဆစ်ပင် အောက်ထပ်သို့ ပြေးဆင်းခဲ့ရလေသည်။

မီးတောက်မီးလျှံကြီးကြောင့် ရွာသူရွာသားများပါ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့၏။ တချို့က မီးငြိမ်းသတ်ရန်အတွက် ရောက်ရှိလာကြ၏။

ရှောင်ရှင်းဒဏ်ရာရရှိသွားသည်ကို မြင်ရသည်နှင့် ဝမ်းပါသည် တစ်နေရာသို့ ခေါ်ထုတ်သွား၏။

ထန်းမုက္ချိဂေဟာမှ လူများနှင့် ရွာသူရွာသားတို့ လုံးထွေး ကုန်ကြသည်။

ထိုအခါ တိုက်ခိုက်မှုများသည်လည်း ရပ်တန့်သွား၍ မီးကို သာ အာရုံပြုကြကုန်၏။

ထိုမီးလျှံများကြားကပင် စွမ်းတုကြည်သည် ထန်းမုက္ချိကို ထမ်းလျက် ပြေးထွက်လာ၏။

"စွမ်းတုကြည် ဒီကိုလာ"

တစ်နေရာမှ ခေါ်သံကြောင့် စွမ်းတုကြည် ရပ်ကြည့်လိုက် သည်။ မှောင်ရိပ်တစ်ခုမှနေ၍ ဝမ်းပါက ခေါ်လိုက်ခြင်းဖြစ်၏။

စွမ်းတုကြည်သည် ဝမ်းပါခေါ်ရာဘက်သို့ ဝင်သွား၏။ သူတို့ ကြာရှည်စကားမပြောနိုင်ပါ။ မြစ်ဆိပ်ဆီသို့ အားသွန်၍ ပြေး လေသည်။

တစ်နေရာအရောက်တွင် ...

"သား ... သားလေး ... အဖေ့ကို အောက်ခဏချပါ"

ထန်းမုက္ချိမှာ အတော်ပင် မောဟိုက်နေ၏။ မျက်နှာတစ်ခု လုံး သွေး လုံးဝမရှိတော့ပေ။

စွမ်းတုကြည်သည် အသာအယာချ၍ ဖခင်၏မျက်နှာကို ကြည့်လိုက်သည်။

"မင်းတို့ ... မင်းတို့ ခပ်မြန်မြန် သွားကြပါ။ အဖေ့ကိုထားခဲ့



"ဟာ ... မဟုတ်တာဘဲ အဖေရယ်၊ အဖေ ဘာမှမဖြစ်စေရ ဘူး။ ကျွန်တော် ဟိုကျွန်းမြို့ကို ရောက်အောင် ခေါ်သွားမယ်"

ထန်းမုက္ချိက ခေါင်းခါယမ်းလိုက်သည်။

"ငါ့ဝေဒနာ ငါသိပါတယ်၊ ငါပြောတာကိုသာ သေသေချာ ချာ နားထောင်စမ်းပါ"

"ကျွန်တော် နားထောင်နေပါတယ် အဖေ"

ဝေဒနာက ပြင်းထန်လွန်း၍ ထန်းမုက္ချိ ရှုံ့မဲ့လိုက်သည်။ အတော်ကလေး အမောပြေမှ လေသံသဲ့သဲ့ဖြင့် ...

"ကျူးယားပြောတာ မှန်ပါတယ်၊ မင်းဟာ ငါ့သားအရင်း မဟုတ်ဘူးကွယ့်၊ ဒါပေမဲ့ မင်းအဖေအရင်းဟာ ဘယ်သူဆိုတာလဲ ငါမသိဘူး၊ မင်းအမေရဲ့နာမည်ကတော့ လွှေပိုးလို့ ခေါ်တယ်"

စွမ်းတုကြည်မှာ ဖခင်ပြောသည်ကို စိတ်ထဲမှ မှတ်သားနေ ရသော်လည်း မျက်ရည်များကို မဆည်နိုင်အောင် စီးကျနေ၏။

"ရော့ ဒါ မင်းရဲ့ပစ္စည်းပဲ"

ထန်းမုက္ချိသည် အထုပ်ကလေးတစ်ခုကို စွမ်းတုကြည်အား ပေးလိုက်၏။ စွမ်းတုကြည်က သိမ်းထားလိုက်၏။

"အဖေရယ် ... ဒါတွေ ပြောမနေပါနဲ့တော့၊ ကျွန်တော် ခေါ် သွားပါရစေ"

"ငါ ... ငါအချိန်သိပ်မရှိဘူး။ နားထောင်စမ်း ... မင်းရဲ့ဆရာ

ကြီးရှိကို မေးပါ ... ရသေ့ကြီး ပုရှိးရီ ... အဲဒီရသေ့ကြီးဆီမှာ မြေပုံ”

ထန်းမုကျိစကားကို ဆုံးအောင်မပြောနိုင်တော့ပါ။ ခက် ကျိုး၍ ငြိမ်ကျသွားတော့၏။

ဇွမ်းတုကြည်၏ ငိုရှိုက်သံက သဲ့သဲ့မျှ ပေါ်ထွက်လာ၏။

❑ ❑ ❑



## အခန်း ( ၈ )

### မေတ္တာမျှ

လှေကလေးက တငြိမ့်ငြိမ့် ပြေးလွှားနေသည်။ လှော်ခတ်သူမှာ သုံးယောက်ဖြစ်သဖြင့် ပို၍ မြန်ဆန်လှပေသည်။

ဝမ်းပါတို့နှင့်အတူ ဇွမ်းတုကြည်ကပါ လှော်ခတ်နေခြင်း ဖြစ်သည်။

ဇွမ်းတုကြည် စိတ်ထိခိုက်နေမှန်းသိ၍ ဝမ်းပါတို့ကလည်း ဘာစကားမှ မပြောပေ။ သို့သော် ဝမ်းပါတို့အနေနှင့် ဇွမ်းတုကြည်ကို စဉ်းစား၍ မရသော လူတစ်ယောက်ဖြစ်နေသည်။

မွေးစားဖခင်မှာ ဓားပြခေါင်းဆောင်ဖြစ်ပါလျက် သားဖြစ်သူက ဓားပြများကို နှိမ်နင်းသော လူတစ်ယောက် ဖြစ်နေသော ကြောင့်ပင်။

ဝမ်းပါနှင့် ရှောင်ရှင်းတို့သည် ဟိုကျန်းဆိပ်ကမ်းမှာ တွေ့ စဉ်ကသာ ဇွမ်းတုကြည်၏ စိတ်ထားကို မသိသေးဘဲ ထန်းမုကျိ၏

မွေးစားသားအဖြစ် သိရပါလျှင် သူတို့အားလုံးကပင် လိုက်ပို့မည့်သူ မဟုတ်ပေ။

ယခုတော့ စွမ်းတုကြည်မှာ ခင်မင်လေးစားစရာ ကောင်းသော လူငယ်တစ်ယောက် ဖြစ်ရုံသာမက သူ၏ဘဝကိုပါ သိလိုက်ရသဖြင့် ဝမ်းပါတို့နှစ်ဦးလည်း စိတ်မကောင်းခြင်းများစွာဖြစ်လျက် နေကြသည်။

ဝမ်းပါသည် စွမ်းတုကြည်အား အကဲခတ်ကြည့်နေမိ၏။ သေသေချာချာကြည့်မှ စွမ်းတုကြည်သည် ရုပ်ရည်ချောမောပြီး ကိုယ်ကာယ သန်မာထွားကျိုင်းသော လူငယ်တစ်ဦး ဖြစ်မှန်း သိရလေသည်။

သာမန်မျက်စိဖြင့် ကြည့်လျှင် စွမ်းတုကြည်အား မည်သူတစ်ဦးတစ်ယောက်ကမှ အထင်ကြီးစွာ ဆက်ဆံကြမည် မဟုတ်ပါပေ။ အဝတ်အစားကို ဖြတ်ကတတ်ဆန်း ဝတ်စားထား၏။

နေပုံထိုင်ပုံ သွားပုံလာပုံများက သိမ်မွေ့သည်။ ဟိတ်နှင့်ဟန်နှင့် မောက်မာသောသွင်ပြင်လက္ခဏာမျိုး လုံးဝမတွေ့ရ။ ထိုအချက်များကပင် လေးစားစရာ ကောင်းနေပေသည်။

ဝို၍ ချစ်စရာ လေးစားစရာကောင်းသောအချက်မှာ မည်သူ့အပေါ်မှ ဒေါသစိတ်မထားဘဲ ပြုံးရွှင်ဖော်ရွေစွာ ပြောဆိုတတ်သော အချက်ပင် ဖြစ်သည်။



ဤကဲ့သို့သော သူသည် ရန်သူနှင့်တွေ့သောအခါ ကျားဆိုးတစ်ကောင်ကဲ့သို့ ဝှေ့ယမ်းကိုင်ပေါက်လိုက်သည်မှာ မှက်ဝါးထင်ထင်တွေ့မြင်လိုက်ရသော ဝမ်းပါအဖို့ ကြက်သီးများပင် ထသွားရသည်။

ဝမ်းပါသည် စွမ်းတုကြည်၏ တိုက်ရည်ခိုက်ရည်ကို သေချာစွာ မှတ်သားထားမိသည်။ လက်နက်မဲ့ တိုက်ခိုက်သည့်နေရာတွင် ပြိုင်စံရှားသကဲ့သို့ လက်နက်ကိုင်၍ တိုက်ခိုက်သောအကွက်များက ရန်သူများ အနားသို့ပင် မသိရဲအောင် ဖြစ်သွားသည်ကိုလည်း တွေ့မြင်လိုက်ရသေးသည်။

ဝမ်းပါ၏ စိတ်ထဲ၌ ...

"ဤလူငယ်ကလေးရဲ့ လက်ရုံးရည်နဲ့ နှလုံးရည်ဟာ သိုင်းလောကကို လွှမ်းမိုးနိုင်တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်လာမှာပဲ" ဟု မှတ်ချက်ချမိလိုက်တော့သည်။

❑

စွမ်းတုကြည်သည် လှေကို အားသွန်ခွန်စိုက် လှော်ခတ်ရင်းမှ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားတွေးတောနေပုံရသည်။

ဝမ်းပါနှင့်ရှောင်ရှင်းတို့၏ စိတ်ထဲတွင် သူ့ဘဝ၊ သူ့မိဘ

အကြောင်း တွေးတောနေလိမ့်မည်ဟုသာ ထင်ထားလိုက်သည်။ တိတ်ဆိတ်လွန်းသော ပတ်ဝန်းကျင်ကို စွမ်းတုကြည်ကပင် ဖြိုခွင်းလိုက်သည်။

"အစ်ကိုတို့ ဘာတွေ စဉ်းစားနေကြတာလဲ"

ဝမ်းပါက ဖြူးလိုက်သည်။

"စဉ်းစားနေတာ အစ်ကိုတို့ မဟုတ်ပါဘူး၊ မင်းပဲ ဖြစ်ပါလိမ့်မယ် စွမ်းတုကြည်ရယ်"

စွမ်းတုကြည်က အသံထွက်အောင် ရယ်မောလိုက်သည်။

"ဟုတ်တယ်ဗျ ... ကျွန်တော်ဟာ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ လူတစ်ယောက်ပါ။ တစ်ခါတလေတော့လည်း ဘဝရှေ့ရေးက စဉ်းစားတွေးတောစရာတွေ ဖြစ်လာတယ်ဗျာ"

ရှောင်ရှင်းက ခေါင်းညိတ်လိုက်၏။

"တို့ ကိုယ်ချင်းစာပါတယ်ကွာ"

"အထူးသဖြင့် ကျွန်တော့်ရဲ့ ဘဝရှေ့ရေးထက် တိုင်းပြည်နဲ့ လူမျိုးရဲ့အရေးကို ပိုပြီး စဉ်းစားနေမိတာ အမှန်ပဲ"

ဝမ်းပါတို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလျက်သား ဖြစ်သွားတော့၏။

❑



တကယ်ဆိုလျှင် ဝမ်းပါနှင့်ရှောင်ရှင်းသည် စွမ်းတုကြည်ထက် အသက်ကြီးသူများဖြစ်၏။

စွမ်းတုကြည်သည် အလွန်ဆုံးရှိလှမှ ဆယ့်ခုနစ် ဆယ့်ရှစ်၊ သူတို့နှစ်ဦးက သုံးဆယ်နီးနေပြီ ဖြစ်သည်။

အမှန်ကိုဝန်ခံရလျှင် သူတို့နှစ်ယောက်စလုံး တစ်ခါမှ တိုင်းပြည်နှင့်လူမျိုးအတွက် တည့်တည့်ပြီးမစဉ်းစားမိခဲ့သေးပေ။

"ကျွန်တော့်ကို ကြီးကျယ်တယ်လို့များ ထင်နေသလားဗျာ"

ဝမ်းပါက ဟုပျာသလဲ လက်ကာပြလိုက်သည်။

"ဟာ မထင်ပါဘူးကွာ၊ တို့နည်းနည်းတော့ ရှက်သွားတယ်"

စွမ်းတုကြည် အံ့ဩသလို ဆတ်ခနဲ ပြန်ကြည့်၍ ...

"ဘာဖြစ်လို့လဲဗျ"

"ဒီအသက် ဒီအရွယ်အထိ တစ်ခါမှ တိုင်းပြည်နဲ့လူမျိုးအတွက် မစဉ်းစားမိသေးလို့"

ဝမ်းပါက ခပ်တည်တည်ပြောသော်လည်း စွမ်းတုကြည်က ရယ်မောလိုက်လေသည်။

"ဒါ ရှက်စရာမဟုတ်ပါဘူး ... တချို့ ခေါင်းဖြူစွယ်ကျိုးတွေတောင် တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုတာ ဘာမှန်းမသိသေးဘူး"

ဝမ်းပါတို့နှစ်ဦးစလုံး ငြိမ်သက်စွာ နားစိုက်ထောင်နေလေသည်။

"ခုဆိုရင် ကျွန်တော်တို့ တရုတ်ပြည်ကြီးဟာ ရှုပ်ထွေးပွေလီနေတာပဲ"

ရှောင်ရှင်းက ဝင်၍ ...

"ဟုတ်တယ်ကွ ... ရှုပ်ယှက်ခတ်နေတာတော့ အမှန်ပဲ၊ တောင်ပိုင်းထက်ကို ငါတို့မြောက်ပိုင်းက ပိုဆိုးသေးတယ်၊ ဒါပေမဲ့ ဘာတွေ ဘယ်လိုရှုပ်နေတယ်ဆိုတာတော့ သေသေချာချာ မပြောတတ်ဘူး"

စွမ်းတုကြည်က ပြုံးလိုက်သည်။

"ကျွန်တော့်ကိုလည်း သိပ်အထင်မကြီးပါနဲ့၊ ကျွန်တော့်ဆရာကြီး သွန်သင်ဆုံးမပြောကြားသလောက်ဘဲ နားလည်ပါဟယ်၊ အခုလို လက်တွေ့နဲ့ပေါင်းစပ်လိုက်တဲ့အခါကျတော့လည်း တဖြည်းဖြည်း နားလည်သဘောပေါက်လာတာပါပဲ အစ်ကို"

"အင်း ... ငါညီလို ဆရာကောင်းသမားကောင်းနဲ့ အစ်ကိုတို့ မတွေ့ခဲ့ရတာ နာတာပဲ"

ဝမ်းပါက ပြောလိုက်ခြင်းဖြစ်ပေသည်။

"တစ်နေ့ တွေ့လာမှာပေါ့ အစ်ကိုရယ်၊ အခု လောလောဆယ်တော့ ကျွန်တော်ဟာ မေတ္တာရှာတစ်ရွာကို တည်ဆောက်နေတဲ့



လူတစ်ယောက်ပါ"

"ဘာ ... ဘယ်လို ဘယ်လို ... မေတ္တာရွာ ... ဟုတ်လား"

စွမ်းတုကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... မေတ္တာရွာပါ"

❑

စွမ်းတုကြည်က အကြမ်းဖျင်းအားဖြင့် ရှင်းပြသည်။

"ဒီလိုပါ အစ်ကိုတို့ရယ် ... မေတ္တာသမားတစ်ဦးဟာ သူနဲ့လိုက်ဖက်မယ့် မေတ္တာသမားများကို လိုက်ရှာရမှာပဲ၊ မေတ္တာသမားတွေ များလာတဲ့အခါမှာ ရွာတည်လိုက်တော့ အဲဒီရွာဟာ မေတ္တာရွာဖြစ်သွားရောပေါ့၊ မေတ္တာရွာတွေ များလာပြန်တော့လည်း မေတ္တာမြို့ကြီး ဖြစ်လာလိမ့်မှာပေါ့၊ အဲဒီကမှ တစ်ဆင့် မေတ္တာမြို့တွေပေါများလာရင် ရှုပ်ပွေတဲ့ ဒုစရိုက်လောကကြီးဟာ အလိုလို ကွယ်ပျောက်သွားမှာပေါ့ မဟုတ်ဘူးလား"

ဝမ်းပါ သဘောပေါက်သွားလေသည်။

"သြော် ... လက်စသတ်တော့ ငါညီက မေတ္တာတားတတ်တဲ့ သိုင်းသမားတွေကို လိုက်ရှာနေတာကိုး"

"လိုရင်းကတော့ အဲဒါပါပဲဗျာ၊ ဒုစရိုက်ပေါများတဲ့ လောက

ကြီးကို မေတ္တာတရား လက်ကိုင်ထားတဲ့လူတွေ ပေါများအောင် ဖန်တီးလိုက်ရင် လောကကြီးဟာ သာယာလာမှာပဲ မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ... ငါ့ညီပြောတာ မှန်တယ်၊ တို့တိုင်းပြည်မှာရှိနေတဲ့ ဒုစရိုက်သမား အမျိုးယုတ်သစ္စာဖောက်တွေကို ဖယ်ရှားပစ်ဖို့ဆိုတာ မှန်ကန်တဲ့ရည်ရွယ်ချက်တစ်ခုပဲ"

ရှောင်ရှင်းက အားပါးတရ ထောက်ခံပြောဆိုလိုက်သည်။

ဝမ်းပါက ဝမ်းသာအားရဖြင့် ...

"တို့နှစ်ယောက်ကိုလည်း မေတ္တာရှာသားအဖြစ် အသိအမှတ် မပြုနိုင်ဘူးလားကွာ"

ဟု မေးလိုက်လေသည်။

စွမ်းတုကြည်က လက်ထဲတွင် လှော်တက်ကိုချကာ ညာလက်ကို လက်သီးဆုပ်လိုက်၏။ ပြီးမှ လက်မတစ်ချောင်းတည်းကို ကော့နေအောင်ထောင်၍ အနည်းငယ် လှုပ်ယမ်းပြလိုက်သည်။

ဝမ်းပါနှင့် ရှောင်ရှားကလည်း ထိုနည်းတူစွာ ပြုလုပ်လိုက်ရာ ထိုသင်္ကေတသည် အလိုလို မေတ္တာရှာသားအဖြစ် အသိအမှတ်ပြုသော သင်္ကေတဖြစ်သွားလေတော့သည်။

❑



စွမ်းတုကြည်သည် မိတ်ကောင်းဆွေကောင်းနှစ်ဦးကို တွေ့လိုက်ရပြီဖြစ်၍ အတော်ကလေး ဝမ်းသာသွားပုံရသည်။

"လောကမှာ ရေများရင် ရေကနိုင်ပြီး မီးများရင် မီးကနိုင်တယ်၊ သဘောကတော့ လူဆိုးများရင် လောကကြီးကို လူဆိုးတွေလွှမ်းမိုးသွားမှာပဲ၊ အဲ လူကောင်းများရင်တော့ လောကကြီးလည်း သာယာလာမှာပဲ၊ ငါတပည့် လူကောင်းသူကောင်းများများရအောင် ရှာကြပေါ့ကွာ"

ဆရာကြီးချီ၏စကားက နားထဲသို့ ဝင်လာသည်။ ယခုသူသည် ဆရာကြီးချီ၏ စကားအတိုင်း လူကောင်းသူကောင်းများကို စတင်ရှာဖွေနေပြီ မဟုတ်ပါလား။

"ဩော် ... ဒါထက် အစ်ကိုဝမ်း အစ်ကိုတို့နှစ်ယောက်က ကျွန်တော် အဖမ်းခံနေရမှန်း ဘယ်လိုလုပ်ပြီးသိလာကြတာလဲ"

ဝမ်းပါက ရှင်းပြသည်။

"တို့တစ်တွေ မင်းရဲ့သတင်းကို အရက်ဆိုင်တစ်ဆိုင်က ကြားလိုက်ရတာပဲကွ၊ ဒါနဲ့ နည်းနည်းပါးပါး ဆက်လက်စုံစမ်းပြီး လိုက်လာတာပဲ"

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ အစ်ကိုတို့သာ လိုက်မလာရင် ကျွန်တော့်ကံကြမ္မာဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာ အမှန်ပဲ"

ဝမ်းပါက ဘာမှအရေးမကြီးသကဲ့သို့ ရယ်မောကာ ...

"ဒါလောက်ကလေးနဲ့ ကျေးဇူးတင်ဖို့ မလိုသေးပါဘူးကွာ၊ မင်းလိုလူမျိုးတစ်ယောက်ကို အကူအညီပေးခွင့် ရလိုက်တာကိုပဲ တို့က ဝမ်းသာနေမိတာပါ"

စွမ်းတုကြည်က မည်သည့်စကားမှ ဆက်၍မပြောတော့ပါ။ ထို့ပြင် စွမ်းတုကြည်သည် သူ၏ ကိုယ်ရေးကိုယ်တာဖြစ်သော ထန်းမုကျို သေဆုံးရသည့်ကိစ္စ၊ မိဘအရင်း မည်သူမည်ဝါမှန်း မသိရသေးသည့်ကိစ္စများကို ယခုအချိန်အထိ လုံးဝ ဆက်မပြောပေ။

ဝမ်းပါတို့ကလည်း စွမ်းတုကြည်၏ ကိုယ်ရေးကိုယ်တာကိစ္စများကို လုံးဝမမေးပါ။ သူတို့သည် လှေကလေးကို အားသွန်ခွန်စိုက် လှော်ခတ်ခဲ့ကြရာ ဟိုကျန်းမြို့ ဆိပ်ကမ်းကိုပင် လှမ်း၍ မြင်နေရပြီဖြစ်တော့သည်။

ဟိုကျန်းမြို့ဆိပ်ကမ်းက ဘာမှမထူးခြား။ မနေ့တစ်နေ့က အတိုင်းပင် စည်ကားမြဲ စည်ကားလျက်ရှိ၏။

စွမ်းတုကြည်က မြက်လှျောနှစ်ကောင်နှင့် နှုတ်ဆက်စကားပြောနေသည်။

မိမိတို့ ရှေ့လျှောက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တွေ့ဆုံရမည့် နေရာဒေသများကို သတ်မှတ်ပြောကြားပြီးသည်နှင့် ကမ်းပါးပေါ်သို့ တက်လာသည်။



ထိုအခါ စွမ်းတုကြည်က မိမိအား စွန်တွေ့ချင်နေသော လူတစ်ဦးကို လှမ်းမြင်လိုက်သဖြင့် အပြေးကလေး လိုက်သွားသည်။ အသက်အရွယ် ကြီးပြီဖြစ်သော အဘိုးအိုတစ်ယောက်ပင်။

"အဘ ... ခဏနေပါဦး"

စွမ်းတုကြည်က လှမ်းခေါ်လိုက်သဖြင့် ရှေ့မှ ခပ်သုတ်သုတ် သွားနေသော အဘိုးအိုက လှည့်ကြည့်လိုက်၏။ ထို့နောက် အဘိုးအို၏ မျက်နှာမှာ ပြုံးရွှင်သွားသည်ကို တွေ့လိုက်ရသည်။

"ကျွန်တော် အဘကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ မေးစရာလေး တစ်ခုရှိလို့ပါ"

"အေး ... အဘကလည်း မင်းကို လိုက်ရှာနေတာပါ"

စွမ်းတုကြည်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ကျွန်တော့်ကို လိုက်ရှာနေတာ ... ဟုတ်လား၊ ဘာကိစ္စလဲ အဘ"

"မင်းကကော ငါ့ကို တွေ့ချင်တာ ဘာကိစ္စလဲ"

စွမ်းတုကြည်က အဘိုးအိုကို တစ်ချက်ကြည့်လိုက်၏။

"ဟိုတစ်လောက ဟိုပေမြို့မှာ ကျွန်တော့်ကို အဘ စာတစ်စောင်လာပေးတယ် မဟုတ်လား၊ အဲဒီစာကို ဘယ်သူက ပေးခိုင်းတယ်ဆိုတာ ကျွန်တော် တိတိကျကျ သိချင်လို့ပါ"

အဘိုးအိုသည် သူ၏ဖြူဖွေးနေသော မုတ်ဆိတ်မွေးတိုတို

ကလေးများကို စမ်းသပ်ရင်းမှ …

"ကျုပ်က မင်းကို လိုက်ရှာနေတာလဲ အဲဒီကိစ္စပဲ"

"ပြောပါဦး အဘ"

"အဲဒီ စာပေးနိုင်းတဲ့လူက မင်းကို သိပ်တွေ့ချင်နေတယ်"

"သူက ဘယ်မှာရှိသလဲ"

"ပန်းသုံးပွင့် စားတော်ဆက်"

ထိုသို့ပြောပြီးသည်နှင့် အဘိုးအိုသည် ခပ်သုတ်သုတ် ထွက်သွားတော့သည်။

❑

ထိုအဘိုးအိုသည် ဟိုပေမြို့တွင် စွမ်းတုကြည်အား စာတစ်စောင် လာပေးသော အဘိုးအို ဖြစ်သည်။ စာမှာ မြို့စားကြီးကျုဖုန်းအား သတ်ပေးရမည့်စာ ဖြစ်သည်။

ထိုစာကို ပေးစဉ်က မိမိ၏ဖခင် ထန်းမုကျိုက ပေးနိုင်းသည်သဘောမျိုးဖြင့် ပေးလိုက်သည်။ ပေးပြန်တော့လည်း လျှို့ဝှက်စွာပေးခြင်းမဟုတ်ဘဲ လူသူရှေ့မှာ လာရောက်ပေးသဖြင့် မြို့တော်ထောက်လှမ်းရေးသမားများက မြင်တွေ့ကာ မြို့စားကြီးကျုဖုန်း၏ အဖမ်းအဆီးကို ခံလိုက်ရခြင်း ဖြစ်သည်။



အသတ်ခံရမည့်ဆဲဆဲ လာရောက်ကယ်တင်သွားသူမှာ ဘီလူးမားကိုဏ်းမှ ဖြစ်နေသဖြင့် စွမ်းတုကြည် အတော်ပင် စဉ်းစားရခက်ခဲပေသည်။

ယင်းကိစ္စကို မိမိ၏ဖခင်အားမေးမည်ဟု နဂါးကျွန်းသို့ သွားရောက်ခဲ့ရာ ဖခင်သာ သေဆုံးသွားခဲ့သည်အထိ ထိုကိစ္စကို မမေးဖြစ်ခဲ့ပေ။

ယခု ထိုအဘိုးအိုနှင့် တွေ့ဆုံရသောအခါ သဲလွန်စရလာသည်။

စာပေးနိုင်းသည့်သူသည် ပန်းသုံးပွင့်စားတော်ဆက်၌ ရှိသည်ဟု ကြားရသည့်အပြင် မိမိအား တွေ့ချင်သည်ဟု ပြောသောအခါ စွမ်းတုကြည်မှာ ရောကနံ့အသင့် ကြာအသင့်ဖြစ်သွားလေသည်။

သူ့ဘဝကို ရှုပ်ထွေးအောင်ဖန်တီးသူမှာ ဤသူပင် ဖြစ်ရမည်ဟုလည်း တစ်ထစ်ချ ယုံကြည်လိုက်သည်။

ထို့ကြောင့် စွမ်းတုကြည်သည် ပန်းသုံးပွင့်စားတော်ဆက်သို့ ခြေဦးလှည့်လိုက်လေ၏။

❑

ပန်းသုံးပွင့် …။

အလွန်လှပသော နှင်းဆီပန်းသုံးပွင့်ကို ပုံဖော်၍ ခံညား သော စာလုံးကြီးများဖြင့် ခြယ်သထားသော ဆိုင်းဘုတ်ကို အဝေးမှ ပင် မြင်တွေ့လိုက်ရသည်။

ဟိုကျန်းမြို့ မင်းလမ်းမကြီး တစ်နေရာတွင်ရှိပြီး ခံညား ထည်ဝါသလောက် စားသောက်သူအလွန်နည်းသည့် ဆိုင်ကြီး တစ် ဆိုင်ပင်။

စွမ်းတုကြည် ဝင်ရောက်သွားသည့်အချိန်တွင် ဆိုင်ထိုင် သည် ကောင်တာ၌ ငိုက်မျဉ်းနေ၏။ စားပွဲများ မြောက်မြားစွာ ခင်း ကျင်းထားသော်လည်း စားသောက်သူက မရှိသလောက်ပင်။

စွမ်းတုကြည်က ကောင်တာဆီသို့ လျှောက်သွားသည်။ ဆိုင်ထိုင်သည် သူ၏ ငိုက်မျဉ်းနေသောမျက်လုံးကို အားယူ၍ ဖွင့် လိုက်၏။

"ဘာအလိုရှိပါသလဲ ... တည်းခိုခန်းလား"

"မဟုတ်ပါဘူး ... ကျွန်တော် လူတစ်ယောက်နဲ့ တွေ့ချင်လို့ ပါ"

"ဘယ်သူ့ကိုလဲ"

အဲဒါမှ အခက်။ စွမ်းတုကြည် ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။

အဘိုးအိုက ပန်းသုံးပွင့်သွားဖို့သာ ပြောသွား၏။ မည်သူ မည်ဝါဟူ၍ မိမိကလည်း မမေးမိ။ အဘိုးကလည်း ပြောမသွား။



တော်ပါသေး၏။ ဆိုင်ထိုင်က ဆက်မေးသည်။

"မင်းနာမည်"

"စွမ်းတုကြည်ပါ"

ဆိုင်ထိုင်သည် မဆိုင်းမတွ လက်ညှိုးညွှန်လိုက်၏။

"ဒီတည့်တည့်က ဝင်သွားပါ ... အခန်းနံပါတ် ၇ မှာ မင်းကို စောင့်နေတယ်"

စွမ်းတုကြည်က မဆိုင်းမတွပင် ဝင်သွား၏။ အခန်းနံပါတ် ၇ ရှေ့၌ ရပ်တန့်ကာ တံခါးကို ခပ်ဖြည်းဖြည်း ခေါက်လိုက်သည်။

'ဒေါက် .. ဒေါက်'

"ဝင်ခဲ့ပါ"

ကြားလိုက်ရသောအသံကြောင့် စွမ်းတုကြည် အံ့အားသင့် သွားသည်။

သူက အခန်းနံပါတ်ပြားကို ပြန်လည်မော့ကြည့်လိုက်မိ၏။ မမှားပါ။

အခန်းနံပါတ်မှာ ၇ ပင် ဖြစ်သည်။

စွမ်းတုကြည်၏စိတ်ထဲတွင် မိမိအား တွေ့လိုသူမှာ ယောကျ်ားသားဖြစ်ရမည်။ ယောကျ်ားမှ ဒုစရိုက်သမားအကြီးအကဲ ထဲက ဖြစ်ရမည်ဟု ထင်မှတ်ထားလေသည်။

ယခု ကြားလိုက်ရသောအသံမှာ ချိုလွင်သော အမျိုးသမီးတစ်ဦး၏ အသံဖြစ်နေသောကြောင့်ပင်။

စွမ်းတုကြည် တံခါးကို အသာအယာ တွန်းဖွင့်လိုက်၏။ ဝိုမို၍ပင် အံ့ညြသွားရတော့သည်။ အမျိုးသမီးမှ တကယ့်အမျိုးသမီး။ လှလှပပ ငယ်ငယ်ရွယ်ရွယ်။

စွမ်းတုကြည် ဝင်ရောက်သွားသည်နှင့် အမျိုးသမီးလေးသည် ကုလားထိုင်ပေါ်တွင် ခြေဆင်း၍ ထိုင်နေရာမှ ဒူးခေါင်းနှစ်ခုကို ပွေးကပ်လိုက်သည်။

ဂါဝန်တိုဝတ်ထားသည်မို့ ဒူးခေါင်းနှင့် ခြေသလုံးသားများက အဖွေးသား ပေါ်လွင်နေသည်။

"ထိုင်ပါ စွမ်းတုကြည်"

အမျိုးသမီးလေးအား ငေးငိုင်ကြည့်နေမိသော စွမ်းတုကြည်သည် ယခုလိုပြောလိုက်မှ သတိရသွားသလို သူမရှေ့ရှိ ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

"ကျုပ်ကို တွေ့ချင်တာ မင်းလား"

စွမ်းတုကြည်က မယုံကြည်နိုင်သေးသလို မေးလိုက်၏။ သူမက ခေါင်းကို ညင်ညင်သာသာ ညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျွန်မနာမည် ချိုင်းလို့ ခေါ်ပါတယ်၊ အပြည့်အစုံကတော့ ဝူးရင်ချိုင်း"



အမျိုးသမီးကလေးက ယဉ်ယဉ်ကျေးကျေးပင် ပြောဆိုဆက်ဆံ၏။

စွမ်းတုကြည်သည် ထိုအမျိုးသမီးကိုကြည့်၍ မိမိအား တွေ့လိုသူမှာ သူမမှ ဟုတ်ပါလေစဟု သံသယဖြစ်နေမိသည်။

"ဒီမှာ ဝူးရင်ချိုင်း"

"ချိုင်းလို့ခေါ်လည်း ရပါတယ်ရှင်"

"ထားပါတော့ ချိုင်း၊ ကျုပ်သိချင်တာက ဟိုပေဖြို့စားကြီးကို သတ်ပစ်ဖို့ပေးတဲ့စာဟာ ဘယ်သူကပေးနိုင်းတာလဲ"

ချိုင်းက ပါးချိုင့်ကလေးပေါ်အောင် ပြုံးရယ်လျက် ...

"ကျွန်မက ပေးနိုင်းတာပါ"

"ဒါနဲ့ ဟိုအဘိုးကြီးက ဘာဖြစ်လို့ ကျုပ်အဖေက နိုင်းတဲ့သဘောမျိုး ပြောသွားရတာလဲ"

"သြော် ... ရှင် ဒါကို မကျေမနပ် ဖြစ်နေတာကိုး"

"ဟုတ်တယ်"

"တကယ်တော့ ရှင့်အဖေက နိုင်းတယ်ဆိုလည်း မမှားဘူးလေ"

စွမ်းတုကြည် မျက်မှောင်ကုတ်လိုက်၏။

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ရှင့်အဖေက ကျွန်မတို့လက်

အောက်ကပဲလေ"

စွမ်းတုကြည် ခေတ္တမျှ ပါးစပ်ပိတ်သွား၏။

❑

"ဒီမှာ ချိုင်း ... ကျုပ်မသိလို့ မေးပါရစေ"

"မေးပါ"

"ခင်ဗျားတို့က ဘာတွေလဲ"

"ဒါဆို ရှင်မသိလို့ မေးတာ မဟုတ်ဘူး"

"ဘယ်လို ... ကျုပ်က မသိလို့မေးတာ မဟုတ်ဘူးဆိုတော့ သိလျက်သားနဲ့ တမင်မေးတယ်လို့ ဆိုလိုတာလား"

ချိုင်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင် မသိတာ မဟုတ်ဘူး ... မရှင်းတာဘဲ ဖြစ်လိမ့်မယ်"

"ကဲ ... ချိုင်းကပဲ ရှင်းပြပါဦး"

"ရှင်းပြဖို့ လိုသေးသလား ရှင်ရယ်၊ မြို့စားကြီးကျူဖုန်းကို လုပ်ကြံခိုင်းတယ်၊ ဒါပေမဲ့ စာကို ထောက်လှမ်းရေးသမားတွေ တွေ့လို့ အဖမ်းခံရတယ်၊ သတ်တော့မယ့်ဆဲဆဲမှာ ပြန်ပြီးကယ်ထုတ်သွားတယ်၊ ဘယ်သူဘယ်ဝါက ကယ်ထုတ်သွားတယ်ဆိုတာလည်း



မြင်းကုန်းနီးအောက်မှာ စာနဲ့ရေးပေးခဲ့တယ်၊ အဲဒါတောင် ရှင် မသိသေးဘူးလား"

စွမ်းတုကြည်မှာ အလွန်အမင်း အံ့ဩသွားတော့သည်။

"ဒါဖြင့် ချိုင်းက ဘီလူးဓားပေါ့ ဟုတ်လား"

"အင်း ... ပိုပြီးမှန်တာက ဘီလူးဓားရဲ့ အစွယ်အပွားတွေဆိုတာက ပိုပြီးမှန်ပါတယ်၊ ဘာလဲ ... ရှင်က ဘာကိုအံ့ဩနေတာလဲ"

စွမ်းတုကြည်က ပြန်၍ ပြုံးလိုက်သည်။

"ကျုပ်ကို ကူညီတာ ဘီလူးဓားဆိုတာကတော့ သိပါတယ်၊ ဒါပေမဲ့ ဘီလူးဓားရဲ့ အစွယ်အပွားတွေထဲမှာ ချိုင်းလို လှပတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်ဆိုတာတော့ အံ့ဩမိတယ်ဗျာ"

ချိုင်းက အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက်သည်။

"ဘာလဲ ... ရှင် ကျွန်မကို မြှောက်ပြောနေတာလား။ ဒါဆိုလည်း ရှင်ကြိုက်တတ်တဲ့ ဝါးရွက်စိမ်းအရက် တိုက်ပါ့မယ်ရှင်"

သူမက ပြောပြောဆိုဆို လက်ခုပ်တီးလိုက်၏။ အမျိုးသမီးတစ်ယောက် ရောက်လာသည်။

"ဝါးရွက်စိမ်းအရက်နဲ့ စားစရာယူခဲ့ပါ"

စွမ်းတုကြည်သည် ချိုင်းအား အံ့ဩစွာ ငေးကြည့်ရင်းမှ...

"အင်း ... ချိုင်းက ကျုပ်အကြောင်းလည်း သိနေမှကိုး"

"သိတာပေါ့ရှင် ... ကျွန်မရဲ့မိတ်ဆွေတွေက သူတို့စား

သောက်နေကျဆိုင်မှာ ရှင် ဝါးရွက်စိမ်းအရက် သောက်နေတာမြင်လို့ အနှောင့်အယှက်မပေးဘဲ ကူညီခဲ့တယ်လို့ ပြန်ပြောတယ်"

စွမ်းတုကြည်သည် ဘူးကြွေ၏ စိတ္တသုခစားသောက်ဆိုင်ကို ပြေး၍ သတိရမိလိုက်သည်။

"ဪ ... လက်စသတ်တော့ ထိုက်ထိဟုန်းတို့က ချိုင်းရဲ့ တပည့်တွေကိုး၊ ဒါထက် နေပါဦး ... သူတို့က မြင်းကိုကြည့်ပြီး ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အကဲခတ်လို့ ရသလား"

ချိုင်းက အသံထွက်အောင် ရယ်လိုက်ပြန်သည်။

"ဒါပေါ့ရှင် ... မြင်းမှာ အမှတ်အသားထားပြီး မြင်းစီးလာတဲ့လူကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ သူတို့ကို ညွှန်ကြားထားလို့ပေါ့"

"ဒါဆို ကျုပ်အတွက် ချိုင်းက ညွှန်ကြားထားပေးတာလား"

ချိုင်း၏မျက်နှာကလေး ပန်းနုရောင် ပြေးလွှားသွားမှန်း စွမ်းတုကြည် သတိထားမိလိုက်လေသည်။

"ရှင် ကတ်သီးကတ်သတ်တွေ မမေးနဲ့နော်"

"မသိလို့ မေးတာဘဲဗျာ"

"တချို့ကိစ္စတွေဟာ မသိတာကောင်းတယ်ရှင့်"

"ဟုတ်ပါတယ်၊ နောက်ပြီး ကျုပ်ကိုကယ်ထုတ်ပြီး မြင်းပေးသွားတာလဲ ထိုက်ထိဟုန်းကို ခင်ဗျားက ခိုင်းလိုက်တာဘဲ မဟုတ်



လား"

"ဘာပဲဖြစ်ဖြစ် ... ရှင့်အသက်ချမ်းသာသွားရင် ပြီးတာပဲ မဟုတ်လား"

စွမ်းတုကြည် ပါးစပ်ပိတ်ထားသည်။

ထိုအချိန်၌ အမှန်ပင် ဝါးရွက်စိမ်းအရက်နှင့် စားသောက်စရာများ ရောက်လာသည်။

စွမ်းတုကြည်က မသိမသာ နှာခေါင်းရှုံ့လိုက်သည်။

"ကျေးဇူးတင်ပါတယ် ... ကျုပ် ဒါတွေ မစားသောက်ပါရစေနဲ့"

ချိုင်းက မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ကျုပ်က ဘီလူးဓားရဲ့ အစွယ်အပွား မဟုတ်သလို၊ ဘီလူးဓားရဲ့ အနိုင်းအစေလည်း မဟုတ်ဘူး။ အဲဒီတော့ ဘီလူးဓားက ကျွေးတဲ့ အစားအစာကိုလည်း မစားချင်ဘူး"

ချိုင်းမှာ မျက်နှာကလေး မသိမသာပျက်သွားသည်။

"ရှင့်အဖေဟာ ကျွန်မတို့ရဲ့ လက်အောက်ခံတစ်ယောက်ပါ"

"ကျုပ်အဖေက တခြား၊ ကျုပ်က တခြားပဲ၊ ကျုပ်အဖေလည်း သေပါပြီ ... မရှိတော့ပါဘူး"

ချိုင်းက ခေါင်းညိတ်လိုက်သည်။

"ကျွန်မ အားလုံးသိပါတယ်၊ အဲဒီကိစ္စပဲ ရှင့်ကို ကျွန်မ ခေါ်တွေ့ရတာ"

စွမ်းတုကြည်က ဆတ်ခနဲ ချိုင်းကို ပြန်ကြည့်လိုက်သည်။

"ကျုပ်အဖေသေရတဲ့ကိစ္စနဲ့ ခင်ဗျားတို့က ဘယ်လို ပတ်သက်နေသလဲ"

"ပတ်သက်တာပေါ့ရှင့်၊ ကိုယ့်မိဘရဲ့အဖွဲ့သားတွေကို ရှင်ဘာလို့ ဖြိုဖျက်ခဲ့ရတာလဲ"

စွမ်းတုကြည်သည် ချိုင်း ခပ်စူးစူးကလေး ပြန်ကြည့်၏။

"ဒီမှာချိုင်း ... ကျုပ်အဖေတစ်ယောက်လုံးကို ကျူးယားက အနိုင်ကျင့်နေတာ ကျုပ်က လက်ပိုက်ကြည့်နေရမှာလား"

"တကယ်တော့ ရှင့်အဖေလည်း မဟုတ်ပါဘူး"

"ကျုပ်သိတယ်"

"ထားပါတော့လေ ... ဒါပေမဲ့ ရှင့်အဖေက မတရားတာဘဲ"

"ဘာမတရားတာလဲ"

"အဖွဲ့သားအားလုံး ပိုင်ဆိုင်တဲ့ ရတနာတွေကို ရှင့်အဖေက တစ်ယောက်တည်း အပိုင်စီးချင်တော့ ကျူးယားက ဘယ်ခံမှာလဲ"

စွမ်းတုကြည်က ဟက်ခနဲ ရယ်လိုက်ပြီး ...

"ဘီလူးမားအဖွဲ့က အဲဒီရတနာတွေကို လိုချင်လို့ ကျူးယားကို မြှောက်ပေးတာပဲ မဟုတ်လား"

"အို ... ဘာပဲဖြစ်ဖြစ်လေ ရှင် ကျူးယားကို ပြန်တိုက်ခိုက်တာကတော့ ဘီလူးမားကို ပြန်တိုက်ခိုက်တာနဲ့ အတူတူပဲ"

"မကောင်းမှု ဒုစရိုက်မှန်ရင်တော့ ကျုပ်က အကုန်တိုက်ခိုက်မှာပဲ"

ချိုင်း၏မျက်နှာ သိသိသာသာပျက်သွားသည်။

သို့သော် သူမသည် စွမ်းတုကြည်အား ကြင်နာသော အကြည့်ဖြင့် ကြည့်လိုက်၏။

"ရှင် ဘီလူးမားအပေါ်မှာ လူစွမ်းကောင်းမလုပ်ချင်ပါနဲ့"

"ဟဲ ဟဲ ... ဘီလူးမားကတော့ ကျုပ်ကို လူစွမ်းကောင်းကြီး လုပ်ပြီး လူသတ်ခိုင်းချင်တယ် မဟုတ်လား"

ချိုင်း ပါးစပ်ပိတ်ထားလိုက်မိသည်။

❑

"နေပါဦး ... ကျုပ် တစ်ခုမေးပါရစေ"

"ဘာများပါလိမ့်ရှင်"

"ဘီလူးမားဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ လူသတ်မားပြတိုက်တဲ့ အလုပ်ကို လုပ်နေတာလဲ"

"ရှင်တကယ်မသိဘူးလား"

စွမ်းတုကြည်က ဒေါသသံဖြင့် ...

"ကျုပ်သိတယ်၊ ခင်ဗျားကို မေးနေတာ ချိုင်းကိုမေးနေတာ"

"ရှင်သိတာလေး ပြောပြပါလား"

"သိပ်ကြားချင်ရင်လည်း ပြောရတာပေါ့၊ ဘီလူးဓားအဖွဲ့ အစည်းဟာ တကယ်တော့ နယ်ချဲ့လက်ပါးစေပါ၊ နယ်ချဲ့လက်ကိုင် တုတ်ပါ၊ ထိပ်တန်းသိုင်းပညာရှင်တွေကို သူတို့ဘက်ပါအောင် စည်းရုံးမယ်၊ မပါရင်သတ်မယ်၊ စည်းရုံးလို့ရတဲ့ လူတွေကို ဓားပြတိုက်နိုင်းတယ်၊ လူသတ်နိုင်းတယ်၊ တစ်ခုမှ ကောင်းတဲ့လက္ခဏာမပါဘူး။ ကျုပ်ပြောတာ မှားနေသလား"

ချိုင်း သို့မဟုတ် ဝူးရင်ချိုင်းသည် မျက်နှာပျက်သွားသော်လည်း စိတ်ဆိုးဟန်မပြပါ။ အရက်တစ်ခွက်ကို ငှဲ၍ စွမ်းတုကြည်ကို လှမ်းပေးလိုက်သည်။

"ရော့ ... အရက်ကလေးတစ်ခွက်လောက် သောက်ပြီး ဆက်ပြောပါဦး"

"မသောက်ပါရစေနဲ့ ချိုင်း ... ကျုပ်ကို ခွင့်ပြုပါဦး"

စွမ်းတုကြည်က ထိုင်ရာမှထလိုက်သည်။ ချိုင်းက ဖျာဖျာသလဲ ပြောလိုက်သည်။



"နေပါဦး စွမ်းတုကြည် ... ရှင်သွားလို့ မရသေးပါဘူး"

စွမ်းတုကြည်က ဒေါသဖြင့် စူးစူးဝါးဝါး ပြန်ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို တားခွင့်ရှိလို့လား"

"တားခွင့်တော့ မရှိဘူးပေါ့လေ၊ ဒါပေမဲ့ သွားလို့မရအောင်တော့ တားလို့ရပါတယ်"

စွမ်းတုကြည်က ရုတ်တရက် နောက်သို့ လှည့်ကြည့်မိလိုက်သည်။

သဘောပေါက်သွား၏။

တံခါးဝတွင် လူမိုက်နှစ်ယောက်က ဓားကိုယ်စီဖြင့် ရပ်နေသည်ကို တွေ့လိုက်ရပေသည်။

❑

"ဒါက ဘာသဘောလဲ ချိုင်း"

"ဆွေးနွေးတဲ့ကိစ္စ မပြီးပြတ်သေးတဲ့ သဘောပါ"

စွမ်းတုကြည် မျက်မှောင်ကြုတ်လိုက်၏။

"ခင်ဗျားတို့နဲ့ ကျုပ် ဘာမှ ဆွေးနွေးစရာ မရှိဘူး"

"ရှိတာပေါ့ရှင်"

"ဘာကိစ္စလဲ"

"ရတနာတွေကိစ္စ"

"ဟာ ... ဒါက သေသွားတဲ့ ကျုပ်အဖေရဲ့ကိစ္စပဲ၊ ကျုပ်နဲ့ ဘာမှ မပတ်သက်ဘူး"

"မှန်ပါတယ်၊ ထန်းမုကျီ သေသွားပေမယ့် ရတနာတွေက တော့ ရှင့်ကို လွှဲခဲ့မှာ အမှန်ပဲ၊ အဲဒါတွေကို ဘီလူးဓားက အလျှုခံချင် ပါတယ်"

"ကျုပ်မှ မသိတဲ့ကိစ္စကို ကျုပ်က ဘယ်လိုလုပ်ပြီး ပေးရမှာ လဲ"

ချိုင်းက ပြုံး၍ လေသံအေးအေးဖြင့် ...

"သေသေချာချာ စဉ်းစားပါ စွမ်းတုကြည်။ အကယ်၍ ရှင် က လျှုဒါန်းမယ်ဆိုရင် တချို့တစ်ဝက်ကို ရှင်သုံးစွဲလို့ ရပါသေးတယ်၊ ကျွန်မတို့ ညာဏ်စွမ်းနဲ့ ကျွန်မတို့ ရှာလို့ရသွားရင်တော့ ရှင့်အတွက် ဘာမှ မျှော်လင့်ချက် မရှိတော့ဘူး"

"ဒါဆိုလည်း ပြီးတာပဲ၊ ခင်ဗျားတို့ဘာသာ သွားရှာကြပေါ့ ကျုပ် ဘာမှ မမက်မောဘူး"

ချိုင်းသည် စွမ်းတုကြည်အား အတန်ကြာအောင် ငေးမော ကြည့်ပြီးမှ သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်လေသည်။

"ရှင့်ကို ဘယ်လိုမှ မေတ္တာရပ်ခံပြောဆိုလို့ မရတော့ဘူး



လား"

"ဟုတ်ပါတယ် ... ကျုပ်က ဒုစရိုက်သမားတွေကို အားပေး ကူညီတဲ့အလုပ် ဘယ်တော့မှ မလုပ်ပါဘူး"

"ရှင် မကူညီရင် နေပါ ... နောင့်ယှက်လာရင်တော့ ရှင် နောင်တရသွားလိမ့်မယ်"

"ဟဲ ဟဲ ... ဒါက ကျုပ်သဘောပါ"

စွမ်းတုကြည် ထိုင်နေရာမှ ထလိုက်၏။ ချိုင်းက မတား တော့။ သူမသည် တစ်စုံတစ်ရာကို ကျိတ်သည်းခံနေရပုံ ပေါ်လွင်နေ သည်။

သူမသည် ထိုင်ရာမှထကာ စွမ်းတုကြည်နှင့်အတူ လျှောက် လာသည်။ ထို့နောက် တံခါးတွင် ရပ်နေသော လူမိုက်နှစ်ဦးကိုလည်း အနှောင့်အယှက်မပေးရန် မျက်ရိပ်ပြလိုက်သည်။

စကားတစ်ခွန်းကိုတော့ စွမ်းတုကြည်အား လှမ်းပြောလိုက် သေးသည်။

"ရှင် အချိန်ယူပြီး စဉ်းစားစေချင်တယ် စွမ်းတုကြည်၊ နောက်ပြီး ဒီကြားထဲမှာ အမှားတစ်စုံတစ်ရာ ထပ်မလုပ်ဖို့ ကျွန်မ တောင်းပန်ပါတယ်၊ တချို့ကိစ္စတွေမှာ ကျွန်မ ရှင့်ဘက်က မရပ် တည်နိုင်တာတွေ အများကြီးရှိတယ်"

ချိုင်း၏နောက်ဆုံးစကားကို စွမ်းတုကြည် နားထောင်နေမိ

သည်။ တစ်စုံတစ်ရာပြန်ပြောမည်ဟုစိတ်ကူးပြီးမှ မပြောဖြစ်တော့ဘဲ

"ကျေးဇူးတင်ပါတယ်"

ဟုသာ တစ်ခွန်းတည်းပြော၍ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ပန်းသုံးပွင့်ဆိုင်ကြီးထဲတွင် စောစောကကဲ့သို့ ခြောက်ကပ်ကပ်မဟုတ်ပါ။ စားသောက်သူများဖြင့် အထူးစည်ကားနေပါသည်။

စားသောက်သူ အများဆုံးမှာ စားများ ရိုတ်ဆွဲထားသည်ကို တွေ့လိုက်ရသဖြင့် ခွမ်းတုကြည် စဉ်းစားမိလိုက်လေသည်။

"အင်း ... ဒီဆိုင်က ဘီလူးစားအဖွဲ့သားတွေအတွက် သီးသန့်ဖွင့်ထားတဲ့ ဆိုင်ပဲ ဖြစ်ရမယ်"

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

ဆိုင်ထိုင်မှာ ကောင်တာ၌ ငိုက်မျဉ်းမနေတော့ဘဲ အလုပ်များနေ၏။ ခွမ်းတုကြည်က နှုတ်ဆက်၍ထွက်ခဲ့သည်။

ဆိုင်ရှေ့တွင် မြင်းလှည်းတစ်စီး ရပ်ထား၏။ အသေအချာကြည့်မှ မြင်းလှည်းထဲက လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူကလည်း ...

"ခွမ်းတုကြည် လာခဲ့"

ဟု လှမ်းခေါ်လိုက်သည်။

မမျှော်လင့်သော နေရာတွင် မမျှော်လင့်သော လူတစ်ဦးကို



ကျောက်ချိန်း လှစ်ခနဲ ပြေးတော့သည်။ နေက ဝင်သွားပြီဖြစ်သည်။

❑

ချင်းချင်းသည် အတန်ကြာအောင် ငေးကြည့်နေရင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။ သူမသည် စကျင်းအား ဒေါသထွက်မိသည်။

ကျောက်ချိန်းက သူ့အား နောက်ပိုးနေမှန်းသိ၍ မဟုတ်ကဟုတ်ကတွေ နိုင်းနေခြင်း ဖြစ်၏။ စကျင်းအား ချင်းချင်း ခင်မင်ပါသည်။

သူမသည် မိမိဖခင်ထံ၌ သိုင်းပညာလာသင်စဉ် ကစားဖော်ကစားဖက် ဖြစ်ခဲ့သော်လည်း နောက်ပိုင်း၌ စကျင်းက ခပ်တန်းတန်းနေခဲ့၍ မိမိကလည်း သိပ်ပြီး မဆက်ဆံခဲ့ခြင်း ဖြစ်သည်။

တစ်နေ့တော့ ပြောပြရဦးမည်ဟု စိတ်ထဲမှ မှတ်ယူကာ ချင်းချင်းသည် ကျောက်ချိန်းသွားသည့် သချိုင်းကုန်းဆီသို့ ပြေးလိုက်သွားသည်။

နေလုံးပျောက်၍ မှောင်စပျိုးနေပြီ ဖြစ်၏။ ချင်းချင်းသည် သချိုင်းကုန်းသို့ ရောက်သည်နှင့် ကြီးမားသော အုတ်ဂူတစ်ခုကို

အကာအကွယ်ယူ၍ ကြည့်ရှုနေမိသည်။

ကျောက်ချိန်းကို မတွေ့ရသေးပါ။ ခပ်လှမ်းလှမ်းရှိ သချိုင်းစောင်အိမ်ထဲတွင် မီးရောင်လင်းနေပြီး စကားပြောသံများ ကြားနေရသည်။

ချင်းချင်းက အနည်းငယ်မြင့်သော အုတ်ဂူတစ်ခုပေါ်သို့ ကပ်၍ လှမ်းကြည့်သည်။ တစ်နေရာတွင် မည်းမည်းသဏ္ဍာန်တစ်ခုက တရွေ့ရွေ့ သွားနေသည်ကို မြင်ရ၏။

တခြားလူမဖြစ်နိုင်၊ ကျောက်ချိန်းပင် ဖြစ်ရမည်ဟု ချင်းချင်းမှန်းမဆ၍ သူနှင့်နီးနိုင်သမျှနီးရန် ပုန်းလျှိုးကွယ်လျှိုးဖြင့် အနားသို့ တိုးသွားသည်။

ကျောက်ချိန်းသည် အသစ်စက်စက် ဂူတစ်ဂူ၏ရှေ့တွင် မတ်တတ်ရပ်လျက်ရှိနေသည်။ သူသည် စိတ်မလုံသကဲ့သို့ ဘေးဘီသို့လည်း လှည့်ကြည့်ရသေးသည်။

သချိုင်းစောင့်အိမ်နှင့်က သိပ်ပြီးမဝေးလှပါ။ ချင်းချင်းက မျက်တောင်မခတ်ဘဲ ချောင်းကြည့်နေစဉ်မှာပင် ကျောက်ချိန်းသည် တစ်စုံတစ်ရာကို လှမ်းယူလိုက်လေသည်။

ထိုလှမ်းယူလိုက်သောအရာကို မြင်တွေ့ရသည်နှင့် ချင်းချင်းမှာ မျက်လုံးပြူးသွားတော့သည်။ ဂူပေါ်တွင် အမှတ်တရ တင်ထားသည့် ပန်းအိုးကလေးပင် ဖြစ်သည်။



လွန်ခဲ့သောနှစ်ရက်က ဟွာနန်းမြို့မှ သူဌေးကြီးသမီး တစ်ဦး ကွယ်လွန်သွား၏။ ထိုအသုဘချအခမ်းအနားကို တစ်မြို့လုံးလိုလို လိုက်ပို့ကြသည်။

ချင်းချင်းလည်း ပါလာခဲ့၏။ ဂူသွင်းသည့်ကိစ္စ ပြီးသောအခါ အလွန်လှပသော ကျောက်ပန်းအိုးကလေးတစ်လုံးကို ပန်းများအပြည့်ထိုး၍ ဂူပေါ်၌တင်ထားခဲ့သည်။

လူတိုင်း၏ ပါးစပ်ဖျားမှပင် ကျောက်ပန်းအိုးကလေး လှကြောင်း ပြောဆိုခဲ့ကြ၏။ ယခု ထိုပန်းအိုးကို ကျောက်ချိန်း လာယူခြင်းမှာ စကျင်းက ခိုင်း၍ ဖြစ်ပေသည်။

မြို့စားကြီးသမီး စကျင်းသည် ဘာကြောင့်များ ကျောက်ပန်းအိုးကို လိုချင်ပါလိမ့်မှုဟု ချက်ချင်း တွေးတောနေစဉ် ...

'ဘုန်း ... ခွပ်'

ဟူသော အသံကို ကြားလိုက်ရ၏။ တိတ်ဆိတ်သောညမို့ အသံက ကျယ်သွား၏။ ရင်ထိတ်စွာဖြင့် ချင်းချင်းက လှမ်းကြည့်သည်။

ကျောက်ချိန်း ခလုတ်တိုက်လဲပြီး ကျောက်ပန်းအိုးက ဂူနှင့် ရိုက်မိကာ ကွဲသွားခြင်း ဖြစ်သည်။ ထိုအချိန်မှာပင် သချိုင်းစောင့်အိမ်ထဲမှ လူသုံးလေးယောက် တုတ်ဓားဆွဲ၍ ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

ပြဿနာတော့ ပေါ်ပြီဟု ချင်းချင်းသိလိုက်သည်။ တွေး ထင်သည့်အတိုင်း မလွဲပါ။ လူသုံးလေးယောက်သည် ကျောက်ချိန်း နောက်သို့ ပြေးလိုက်နေကြ၏။

ပါးစပ်မှလည်း ...

"သူခိုး သူခိုး"

"ဟေ့ သူခိုး ... ရပ်လိုက်"

ဟူသော အသံများ ဟစ်အော်နေ၏။

မကြာမီ ကျောက်ချိန်းကို ဝိုင်းမိသွားသည်။ ချင်းချင်းက မနေသာတော့ပါ။ သူမ၏ မျက်နှာကို မျက်လုံး နှစ်လုံးချွန်၍ ပဝါ စည်းလိုက်ပြီး ယင်းလူအုပ်ကြားသို့ ဝင်လိုက်ရသည်။

ကျောက်ချိန်းအား ရိုက်ပုတ်မည့် တုတ်များ၊ ဓားများကို ချင်းချင်း ဝင်ရောက်ခုခံကာကွယ်လိုက်ရသည်။ တော်ပါသေး၏။ သချိုင်းစောင့်များမှာ သိုင်းပညာ သိပ်ပြီး ကျွမ်းကျင်သူများ မဟုတ် သဖြင့် ချင်းချင်းက နှစ်ယောက်ကို နာနာကလေး ရိုက်ပေးလိုက်သည် နှင့် ကျန်နှစ်ယောက်လည်း နောက်သို့ ဆုတ်သွားတော့၏။

ထိုအချိန်မှာပင် ချင်းချင်းက ကျောက်ချိန်း၏ လက်ကို ဆွဲ၍ သချိုင်းအပြင်ဘက်သို့ ပြေးလွှားခဲ့ရတော့သည်။

❑



မြို့စားဂေဟာ ...။

ဟွာနန်းမြို့စားကြီးသည် စိတ်ထားသဘောထား ဖြူစင်ပြီး တိုင်းပြည်နှင့်လူမျိုးကိုချစ်သော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပေသည်။ သူ သည် နှစ်နှစ်တစ်ကြိမ် သိုင်းပြိုင်ပွဲ ပြုလုပ်၍ လူစွမ်းကောင်း ရွေး ချယ်ပွဲ ကျင်းပလေသည်။

ထိုသိုင်းပြိုင်ပွဲမှ အနိုင်ရသူသည် မြို့စားကြီး၏ ပဏ္ဍမြား ကျောက်စိမ်းဓားကို ရရှိသည့်အပြင် နေပြည်တော်တွင်လည်းကောင်း။ သို့မဟုတ် မိမိ၏ လက်အောက်တွင်လည်းကောင်း ဗိုလ်မှူးလေး ရာထူး ပေး၍ တာဝန်ကို ထမ်းဆောင်ခွင့် ရရှိလေသည်။

အမှန်တော့ မျိုးချစ်လူစွမ်းကောင်းများ မွေးထုတ်ပေးနေ ခြင်းပင်။ ထို့ကြောင့် အနီးကပ်ဆုံး မြို့ကြီးသုံးမြို့မှာ မျိုးချစ်သူရဲ ကောင်းများ ပေါ်ပေါက်နေသဖြင့် ဘီလူးဓားသည် ဤမြို့ကြီး သုံးမြို့ မှ မြို့စားကြီးများကို အလွယ်တကူ ဖမ်းဆီး၍ မရဖြစ်နေသည်။

ယင်းမြို့ကြီးသုံးမြို့မှာ ယခု သိုင်းပြိုင်ပွဲ နှစ်နှစ်တစ်ကြိမ် ကျင်းပပေးသည့် ဟွာနန်းမြို့၊ နောက်တစ်မြို့မှာ ဟွာနန်းမြို့နှင့် မိုင်လေးရာနီးပါး ကွာခြားသည့် ဟိုပေမြို့နှင့် ကျန်မြို့တစ်မြို့မှာ ဟွာနန်းနှင့် မိုင်သုံးရာကျော်ကွာသည့် ဟိုကျန်းဆိပ်ကမ်းမြို့တို့ပင် ဖြစ်ပေသည်။

အခြားပြည်နယ်နှင့် မြို့ကြီးများမှ မြို့စားနှင့် တပ်ဗိုလ် တပ်မှူးကြီးများသည် မကြာခဏ ဘီလူးဓား၏ သတ်ဖြတ်ခြင်း သို့ မဟုတ် ဖမ်းဆီးခြင်းကို ခံရသဖြင့် လူအစားထိုးနေရသော်လည်း ဟွာနန်းမြို့စားကြီးကျို၊ ဟိုကျန်းမြို့စားကြီး ချင်နှင့် ဟိုပေမြို့စား ကြီး ကျူဖုန်းတို့မှာ ယနေ့ထက်တိုင် တည်မြဲလျက် ရှိနေပေသေး သည်။

ထိုမြို့စား သုံးယောက်မှာ ရန်သူလက်ထဲ မပါရှိသေးသော် လည်း ဘီလူးဓား၏ ခြိမ်းခြောက်စာများ မကြာခဏ ရရှိသည့်အပြင် သွေးတိုးစမ်းသည့်အနေဖြင့် လာရောက်တိုက်ခိုက်ခြင်းကိုတော့ ခံရ ပေသည်။

သို့သော် ဘီလူးဓားအဖွဲ့သားများ အမြဲရှုံးနိမ့်ခဲ့ရသည်။ ဤ သည်အချက်မှာ ဟွာနန်းမြို့စားကြီးက လူစွမ်းကောင်းများ ရွေးချယ် ၍ စေလွှတ်ထားသောမြို့များ ဖြစ်နေသောကြောင့်ပင်။

❑

ယခုလည်း မကြာခင် ကျင်းပတော့မည့် သူရဲကောင်း ရွေး ချယ်ပွဲအတွက် ဟွာနန်းမြို့စားကြီးသည် မြို့မိမြို့ဖများ၊ သက်ကြီး ရွယ်အို သိုင်းပညာရှင်များ၊ လက်ရှိ သိုင်းဆရာကြီးများကို ဖိတ်ခေါ်၍



စည်းဝေးတိုင်ပင်မှုများ ပြုလုပ်လျက် ရှိနေပေသည်။ ချင်းချင်းမှာ မိမိ၏ဖခင် မြို့စားဂေဟာသို့ အစည်းအဝေး တက်ရောက်လာရာ သူမလည်း ဖခင်နှင့်အတူ လိုက်ပါလာ၏။

သူမ၏ဖခင်က ကန့်ကွက်သောအခါ ချင်းချင်းက သခင်မ လေး စုကျင်းနှင့် တွေ့ချင်လို့ပါဟု အကြောင်းပြခဲ့သည်။ ထို့ကြောင့် မိမိ၏ဖခင်က စည်းဝေးခန်းမထဲသို့ ဝင်ရောက်သွားသည်နှင့် ချင်းချင်း သည် စုကျင်းအခန်းရှိရာသို့ ဝင်ရောက်သွားသည်။

စုကျင်းသည် ချင်းချင်းကိုတော့ ခင်သည်။ မိမိဆရာ၏ သမီးဖြစ်သောကြောင့်လည်း အရေးပေး ဆက်ဆံပါသည်။

"လာ ချင်းချင်း ... ညည်း ငါ့ဆီ လာမလည်တာတောင် အတော်ကြာသွားပြီ"

ချင်းချင်းက ပြုံးရယ်၍ ခေါင်းညိတ်ပြသည်။

"လာချင်ပါတယ် သခင်မလေးရယ် ... ဒါပေမဲ့"

"ဘာ ဒါပေမဲ့လဲ ... ဟိုအရှုးအပေါနဲ့ လျှောက်လည်နေရ လို့ မဟုတ်လား"

ကျောက်ချိန်းနှင့် လျှောက်လည်သည်ကို ရည်ရွယ်၍ ပြော လိုက်မှန်း ချင်းချင်းသိလိုက်ပေသည်။

"ကျောက်ချိန်းက သနားစရာကောင်းပါတယ်"

စုကျင်းက နှုတ်ခမ်းကိုစူပြီး ပြုံးလိုက်သည်။

"ဟော့ ... ဒါဆို ညည်း မရိုးတော့ဘူးနဲ့တူတယ်"

ချင်းချင်းက တမင်တကာပင် ခေါင်းညိတ်၍ အရွဲ့တိုက်လိုက်လေသည်။

"ဟုတ်တယ် ... သူ့ကို ကျွန်မ ချစ်နေတာ သခင်မလေးရဲ့"

စုကျင်း၏မျက်လုံးများ ဝိုင်းစက်သွားသည်။

"ဩော် ... လက်စသတ်တော့ ဒီလိုကိုး၊ ဒါဆိုလည်း ညည်းလူကို ငါက အရူးအပေါလို့ မခေါ်တော့ပါဘူးအေ၊ ဒါပေမဲ့ နည်းနည်းတော့ စဉ်းစားဦးနော် ချင်းချင်း"

ချင်းချင်း မျက်မှောင်ကြုတ်လိုက်သည်။

"ဘာကိုလဲ"

"သူ့မှာ ဘာအရည်အချင်းတွေများ ရှိနေလို့လဲ ချင်းချင်းရယ်"

"သချိုင်းမှာ ပန်းအိုးသွားခိုးနိုင်တဲ့ အရည်အချင်းတော့ ရှိတယ် သခင်မလေးရဲ့"

စုကျင်းမျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ နောက်မှ သူမက အဆင်ပြေအောင် လှည့်ပတ်ပြောလိုက်သည်။

"ငါကလည်း သူဟာ အရူးအပေါဆိုပေမယ့် စေတနာထားပါတယ်၊ သူ့ကို သတ္တိရှိစေချင်တယ်၊ သိုင်းပညာ တတ်စေချင်တယ်၊ အရာရာကို ရဲရင့်အောင်ဆိုပြီး သချိုင်းက ပန်းအိုးကို သွားယူပေးစမ်း



ပါလို့ မြှောက်ပြောလိုက်မိတာပ"

ချင်းချင်းက နှုတ်ခမ်းကို အနည်းငယ် မဲ့လိုက်သည်။

"အဲဒါ သခင်မလေး မှားတာပဲ"

"ဘာမှားတာလဲ"

"ကျောက်ချိန်းဟာ သတ္တိရှိတယ်၊ လူတကာထက် သတ္တိရှိမှန်း ကျွန်မသိတယ်၊ ဒါပေမဲ့ သူ့မိဘတွေက ချစ်လွန်းတော့ သိုင်းပညာသင်ကြားမှာကို နည်းနည်းကလေးမှ မလိုလားဘူး၊ သိုင်းပညာ တတ်ရင် ရန်များမယ်၊ အဲဒီအခါမှာ တစ်နေ့နေ့ သူ့သား ဒုက္ခရောက်မယ်ဆိုပြီး ဝိတ်ပင်ထားလို့ပါ"

"ဒါပေမဲ့ သူ တော်တော်ကလေး တတ်နေပါပြီ၊ ညည်း နည်း နည်းပါးပါး ပြထားပေးတယ် မဟုတ်လား"

ချင်းချင်း ရယ်နေလိုက်သည်။ စုကျင်းက ဆက်၍ ...

"နေဦး ... ဒီတစ်ခါ သိုင်းပြိုင်ပွဲကျမှ ငါ မြှောက်ပေးလိုက်ဦးမယ်"

ချင်းချင်း မျက်လုံးဝိုင်းစွာဖြင့် ...

"မလုပ်ပါနဲ့ သခင်မလေးရယ် ... တကယ် တက်ပြိုင်နေလို့ အသက်ထွက်နေပါဦးမယ်၊ ခုတောင် ဒီတစ်ခါ သူတက်ပြိုင်မယ်လို့ ပြောပြောနေတယ်"

စုကျင်းက ရယ်မော၍ ...

"ညည်းက အမြန်ဆုံး သင်ထားပေးလိုက်ပေါ့"

ချင်းချင်းက အရွဲ့တိုက်၍ ခေါင်းညိတ်လိုက်သည်။

"အင်း ... ဒါဆို အမြန်ဆုံး သင်ပေးဦးမှပဲ"

ဟု ပြောလိုက်ရာ သခင်မလေးက သဘောကျစွာ ရယ်မောလိုက်တော့၏။

❑

ကျင်းအော်စန်းတောင်တန်း ...။

ကျင်းအော်စန်းတောင်တန်းနှင့်ပတ်သက်၍ လွန်ခဲ့သော ၁၇ နှစ်ကျော်ကျော်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုကို ဖော်ပြခဲ့ပြီးဖြစ်ပေသည်။

မြို့စားကြီးကျူဖုန်း တပ်မှူးဘဝက ဓားပြလုလောက်ထင်းအား လိုက်လံဖမ်းဆီးရင်းမှ သမားတော်သိုင်းသမား ယန့်မန်း၏ ကလေး သေဆုံးခဲ့ရသော တောင်တန်းဖြစ်ပေသည်။

ထိုတောင်တန်းသည် အထက်က ဖော်ပြခဲ့သည့်အတိုင်းပင် ဆေးဝါးဆေးမြစ်များ ပေါများလှသဖြင့် ဆေးပညာလိုက်စားသည့် သမားတော်များလည်း ရှိ၏။

ကျောက်ဆောင်ကျောက်ဂူများ ထူပြောသဖြင့်လည်း



တရားဘာဝနာအားထုတ်သူများ၊ သိုင်းပညာအတွင်းအား လေ့ကျင့်သူများ၊ သိုင်းပညာကို တစ်ဆထက်တစ်ဆ တိုးတက်လာသည်အထိ ကိုယ်ပိုင်တီထွင်နေသူများနှင့် အလွန်ရှေးကျသော သိုင်းကျမ်းကြီးများကို ပြန်လည်ဖော်ထုတ်၍ သင်ကြားနေကြသော ဆရာနှင့် တပည့်များ မှီခိုနေထိုင်ကြသည့် တောင်တန်းကြီးဖြစ်သည်။

ယခု ထိုတောင်တန်း၏ တစ်ခုသော ကျောက်ဆောင်ကြီးပေါ်ဝယ် မားမားမတ်မတ် ရပ်နေသော လူတစ်ယောက်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

အသက်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိပြီဟု ခန့်မှန်းရပြီး သန်မာထွားကျိုင်းသည့် လူတစ်ယောက်ပင် ဖြစ်၏။ ထိုလူ၏မျက်နှာသည် အလွန်ပင် ခံ့ညားတည်ကြည်မှု ရှိခဲ့သော်လည်း ကြေကွဲဝမ်းနည်းမှုဒဏ်များကို ခံစားထားရဟန် တူပေသည်။

ထိုသူသည် သာမန်လူကဲ့သို့ပင် မွေးပွအင်္ကျီရှည်ကြီးကို ဝတ်လျက် ရှားရောင်ခါးပတ်ကို တင်းတင်းရင်းရင်းပတ်ကာ ရှည်လျားသည့် ဓားကြီးကို ချိတ်ဆွဲထားသည်။

သူသည် တစ်ဦးတစ်ယောက်ကို ရှာဖွေနေဟန် ရှိ၏။ ထိုတောင်တန်းပေါ်သို့ ရောက်ရှိနေသည်မှာ သုံးရက်သုံးည ရှိပြီ ဖြစ်သော်လည်း ရှာဖွေသည့်သူကို မတွေ့ရသေးပေ။

သူ ကျောက်ဆောင်ပေါ်တွင် ရပ်နေသည်ကို အဝေးမှပင်

လှမ်း၍ မြင်နိုင်ပေသည်။ ကျောက်ဆောင်ကြီးသည် အလွန်မြင့်မား သော နေရာ၌ တည်ရှိနေသောကြောင့်ပင်။

ထိုပုဂ္ဂိုလ်ကြီးကား အခြားလူမဟုတ်ပေ။ ဟိုပေမြို့စားကြီး ကျူဖုန်းပင် ဖြစ်တော့၏။

❑

မြို့စားကြီးကျူဖုန်းသည် တောလိုက်မိတ်ဆွေတစ်ယောက် ထံမှ မိမိ အသိချင်ဆုံးသော ကိစ္စတစ်ခုကို ကြားသိလိုက်ရလေသည်။

အခြားမဟုတ်ပါ။ ထိုတောလိုက်မိတ်ဆွေသည် ကျင်းအော် စန်း တောင်တန်းပေါ်၌ ယန့်မန်းအား ရုတ်တရက် တွေ့မြင်လိုက်ရ သည်ဆိုသော သတင်းပင် ဖြစ်တော့၏။

ထိုသတင်းကို ကြားလိုက်ရသည်နှင့် ကျူဖုန်းမှာ မနေနိုင် မထိုင်နိုင် ဖြစ်သွားရတော့၏။ ကံဆိုးရှာသော သူ၏သားနှစ်ယောက် ကို မျက်စိထဲ၌ ပြန်လည်မြင်ယောင်လာတော့၏။

ယင်းကဲ့သို့ မြင်ယောင်လာသည်နှင့်အမျှ ယန့်မန်းကို ဒေါသ ဖြစ်လာသည်။ ယန့်မန်းအား တွေ့လို မြင်လို ရင်ဆိုင်လိုသော ဆန္ဒ များက ချက်ချင်း ဖြစ်ပေါ်လာတော့၏။

ထိုအခါ ကြာကြာမဆိုင်းတော့ပါ။ ဗိုလ်မှူးကြီးတစ်ယောက်



အား မြို့စားဂေဟာကို စောင့်ရှောက်စေကာ ကျင်းအော်စန်းတောင် တန်းသို့ ထွက်လာခဲ့ခြင်း ဖြစ်တော့သည်။

ယနေ့ပါဆိုလျှင် သုံးရက်ရှိပြီ ဖြစ်၏။ ကျူဖုန်းသည် ကျောက်ဆောင်ပေါ်မှနေ၍ အရပ်ရှစ်မျက်နှာသို့ တဖြည်းဖြည်း လှည့်ပတ်ကြည့်ရှုနေမိသည်။

ကနေ့ညနေအထိမှ ရှာမတွေ့ပါလျှင် လက်လျှော့၍ ပြန် တော့မည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်၏။ ထိုစဉ်မှာပင် ရယ်မော သံကြီးတစ်ခုကို ရုတ်တရက် ကြားလိုက်ရလေသည်။

"ဟား ဟား ဟား"

ရယ်မောသံက တစ်တောလုံး ပဲ့တင်ရိုက်ခတ်သွား၏။ ကျူ ဖုန်းမှာ တုန်လှုပ်သွားမိလေသည်။

"ဟား ဟား ဟား"

ရယ်မောသံက အဝေးမှလိုလို၊ အနီးမှလိုလို ဝေခွဲမရဖြစ်နေ သည်။ ကျူဖုန်း၏လက်က ဓားရိုးပေါ်သို့ အလိုလို ရောက်ရှိနေပြီ ဖြစ်လေသည်။ ကျူဖုန်းသည် ကျောက်ဆောင်ပေါ်မှ ခုန်ချလိုက်လေ သည်။ အသံလာရာဘက်သို့ တဖြည်းဖြည်း လျှောက်သွား၏။ ထိုစဉ် မှာပင် သူ့ရှေ့သို့ လူတစ်ယောက် ပြေးရပ်လိုက်လေသည်။

"ဟား ဟား ဟား"

ထိုလူက အားရပါးရ ရယ်မောလျက်ပင် ရှိ၏။

"ယန့်မန်း"

ကျူဖုန်းက ပါးစပ်မှ လွှတ်ခနဲ ခေါ်လိုက်၏။

"ဟုတ်တယ် ... ငါ ယန့်မန်းပဲ ... ဟား ဟား ဟား"

"အေး ... ငါလိုက်ရှာနေတာ မင်းကို သတ်ဖို့ပဲ၊ ဝအောင် ရယ်ထားစမ်း"

ကျူဖုန်းက ဒေါသဖြစ်ဖြစ်ဖြင့် ပြောလိုက်တော့၏။ ယန့်မန်းက ရယ်မောခြင်းကို မရပ်မနားသေးပါ။ သူသည် ကျူဖုန်းကို တွေ့ပါမှ ပို၍ ရယ်မောနေသေး၏။

"ငါ မင်းမျက်နှာကိုကြည့်ပြီး သိပ်ဝမ်းသာတယ်ကွာ ... ဟား ဟား ဟား"

ကျူဖုန်းက ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်တော့၏။ ထို့ အတူ ယန့်မန်းကလည်း ဆွဲထုတ်လိုက်လေသည်။ ယန့်မန်းက ဓားကို အဆင်သင့်ကိုင်လျက်မှ ...

"မင်းက ငါ့ကို ဘာလို့ လိုက်ရှာတာလဲ" ဟု မေးလိုက်သည်။

"သတ်မလို့"

"အိုး ... ဘာကြောင့်လဲ"

"ငါ့သားတွေ ဘယ်မှာလဲ ... မင်းမှန်မှန်ပြော"

"မင်းရဲ့သား ... ဟုတ်လား ... ဟား ဟား ဟား ... ရယ်ချင်လိုက်တာကွာ၊ မင်းရဲ့သားတွေ ခုလောက်ဆို သေရောပေါ့ကွ ...



ဟား ဟား ဟား"

ကျူဖုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။

"မင်းသတ်လိုက်တာပေါ့လေ ... ဟုတ်လား"

"ဒီမှာကျူဖုန်း ... ငါ့သမီးကလေးသေတုန်းက ငါ့မျက်နှာ မင်းလောက် မခံစားရဘူးနဲ့တူတယ်၊ ခု မင်းသားတွေရဲ့အလှည့်ကျ တော့ မင်းမှာ တကယ့်ကို ခံစားနေရပါလား"

"ယန့်မန်း ... ငါ့သားတွေ ဘယ်မှာလဲ ... မှန်မှန်ပြော"

ယန့်မန်းသည် မထီလေးစားဖြင့် ပြုံး၍ ခေါင်းကိုမော့ထား လေသည်။ သူသည် တစ်စုံတစ်ရာကို စဉ်းစားနေသကဲ့သို့ ပြုလုပ်ပြီးမှ ...

"အင်း ... မင်းရဲ့ကလေးတွေ အခုနေဆိုရင် ငရဲပြည်ရောက် နေရောပေါ့"

"ဟင် ... ကဲကွာ"

ကျူဖုန်းက သူ၏ဓားကို စက်ဝိုင်းသဏ္ဌာန်လုပ်၍ ယမ်းလိုက်သည်။ ယန့်မန်းကလည်း ထိုတိုက်ကွက်ကို သူ၏ဓားထိုးခံ၍ အလွယ်တကူ ဖြိုဖျက်လိုက်၏။ ပြီးမှ နောက်တစ်လှမ်းဆုတ်၍ ...

"ငါဟာ ဓားမကိုင်ဘဲ သမားတော်လုပ်နေတာ ကြာပြီ ကျူဖုန်း၊ ဒါပေမဲ့ မင်းက ရန်လိုနေတော့လည်း ငါက မလွှဲမရှောင်သာ တိုက်ခိုက်ရမှာပဲ၊ တကယ်တော့ သမားတော်ဆိုတာ လူသတ်တဲ့

အလုပ်ကို လုပ်ချင်တာ မဟုတ်ဘူး"

ယန့်မန်း၏စကားများက မှန်သင့်သလောက် မှန်နေသော်လည်း မိမိ၏ရင်သွေးများအတွက် အခဲမကျေနိုင်သော ကျူဖုန်းက

"မင်းပြောတာ ငါလက်ခံပါတယ်၊ ငါကလည်း တိုင်းပြည်အုပ်ချုပ်နေတဲ့ လူတစ်ယောက်ပဲ၊ သူများအသက်ကို မတရား မသတ်ချင်ပါဘူး။ ဒါပေမဲ့ ငါ့ကလေးတွေအတွက်တော့ မင်းအပေါ် သည်းမခံနိုင်ဘူး"

"အေး ... ဒီလိုပဲ တစ်ချိန်က ငါခံစားခဲ့ရလို့ မင်းကို ငါမှာလိုက်သေးတယ် မဟုတ်လား။ သားသမီးမမွေးအောင် ကြိုးစားပါဆိုတာလေ"

"ဒါပေမဲ့ မင်း ဒီလောက်အထိ ရက်စက်ယုတ်မာလိမ့်မယ်လို့ မထင်ခဲ့မိဘူး။ ကဲ ယန့်မန်း ... ငါ့သားနှစ်ယောက်ကို မင်းသတ်သလား၊ မသတ်ဘူးလား ... မှန်မှန်ပြောပါ"

ယန့်မန်းက ရယ်လိုက်ပြန်၏။

"ငါပြောတာကော မင်းက ယုံမှာလား"

ကျူဖုန်း တစ်ချက်ငိုင်သွားပြီးမှ ...

"ငါ့မှာ ဦးနှောက်ရှိတယ် ... ယုံသင့်တဲ့စကားကို ယုံမှာပဲ"

"မင်းကလေးတွေ ငါ မြင်တောင်မမြင်ဖူးဘူး"

"ဘာ"



ကျူဖုန်း၏အသံက အလွန်ပင်ကျယ်လောင်သွားတော့သည်။

"မင်းကလေးတွေ မသေသေးဘူးဆိုရင် တစ်နေရာမှာ ရှိမှာပေါ့"

"နိုးနိုင်းတာက မင်းပဲ"

"မှန်ပါတယ် ... ဒါကို ငါ ဝန်ခံပါတယ်၊ ဒါပေမဲ့ ငါနိုင်းလိုက်တဲ့ လူတွေရဲ့လက်ထဲကို ကလေးတွေမှ ရောက်မလာဘဲ"

"မင်း ဘယ်သူ့ကို နိုင်းတာလဲ"

"ကျားနက်ဂိုဏ်းက ငိုအော့နဲ့ ထင်းယား၊ သူတို့နှစ်ဦးကလည်း အထည်သည်အမျိုးသမီးနှစ်ယောက်ကို နိုင်းလိုက်တာ မင်းသိမှာပေါ့"

"အင်း ... သိတယ်၊ အဲဒီငိုအော့နဲ့ထင်းယားက အထည်သည်အမျိုးသမီးတွေကို ခုထိ ရှာမတွေ့ဘူးလား"

ယန့်မန်းက ပခုံးနှစ်ခုကို တွန့်လိုက်သည်။

"ငါ့စိတ်ထင်တော့ အထည်သည်အမျိုးသမီးနှစ်ယောက်က မင်းသားတွေကို ချစ်နေပြီနဲ့တူပါတယ်"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စအားလုံးရဲ့ တရားခံဟာ မင်းပဲ"

ကျူဖုန်းသည် ဒေါသကို မထိန်းသိမ်းနိုင်ဘဲ ယန့်မန်းထံသို့ ခုန်ဝင်ကာ သူ၏ဓားဖြင့် လေးငါးချက် ဆက်၍ ထိုးသွင်းလိုက်သည်။

ယန့်မန်းကလည်း မခေပါ။ ကျူဖုန်း၏ ဓားကွက်များကို ပြန်လည်ချေဖျက်ပြီးသည့်အပြင် သူ၏ ကြောက်စရာကောင်းသော သိုင်းကွက်ကိုးကွက်နှင့် ပြန်လည်တိုက်ခိုက်လေသည်။

ယခုအချိန် ခပ်ဝေးဝေးမှ ကြည့်လျှင် ဓားရောင်များ ဖွေးလက်နေသည်ကိုသာ မြင်ရမည်ဖြစ်ပြီး

လူနှစ်ယောက်မှာလည်း ဓားရောင်များကဲ့သို့ပင် ပိုးခနဲ ပိုး ၂ခနဲ ခုန်ပျံကျော်လွှားနေကြ၏။

ထိုစဉ်မှာပင် တိုက်ကွင်းထဲသို့ နောက်ထပ် လူနှစ်ယောက် ခုန်ဝင်လာသည်။

"ဩော် ... မင်းက တပည့်တွေပါ ခေါ်လာတာကိုး"

ကျူဖုန်းက ပြောလိုက်သည်။ သို့သော် သူသည် လုံးဝ ဂရု မစိုက်ဘဲ နောက်ထပ် ရောက်လာသည့် အနက်ရောင်ဝတ် လူနှစ်ယောက်ကိုပါ တိုက်ခိုက်လေသည်။

ရုတ်တရက် ယန့်မန်း၏ ဓားက သူ၏ရင်ညွှန့်ဆီသို့ တန်းဝင်လာရာ ရှောင်တိမ်းလိုက်သော်လည်း အနည်းငယ် ထိုးမိသွားသည်။ သွေးများက ရင်ညွှန့်မှ စီးကျလာ၏။ ယန့်မန်းက သူ့တပည့်နှစ်ဦးကို ဟန့်တားလိုက်၏။

"ဟေ့ ငါ့အဘွနဲ့ထင်းယား ... သူ့ကို ဆက်မတိုက်နဲ့တော့"

ယန့်မန်းသည် သမားတော်တစ်ဦးဖြစ်နေ၏။ ထို့ကြောင့်



ကျူဖုန်း ဒဏ်ရာရ၍ သွေးများထွက်လာသည်ကို မြင်ရသည်နှင့် စိတ်ထားတစ်မျိုး ပြောင်းသွားသည်။

ထို့ကြောင့်လည်း သူ့တပည့်နှစ်ဦးကို ဟန့်တားလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်မှာပင် သူတို့ဆီသို့ လူငယ်တစ်ဦး ပြေးလာနေသည်ကို ယန့်မန်းက လှမ်းမြင်လိုက်လေသည်။

ယန့်မန်းက ...

"ကဲဟေ့ ... တို့ဒီနေရာက အမြန်ဆုံးသွားမှ၊ တော်ကြာ ပြဿနာက ရှင်းလို့ရမှာ မဟုတ်ဘူး"

ဟုဆိုကာ ကျူဖုန်းအား ထားခဲ့၍ တောထဲသို့ ပြေးဝင်သွားကြသည်။

ကျူဖုန်းမှာ ဒဏ်ရာက သိပ်ပြီး မပြင်းထန်လှသော်လည်း မောဟိုက်၍ မျက်စိများ ပြာဝေနေပေသည်။

နောက်ဆုံး သူမြင်မိသည်မှာ လူငယ်တစ်ဦး သူ့ထံသို့ ပြေးလာသည်ကိုသာ တွေ့မြင်လိုက်ရပြီးနောက်ပိုင်း ဘာမှ မသိတော့ပေ။

❑

မကြာမီ ကျူဖုန်း ပြန်လည်သတိရလာသည်။ ရင်ဘတ်မှ

နာကျင်သောဝေဒနာကြောင့် ကျူဖုန်းက လက်နှင့်ဖိထားမိ၏။ လူငယ်တစ်ဦးက ဖေးမထားသည်ကို ကျူဖုန်း သတိထားမိသည်။

မျက်လုံးကို အသာအယာ ဖွင့်၍ ဘေးပတ်ဝန်းကျင်သို့ ကြည့်လိုက်သည်။ သို့သော် ယန့်မန်းတို့ကို မတွေ့ရဘဲ သူ့အား ဖေးမထားသော လူငယ်ကိုသာ တွေ့လိုက်ရ၏။

"မြို့စားကြီး ... အနာသက်သာရဲ့လား"

ထိုအခါမှ ကျူဖုန်းသည် သူ၏ရင်ဘတ်ကို သေသေချာချာ ငုံ့ကြည့်မိ၏။ ဆေးဝါးများ သိပ်ထည့်၍ ရင်ဘတ်ကို အဝတ်တစ်ခုဖြင့် သိုင်းကာ စည်းနှောင်ထားသည်ကို မြင်ရလေသည်။

မြို့စားကြီးကျူဖုန်းသည် လူငယ်က သူ့အား မြို့စားကြီးဟု ခေါ်လိုက်သဖြင့် အနည်းငယ် အံ့သြသွား၏။

"မင်းက ငါ့ကို မြို့စားကြီးမှန်း သိတယ် ... ဟုတ်လား"

လူငယ်က ပြုံးလိုက်သည်။

"မြို့စားကြီးကို ကျွန်တော်သိပါတယ်၊ အဲ ... စောစောကရန်သူတွေကတော့ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်မသိလိုက်ပါဘူး"

ကျူဖုန်းသည် ဘာမှပြန်မပြောဘဲ အံကို တင်းတင်းကြိတ်ထားသည်။ အမှန်တော့ သည်ပွဲမှာ မိမိရှုံးနိမ့်နေခြင်းသာ ဖြစ်သည်။ ယန့်မန်းသည် မိမိအား အသေမသတ်ချင်သည်မှာ ထင်ရှားနေ၏။



မိမိကသာ ဒေါသတကြီးဖြင့် မဆင်မခြင် တိုက်ခိုက်လိုက်မိသည်ကိုပင် နောင်တရသလို ဖြစ်သွား၏။ ကျူဖုန်းသည် ဤသို့တွေးတောနေရင်းမှ စနစ်တကျ ဆေးဝါးများထည့်၍ အဝတ်စည်းထားပေးသော လူငယ်ကို ကျေးဇူးတင်စွာဖြင့် သေသေချာချာ စူးစိုက်ကြည့်လိုက်၏။

ချက်ချင်းဆိုသလိုပင် မြို့စားကြီးသည် တစ်ကိုဆွဲကာ ထခုန်လိုက်လေသည်။

"ဟင် ... မင်း မင်း"

လူငယ်မှာ အံ့အားသင့်စွာဖြင့် မြို့စားကြီးကို ပြန်ကြည့်နေမိသည်။

"မင်း လူသတ်သမား စွမ်းတုကြည် မဟုတ်လား"

ဟု တုန်ယင်လှုပ်ရှားသော အသံဖြင့် မေးလိုက်သည်။

စွမ်းတုကြည်က ပြုံးပြလိုက်သည်။

"ကျွန်တော် စွမ်းတုကြည်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ လူသတ်သမား မဟုတ်ပါဘူး မြို့စားကြီး"

"ဘာလို့ လိမ်ချင်ရတာလဲ ... ငါ့ကိုသတ်ဖို့ မင်း ကြိုးစားနေတာ မဟုတ်လား။ မင်း ကံကောင်းလို့ လွတ်သွားတာ၊ ငါ့အာဏာပါးကွက်သားကိုတောင် မင်း သတ်သွားခဲ့သေးတယ် မဟုတ်လား"

စွမ်းတုကြည်က အပြုံးမပျက်ပေ။

"သိပ်ဒေါသမကြီးပါနဲ့ မြို့စားကြီးရယ်၊ မြို့စားကြီးရဲ့ အာဏာပါးကွက်သားကိုလည်း ကျွန်တော်သတ်ရတာ မဟုတ်ပါဘူး"

စွမ်းတုကြည်က အေးဆေးစွာ ပြောပြနေသဖြင့် ကျူဖုန်းသည် စိတ်လျှော့၍ နားထောင်နေမိသည်။ စောစောကလည်း မိမိ သိပ်ပြီး ဒေါသကြီးနေသဖြင့် အမှားတွေ့ခဲ့ရသည်ကို ပြန်စဉ်းစားမိသည်။

"မင်း အဲဒီတုန်းက ငါ့ကိုသတ်ဖို့ပဲ မဟုတ်လား"

"ကျွန်တော့်မှာ အဲဒီစိတ်ထားမျိုးရှိနေရင် အခုလို မြို့စားကြီး သတိမေ့နေတုန်း ဆေးဝါးထည့်ထားပေးပါ့မလား"

ကျူဖုန်း ခေတ္တမျှ ငိုင်သွားသည်။

"ဒါဖြင့် အဲဒီတုန်းက နိုင်းစေတာက ဘယ်သူလဲ"

ကျူဖုန်း၏လေသံ အနည်းငယ် ပျော့သွား၏

"ကျွန်တော် ပြောပြပါ့မယ်လေ ... တကယ်တော့ ကျွန်တော်ဟာ ဆွမ်းခံရင်း ငှက်သင့်ဆိုသလိုပါပဲ၊ နိုင်းလို့ရမလားလို့ ဘီလူးမားက နိုင်းစေကြည့်တာပါ၊ ဒါပေမဲ့ ကျွန်တော် ဘာမှမသိရခင်မှာဘဲ ထောက်လှမ်းရေးသမားတွေက စာကိုတွေ့သွားတော့ အဖမ်းခံလိုက်ရတာပါ"

ကျူဖုန်းက စဉ်းစဉ်းစားစားဖြင့် နားထောင်နေသည်။

ပြီးမှ ...



"မင်းကို လာကယ်သွားတာကကော ဘယ်သူလဲ"

"သူ့နိုင်းတာ မအောင်မြင်တော့ စည်းရုံးတဲ့အနေနဲ့ ကျွန်တော့်အသက်ကို ပြန်ကယ်သွားတာပါ"

ကျူဖုန်းသည် စွမ်းတုကြည်က လိမ်ပြောနေခြင်း မဟုတ်ကြောင်း စဉ်းစားမိလာသည်။

မှန်ပေသည်။

စွမ်းတုကြည်သာ မိမိအား သတ်လိုပါက ယခု သတ်နိုင်သည့်အခြေအနေမှာ ရှိနေသည် မဟုတ်ပါလား။

ယခုတော့ စွမ်းတုကြည်သည် မေတ္တာထား၍ မိမိအား ဆေးဝါးများပင် ထည့်ပေးသည်ကို တွေ့မြင်နေရပြီမို့ စွမ်းတုကြည်အပေါ် ယုံကြည်လာသည်။

"မင်းကို ကျေးဇူးတင်ပါတယ်၊ မင်း ဒီတောင်ပေါ်မှာ ဘာလာလုပ်တယ်ဆိုတာ ငါမသိရဘူးလား"

စွမ်းတုကြည်အနေနှင့် စဉ်းစားရတော့သည်။

ဆရာကြီးချိုသည် စပ်စပ်စုစု မေးမြန်းကြသည်ကို မကြိုက်သကဲ့သို့ မိမိကိုကလည်း မလိုအင်သောစကားများ ပြောဆိုသည်ကို မနှစ်သက်ပေ။

"ကျွန်တော်လည်း ခရီးသွားရင်း လမ်းကြုံလို့ ဒီတောင်ပေါ်က မိတ်ဆွေတစ်ယောက်ဆီ ဝင်လာတာပါ"

စွမ်းတုကြည်ကို ကျူဖုန်းက တစ်ချက် အကဲခတ်ကြည့်လိုက် သည်။

စွမ်းတုကြည်၏အဖြေကို သိပ်ပြီး မကျေနပ်သော်လည်း မလိုအပ်တော့ဟု ထင်၍ ဘာမှ ထပ်မမေးတော့ဘဲ နှုတ်ဆက်စကား သာ ပြောကြားလိုက်၏။

"ငါ ပြန်ပါဦးမယ် ... မင်း ငါ့ကို ပြုစုတဲ့အတွက် မမေ့ပါဘူး"

စွမ်းတုကြည်က လက်သီးနှစ်ခုကို စုစည်း၍ ဦးညွတ်ကာ အရိုအသေပေးလိုက်သည်။ မြို့စားကြီးကျူဖုန်း တောလမ်းအတိုင်း ပြန်သွားသည်။

ကျူဖုန်းမှာ သင်ခန်းစာတစ်ခုတော့ ရရှိလာသည်။ မိမိ သည် လူသားများကို မဆင်မခြင်တိုက်ခိုက်ခြင်းနှင့် မဆင်မခြင် သတ် ဖြတ်ရန် အမိန့်ပေးခြင်းတို့ကို တတ်နိုင်သမျှရှောင်ရှားရန်ပင် ဖြစ် တော့သည်။

❑

စွမ်းတုကြည် မိမိနေထိုင်ရာစခန်းသို့ ပြန်လည်ရောက်သည့် အခါ ဆရာကြီးချီက တပည့်များကို သင်ကြားပေးနေသည်။

ဆရာကြီးချီသည် စွမ်းတုကြည်ကို တစ်ချက်စောင်းငဲ့၍



ကြည့်ပြီး သူပြသနေသည့်အကွက်ကို ပြီးပြတ်အောင် ပြသလိုက်၏။ ထိုအကွက်ကို စိတ်ကြိုက်ပြသပြီးမှ တပည့်များအား အနားပေးလိုက် သည်။

ကျောင်းသားတချို့သည် စိုရွှဲနေသော ချွေးများကို မိမိတို့ ၏ပဝါများဖြင့် သုတ်ကာ သင့်တော်ရာနေရာအသီးသီးတွင် အနားယူ လိုက်ကြ၏။

"မင်း ဘယ်ကိုထွက်သွားတာလဲ"

ဆရာကြီးချီသည် နဖူးမှ ချွေးသီးချွေးပေါက်တို့ကို လက်ဖြင့် သပ်ချရင်း စွမ်းတုကြည်ကို လှမ်းမေးလိုက်သည်။ စွမ်းတုကြည်သည် ဆရာကြီးချီထိုင်နိုင်ရန် ကုလားထိုင်တစ်လုံးအား ပြေး၍ဆွဲကာ သစ် ပင်ရိပ်၌ ချပေးလိုက်ပြီးမှ ...

စောစောက သူတွေ့ကြုံလိုက်ရသောအဖြစ်အပျက်ကို အမှန်အတိုင်း ပြောလိုက်သည်။ ဆရာကြီးချီသည် မျက်လုံးမှိတ်ထား ၍ အမောဖြေရင်း စွမ်းတုကြည်၏စကားကို ဆုံးအောင် နားထောင် သည်။

စွမ်းတုကြည်စကားဆုံး၍ အတန်ကြာမှ စဉ်းစဉ်းစားစားဖြင့်

"ယန့်မန်းက သမားတော်တစ်ယောက်ပဲ၊ ကျူဖုန်းနဲ့ ဘယ် လိုရန်စတွေများ ရှိနေလို့ပါလိမ့်"

ဟု တစ်ကိုယ်တည်း ညည်းတွားသလို ပြောလိုက်လေ

သည်။ ထို့နောက် ဆက်လက်၍ ဆရာကြီးချိုကပင် ...

"တစ်ယောက်နဲ့တစ်ယောက်ဟာ ရန်ငြိုးရန်စကလေးတွေ ရှိကြမှာပေါ့လေ၊ တိုင်းပြည်ကြီးကတော့ အတော့်ကို ရှုပ်ထွေးနေတာပဲကွ"

ဆရာကြီးချို၏ ဩဝါဒစကားများကို မကြားရသည်မှာ ကြာပြီဖြစ်သော စွမ်းတုကြည်သည် ရှေ့သို့တိုးသွားကာ တင်ပျဉ်ခွေထိုင်လိုက်၏။

သိုင်းပညာသင်ကြားနေသည့် သင်တန်းသား အသီးသီးတို့သည် တချို့ရေအိုးစင်မှ ရေများကို ပြေးသောက်ပြီးသည်နှင့် ဆရာကြီးချို၏ ရှေ့၌ လာရောက်စုရုံး၍ ထိုင်ကြသည်။

ထမင်းစားချိန်က မကျရောက်သေးပါ။ ထမင်းဟင်းချက်သူသည် ချွေးတလုံးလုံးဖြင့် ချက်ပြုတ်တုန်းပင် ရှိသေး၏။ ဆရာကြီးထံ၌ ပညာဆည်းပူးနေသူများမှာ စွမ်းတုကြည် အပါအဝင် ၁၁ ယောက်ဖြစ်သည်။

ထိုသင်ကြားနေသူများထဲတွင် စွမ်းတုကြည် မပါပါ။ ယခုသင်ကြားနေသော အဆင့်များက စွမ်းတုကြည်အဖို့ အောင်မြင်ခဲ့ပြီးဖြစ်၍ ဆရာကြီးချို၏လက်ထောက်အဖြစ် စွမ်းတုကြည်က သင်ပြပေးနေရသည်။

သို့သော် ညပိုင်း၌ စွမ်းတုကြည်သည် ဆရာကြီးချို၏



ကျောင်းသားတစ်ဦး ပြန်ဖြစ်သွားပြန်သည်။

"စွမ်းတုကြည် ... မင်းကို ငါ ပြန်ခေါ်လာခဲ့ရတဲ့ အကြောင်းရင်းကို ငါမပြောရသေးဘူးနော်"

"ဟုတ်ကဲ့ ဆရာကြီး ... ကျွန်တော့်ကို ပြောမပြရသေးပါဘူး"

ဆရာကြီးချိုသည် တပည့်လက်သား ဆယ်ယောက်စလုံးကို လှည့်ပတ်၍ တစ်ယောက်စီ ကြည့်လိုက်သည်။ ပြီးမှ ...

"ဟေ့ ... အားလုံး နားထောင်ကြပါ"

ချက်ချင်းပင် တိတ်ဆိတ်သွား၏။ အပ်ကျသံပင် ကြားရလောက်ပေသည်။

"စွမ်းတုကြည် ... မင်းကို ငါမေးပါရစေဦး ... မင်း တောင်ပေါ်ကနေ ပြည်မထဲကို ဆင်းသွားတဲ့အခါမှာ ဘာတွေ တွေ့ရသလဲ"

စွမ်းတုကြည်က မိမိ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ခရေစေ့တွင်းကျ စုံစုံလင်လင် ပြောပြ၏။ အခြားမလိုအပ်သောကိစ္စရပ်များကို ချန်လှပ်၍ ထားခဲ့သည်။

အထူးသဖြင့် ဖခင်ထန်းမုကျိ သေဆုံးသွားခဲ့ရသည့် အကြောင်းလောက်ကိုသာ ပြောပြပြီး မိမိသည် ထန်းမုကျိ၏ သားအရင်းမဟုတ်သောအကြောင်းများကိုထုတ်ဖော်ပြောဆိုခြင်းမပြုပေ။

ဆရာကြီးချိုက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။

ထို့နောက် စွမ်းတုကြည်ကြုံခဲ့ရသော အစိတ်အပိုင်းများနှင့် ပတ်သက်၍ မရှင်းလင်းသောအချက်များကို ပြန်မေးသည်။

"မင်း တွေ့ကြုံခဲ့ရတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး မင်းစဉ်းစားလို့ မရတဲ့အချက်တွေ ရှိတယ်မဟုတ်လား"

စွမ်းတုကြည်က ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ရှိပါတယ် ဆရာကြီး"

"ဘာတွေလဲ"

"ဘီလူးဓားအဖွဲ့အစည်းဟာ ကျွန်တော့်ကို အသုံးချလို့ရတဲ့ လူတစ်ယောက်မှန်း ဘယ်လိုလုပ်ပြီးသိတာလဲဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး"

ဆရာကြီးနှိုက အနည်းငယ်ပြုံးလိုက်၏။

"အေး ... ဒါဟာ မင်းအဖို့ စဉ်းစားစရာ ဖြစ်လောက်တဲ့အချက်ပဲ၊ ဒါပေမဲ့ ဘီလူးဓားဂိုဏ်းအဖို့ကတော့ လွယ်လွယ်လေးပေါ့ကွာ"

"ဟုတ်ကဲ့ ... ပြောပြပါ ဆရာကြီး"

"ဘီလူးဓားအဖွဲ့အစည်းဟာ နယ်နယ်ရရအဖွဲ့အစည်းတစ်ခု မဟုတ်ဘူးကွ၊ အင်မတန်ကို ပါးရည်နပ်ရည်ရှိပြီး ဉာဏ်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ဦးက ခေါင်းဆောင်ထားတာပဲ၊ သူတို့ရဲ့လုပ်ငန်းက ထိပ်သီးသိုင်းသမားတွေ၊ တက်သစ်စသိုင်းသမားတွေ သူတို့ဘက် ပါလာအောင် စည်းရုံးသိမ်းသွင်းတာဟာ သူတို့ရဲ့ ပထမလုပ်ငန်းစဉ်ပဲ"



အားလုံးငြိမ်သက်စွာ နားစိုက်ထောင်နေကြ၏။ ဆရာကြီးနှိုက ဆက်ပြောပြ၏။

"ဒီနယ်မှာ ထိပ်သီးသိုင်းသမား ဘယ်နှယောက်ပေါ်လာလိမ့်မယ်, ဘယ်ဆရာဟာ ဘယ်သူ့ကို ပညာသင်ပေးနေတယ်, ဘယ်အချိန်မှာ အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်လာလိမ့်မယ် ဆိုတာ သူတို့က သိပြီးသားပဲ"

စွမ်းတုကြည်က နားရှင်းသွားသကဲ့သို့ ခေါင်းကို တဆတ်ဆတ်ညိတ်၍ နားထောင်နေ၏။

"တိုတိုပြောရရင် မင်းကို သူတို့ မျက်စိကျနေတယ်၊ တစ်နေ့မှာ မင်းဟာ သူတို့အဖွဲ့အစည်းကို ဖြိုဖျက်မှာစိုးရိမ်တယ်၊ အဲဒါကြောင့် မင်းရဲ့ဖခင်ကို အရင်ဆုံးသိမ်းသွင်းပြီးတော့ မင်းကို စည်းရုံးတာပဲ၊ ထောက်လှမ်းရေးသမားတွေ မမြင်မြင်အောင် မင်းကို လူသတ်ဖို့ စာပေးတာဟာ တစ်ဖက်မြို့စားကြီးတို့ အထင်အမြင်မှားသွားအောင် လုပ်လိုက်တာပဲ၊ နောက် သူတို့ကပဲ ပြန်ပြီး ကယ်တင်ခဲ့တာကတော့ စည်းရုံးတဲ့ပရိယာယ်တစ်ခုပေါ့ကွာ၊ မင်းနောက်မှာ သူတို့ အမြဲရှိနေတယ်ဆိုတဲ့ သဘောပဲပေါ့"

ဆရာကြီးနှိုက အာခြောက်သွားသဖြင့် ရေတစ်ခွက်ကို သောက်ချလိုက်၏။ စွမ်းတုကြည်က ...

"ဆရာကြီးကို ဘီလူးဓားက သိနေတယ်ပေါ့ ... ဟုတ်လား"

ဆရာကြီးချိုက မုတ်ဆိတ်မွေးရှည်ကို ပွတ်သပ်ချရင်းမှ ...

"သိရုံတင် ဘယ်ကမလဲကွာ၊ သူလူတွေအတွက် သိုင်းပညာ
သင်ပေးဖို့ ငါ့ကို အမြဲတမ်းစည်းရုံးနေတာပဲ၊ ငါက သူတို့ဘက် မပါ
တော့ သိပ်မကျေနပ်ချင်ဘူး၊ ဒါပေမဲ့ သူတို့က သိပ်ပါးတယ်၊ စည်းရုံး
လို့ မရတော့ ငါသင်ပေးလိုက်တဲ့တပည့်တွေကို လှည့်ပြီး စည်းရုံးတာ
ပဲ၊ အဲ တစ်ခုတော့ရှိတာကတော့ သူတို့ စည်းရုံးလို့မရဘူးဆိုရင်တော့
အဲဒီလူကို ရန်သူလို့ သတ်မှတ်ပြီး ဖြစ်တဲ့နည်းနဲ့ သတ်ပစ်မှာပဲ"

စွမ်းတုကြည်မှာ ရုတ်တရက် ကျောချမ်းသွားမိ၏။ စည်းရုံး
ရေး အလွန်ကောင်းနေသော ချိုင်းကို မျက်စိထဲ မြင်ယောင်မိလိုက်
သည်။

ဆရာကြီးက ဆက်လက်၍ ...

"မင်းပြောခဲ့တဲ့စကားထဲမှာပါတဲ့ ချိုင်းဆိုတဲ့ ကလေးမဟာ
သူတို့ရဲ့စည်းရုံးရေးသမားတွေထဲက တစ်ယောက်ပဲ ဖြစ်ရမယ်၊ သူ့ကို
သိပ်ပြီး အထင်သေးလို့မရဘူး၊ ဘီလူးဓားရဲ့ အာဏာထက်ဝက်
လောက်ကို ပိုင်ဆိုင်ထားပြီး သိုင်းပညာလည်း အဆင့်မြင့်တဲ့သူ ဖြစ်ရ
မယ်"

ဆရာကြီးချိုကပြော၍သာ နားထောင်နေရ၏။ စွမ်းတု
ကြည်၏စိတ်ထဲတွင် ချိုင်းကဲ့သို့ သိမ်မွေ့သော မိန်းကလေးသည်



ကြမ်းတမ်းလွန်းသော သိုင်းသမားနှင့် နည်းနည်းမှ မအပ်စပ်ဟု ထင်
ထားမိ၏။

ဆရာကြီးချိုသည် စွမ်းတုကြည်အား ကြည့်၍ ...

"စွမ်းတုကြည်"

"အမိန့်ရှိပါ ဆရာကြီး"

"မင်းကို ငါခေါ်ရတဲ့ ရည်ရွယ်ချက်ကတော့ အများကြီးပါပဲ"

"ဟုတ်ကဲ့ ... ကျွန်တော် နားထောင်ပါ့မယ်"

"မင်း တတ်မြောက်ထားတာက လက်နက်မဲ့တိုက်ခိုက်နည်း
ပဲ ရှိသေးတယ်"

"ဟုတ်ကဲ့"

"ဒီပညာလောက်နဲ့ မလုံလောက်သေးဘူးဆိုတာ လက်
တွေ့မှာ မင်းအကဲခတ်မိရောပေါ့"

"ဟုတ်ပါတယ်"

"အဲဒီတော့ မင်းကို နောက်ထပ် အဆင့်မြင့်သိုင်းပညာအချို့
ကို ငါသင်ကြားပေးမယ်၊ မင်းက ရက်တိုတိုနဲ့ ကြိုးစားပြီး သင်ကြား
ရမယ်"

စွမ်းတုကြည်က ဝမ်းသာအားရဖြင့် ခေါင်းညိတ်လိုက်သည်။
ဆရာကြီးချိုသည် တပည့်အားလုံးကို ကြည့်လိုက်၏။

"အားလုံးနားလည်ထားဖို့က မင်းတို့ကို သိုင်းပညာသင်

ကြားပေးနေတာဟာ တိုင်းပြည်နဲ့လူမျိုးအတွက်ပဲ ဖြစ်ရမယ်၊ နယ်ချဲ့ မန်ချူးတို့ရဲ့ လက်ပါးစေ လုံးဝမဖြစ်စေရဘူး"

သင်တန်းသားအားလုံး ခေါင်းညိတ်လိုက်ကြသည်။

"နောက်တစ်ခုက မင်းတက်ပြီးသမျှပညာကို သူတို့ကို ပြန်ပြီး ဖြန့်ဝေပေးပါ၊ မင်းအတွက်က ညပိုင်းမှာ ငါသင်ပေးမယ်"

ဆရာကြီးချိုသည် လူငယ်ဆယ်ယောက်ကို လက်ညှိုးထိုးပြ၍ ...

"သူတို့အားလုံးဟာ အခကြေးငွေနဲ့ တစ်နယ်တစ်ကျေးက တစ်ယောက်စီ လာကြတဲ့လူတွေ မဟုတ်ဘူး။ ဟွာနန်းမြို့စားကြီးက ရွေးချယ်လွှတ်လိုက်တဲ့ လူတွေပဲဖြစ်တယ်၊ သူတို့ရဲ့ စားရေးသောက်ရေး ကုန်ကျစရိတ်ကိုတော့ ဟွာနန်းမြို့စားကြီးက တာဝန်ယူတယ်"

ဆရာကြီးက ခေတ္တနားပြီးမှ ဆက်ပြောပြန်သည်။

"တကယ်တော့ ဟွာနန်းမြို့စားကြီးဟာ တိုင်းပြည်ကို အင်မတန်ချစ်တဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ သူ့မြို့တော်မှာဆိုရင် နှစ်နှစ်တစ်ကြိမ် သိုင်းယှဉ်ပြိုင်ပွဲတွေ ကျင်းပပေးပြီး လူစွမ်းကောင်းရွေးချယ်တယ်၊ အဲဒီလူစွမ်းကောင်းတွေကို မြှောက်စားချီးမြှင့်တယ်၊ ခုနေအခါမှာ အဲဒါနဲ့ကို အားမရတော့လို့ သင့်တော်တဲ့လူငယ်တွေကို ငါ့ဆီလွှတ်လိုက်တာပဲ၊ တစ်နေ့မှာ မင်းနဲ့ ဟောဒီလူငယ်တွေက ဘီလူးစားနဲ့ ဒုစရိုက်သမားတွေကို လက်တွဲပြီး ချေမှုန်းရမှာပဲဆိုတာ သေသေချာချာ



မှတ်ထားပါ"

စွမ်းတုကြည်သည် ထိုစကားကို ကြားလိုက်ရသဖြင့် အလိုလို ဂမ်းသာအားတက်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ...

မိမိကိုယ်တိုင်လည်း လူငယ်တွေကို စုဆောင်း၍ ထိုကဲ့သို့ ဖြစ်ချင်သောဆန္ဒက တိုက်တွန်းနှိုးဆော်နေသည်မှာ ကြာပြီဖြစ်ရာ ယခုကဲ့သို့ ဆရာကြီးချိုက ပြောလိုက်သဖြင့် စွမ်းတုကြည်သည် ရွှင်လန်းအားရစွာဖြင့် သူနှင့်အနီးဆုံး လူငယ်နှစ်ဦး၏ပခုံးကို လှမ်းဖက်လိုက်လေသည်။

စွမ်းတုကြည်သည် အိပ်မက်လှလှကလေး မက်နေ၏။ အိပ်မက်ထဲတွင် သူမ၏မျက်နှာကို ပြန်မြင်လိုက်ရသောကြောင့် စွမ်းတုကြည်က ဝမ်းသာအားရ ပြေး၍ နှုတ်ဆက်လိုက်သည်။

သူမကလည်း လက်နှစ်ဖက်ကို ဆန့်တန်း၍ ကြိုဆိုနေ၏။ စွမ်းတုကြည်က သူမထံသို့ အပြေးကလေးသွားသည်။ သို့သော် ချိုင်းဆိုသော အမျိုးသမီးက ရှေ့မှ ကာဆီးလိုက်လေသည်။

စွမ်းတုကြည်သည် ဝူးရင်ချိုင်းအား တွန်းဖယ်လိုက်၏။ သို့

သော် ချိုင်းကလည်း မသွားဘဲ မိမိအား ပြန်တွန်းလိုက်သဖြင့် မိမိသာ လဲကျသွားသည်။

ထိုစဉ်မှာပင် အိပ်ရာက ရုတ်တရက် လန့်နိုးလာလေသည်။ စွမ်းတုကြည် တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ဓားပြများလက်ထဲမှ မိမိကယ်တင်လိုက်သည့် လှေပေါ်မှ အမျိုးသမီးကလေး။

သူမ၏အကြည့်က စွမ်းတုကြည်၏ရင်ကို ခုန်စေခဲ့ပေသည်။ ယခု အိပ်မက်ထဲ၌လည်း သူမက ပြုံး၍ လက်ယပ်ခေါ်နေသည်။

"ဩော် ... အိပ်မက်ထဲမှာတောင် ရင်ခုန်ရပါသော မိန်းကလေးရယ်"

စွမ်းတုကြည် တိုးတိုးကလေးပြောလိုက်မိသည်။ ထိုစဉ် ...

"ဆရာလေး မထသေးဘူးလား ... ရေနွေးနဲ့မုန့် ရနေပြီ"

သင်တန်းသားတစ်ဦးက အခန်းဝမှ လှမ်းပြောသဖြင့် စွမ်းတုကြည် မျက်လုံးကို ဖွင့်လိုက်၏။

မှန်၏။ နေရောင်ခြည်သည် ပြတင်းပေါက်မှ တိုးဝင်နေပြီဖြစ်သည်။ စွမ်းတုကြည် ကပျာကယာ လူးလဲထလိုက်သည်။

❑

အဖွဲ့သားအားလုံး ရေနွေးကြမ်းနှင့်မုန့်များ အဆာပြေစား



သောက်ပြီးသည်နှင့် စွမ်းတုကြည်က သင်ကြားပြသပေးရသည်။

နေကလေး အတော်မြင့်လာသောအခါ ဆရာကြီးချို ရောက်ရှိလာသည်။ ဆရာကြီးချိုသည် စွမ်းတုကြည်၏ သင်ကြားပြသမှုကို ခေတ္တမျှ ရပ်၍ ကြည့်ရှုပြီး အားလုံးကို သူ့အနားသို့ ခေါ်လိုက်လေသည်။

ဆရာကြီး၏လက်ထဲ၌ အတော့်ကို ဟောင်းနွမ်းနေပြီဖြစ်သော သိုင်းကျမ်းစာအုပ်တစ်အုပ် ကိုင်ထားသည်။ ဆရာကြီးက ကုလားထိုင်တစ်လုံး၌ အကျအန ထိုင်ပြီးသည်နှင့် သူ၏လက်ထဲမှ စာအုပ်ကို ထောင်ပြလိုက်သည်။

"တကယ်တော့ ဟောဒီသိုင်းကျမ်းဟာ ဘယ်တော့မှ ရိုးတယ်လို့ မရှိဘဲ အမြဲတမ်း ဆန်းသစ်နေရမယ်လို့ အဓိပ္ပာယ်ကောက်လို့ရတဲ့ ရှေးအကျဆုံး ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးရဲ့ မရိုးဆန်းသိုင်းကျမ်းပဲ"

အားလုံးက စိတ်ပါဝင်စားစွာ နားစိုက်နေကြ၏။

"ဒီသိုင်းကျမ်းရဲ့ အဓိကသော့ချက်ကတော့ လက်နက်မဲ့တိုက်ခိုက်နည်းပဲ၊ ဒါပေမဲ့ အဲဒီလက်နက်မဲ့ တိုက်ခိုက်တဲ့နည်းကို နည်းနည်းလေး မှပြောင်းလိုက်တာနဲ့ လက်နက်ကိုင်တိုက်ခိုက်လို့ ရပြန်ရော၊ လိုရင်းကိုပြောရမှာဖြင့် ဒီနှစ်ခုလုံးကို ကျွမ်းကျင်လာတဲ့အခါမှာ ရိုးရိုးလက်နက်ကိုင်ပြီး တိုက်ခိုက်လာတဲ့လူတစ်ယောက်ကို ဘာမှ မှု

စရာမလိုတော့ဘူး"

စွမ်းတုကြည်မှစ၍ သင်တန်းသားအားလုံး ဂရုစိုက်၍ နားထောင်နေသည်။

"နောက်ပြီးတော့ ဒီကျမ်းထဲမှာ ကျင့်စဉ်နဲ့ပတ်သက်ပြီးတော့ အကျယ်တဝင့် ရေးသားထားတာ ရှိတယ်၊ အဲဒါကိုတော့ ငါ အကျယ်တဝင့် ရှင်းမနေတော့ဘူး၊ မင်းတို့က အချိန်မှန်မှန်ကန်ကန်နဲ့ နေ့စဉ်နေ့တိုင်း မပျက်မကွက် လေ့ကျင့်ဖို့ အချက်ကတော့ လိုတယ်"

ဆရာကြီးချိုက စကားကို ခေတ္တရပ်ပြီး တစ်နေရာကို လှမ်းကြည့်လိုက်သည်။ ကြီးမားသော ကျောက်ခဲကြီးတစ်လုံး ရှိနေပေသည်။ သာမန်လူအနေဖြင့် လေးယောက်လောက် မ,ရသည့် ကျောက်တုံးကြီးဖြစ်သည်။

"ကဲ ... မင်းတို့ထဲက ဟောဟိုကျောက်တုံးကို မ,ပြီး ပခုံးပေါ် သွားတင်ကြစမ်း"

ကျောင်းသားများက လှည့်ကြည့်၍ အချို့က ပခုံးတွန့်လိုက်သည်။

"ကျွန်တော်တို့ မ,ဖူးပါတယ် ဆရာကြီး ... မနိုင်ပါဘူး"

"အဲဒီကျောက်တုံးကို အသာအယာ မ,ပြီး ပခုံးပေါ် တင်နိုင်တဲ့လူ ရှိတယ်ဆိုရင် မင်းတို့ယုံမလား"

ကျောင်းသားများ၏စိတ်ထဲတွင် မယုံနိုင်အောင် ဖြစ်နေ



သော်လည်း ဆရာကြီး၏စကားဖို့ မည်သူမှ စောဒကတက်၍ မပြောကြပါ။

"မယုံမရှိနဲ့ ကဲ စွမ်းတုကြည် ... သွားထမ်းပြလိုက်"

စွမ်းတုကြည်သည် ကျောက်တုံးကြီးအနားသို့ သွား၍ လေကို တစ်ဝရှူသွင်းကာ ချီမ,လိုက်ပြီး ပခုံးပေါ် တင်လိုက်လေသည်။

"ဟယ်"

"ဟာ"

"ဟင်"

အာမေဍိတ်သံများ အသီးသီးပေါ်ထွက်လာသံ ကြားလိုက်ရသည်။ ကျောင်းသားများသည် သူတို့အား သင်ကြားပေးနေသည့် ဆရာလေး စွမ်းတုကြည်သည် ဤမျှလောက် အစွမ်းထက်လိမ့်မည်ဟု လုံးဝမထင်မိခဲ့ကြပေ။

ဆရာကြီးချိုက အသာအယာ ပြုံး၍ သူ၏ဩဝါဒစကားများကို ဆက်ပြောပြန်သည်။

"စွမ်းတုကြည်ဟာဆိုရင် တစ်ချိန်တည်းမှာ ရန်သူနှစ်ဦးကို အသာကလေးကိုင်ပြီး ပစ်ပေါက်နိုင်တယ်၊ မင်းတို့တစ်တွေကော အဲဒီအဆင့်ထိ မရောက်ချင်ဘူးလား"

"ရောက်ချင်ပါတယ် ဆရာကြီး"

ဆရာကြီးချိုက ပြုံး၍ ...

"ကောင်းပြီ ... မင်းတို့ဆရာလေး စွမ်းတုကြည်က သင်ကြားပေးလိမ့်မယ်"

❑

(ဤအခန်းတွင် ထိုသိုင်းကျမ်းနှင့် ပတ်သက်၍ ကျင့်စဉ်များကို အကျယ်တဝင့် ရေးသားဖော်ပြထားသော်လည်း စာရှုသူများအနေဖြင့် ပျင်းရိငြီးငွေ့စရာအဖြစ် ကြုံသွားလေမလားဟု စေတနာဖြင့် ချန်လှပ်ခဲ့သည်ကို ခွင့်လွှတ်ပါ။ သို့သော် အဓိပ္ပာယ်မပျက်စေဘဲ လိုရင်းကို ခြုံငုံ၍ ရေးသားထားပါသည်။ ဘာသာပြန်သူ)

စွမ်းတုကြည်သည် မိမိသင်ကြားခဲ့ရသည့်အတိုင်း သင်တန်းသားများအား လှေကျင့်သင်ကြားစေပေသည်။ ပထမနေ့တွင် ကြီးမားသော တောင်းကြီးထဲ၌ သေးငယ်သော လက်သီးဆုပ်အရွယ်လောက် ခဲတစ်လုံးထည့်၍ တောင်ပေါ်သို့ ပြေးတက်စေသည်။

နေ့စဉ်နေ့တိုင်း တစ်လုံးတစ်လုံး ထပ်မံထည့်ကာ ပြေးစေသည်။ လှေကျင့်သူများအနေဖြင့် သိသိသာသာ လေးလံသွားခြင်း မရှိပါ။

နှစ်လကျော်လာသောအခါ ကျောက်ခဲလုံးများ တောင်း



ထက်ဝက်နီးပါး ရှိနေပြီဖြစ်၏။ သို့သော် လှေကျင့်သူများအဖို့ စ၍ လှေကျင့်စဉ်ကထက် အနည်းငယ်သာ လေးလာသည်ဟုထင်ရသည်။

ကျောက်ခဲတောင်းထမ်း၍ တောင်ပေါ် ပြေးတက်ရသော ခြေထောက်များသည် ဘာမှ မပါဘဲ ပြေးတက်သောအခါ အလိုလိုပေါ့ပါး၍ ခါတိုင်းထက် လျင်မြန်နေသည်ကိုလည်း သင်တန်းသားများအဖို့ အံ့ဩဖွယ်ရာ တွေ့ကြုံနေရပေသည်။

ညနေပိုင်း မြစ်ဆိပ်သို့ သွားရသည်။ ပေါင်အထိမြုပ်သော ရေထဲ၌ လျင်မြန်စွာ အပြေးလှေကျင့်ရ၏။ ပထမတော့ ခြေထောက်များသည် ရေအားကို အတင်းတွန်းကန်၍ ပြေးနေရသောကြောင့် မလျင်မြန်ပေ။

ကြာသော် သူတို့၏ ခြေထောက်များသည် ရေထဲ၌ပင် ဖြစ်လင့်ကစား ကုန်းပေါ်၌ ပြေးလွှားသလောက်ပင် ခရီးတွင်ကျယ်နေတော့သည်။

ထိုသို့ လှေကျင့်နေသည့်ကြားထဲကပင် အတွင်းအားကိုပါ ဖြည့်စွက်ထားပေးပြန်ရာ သင်တန်းသားများသည် မြေပေါ်တွင် ခရီးသွားလာသည့်အခါ၌ မပင်ပန်းဘဲ သွက်လက်လျင်မြန်နေသည်ကို တွေ့မြင်ရတော့သည်။

ထို့ကြောင့် သင်တန်းသားများသည် နောင်လာမည့် နှစ်နှစ်သုံးနှစ်အတွင်းမှာပင် စွမ်းတုကြည်၏အဆင့်လောက် ပေါက်ရောက်

တတ်မြောက်ကြမည်မှာ သေချာနေပေသည်။

ထို့အတူ စွမ်းတုကြည်သည် ယခုထက် မြင့်မားနက်ရှိုင်းသော သိုင်းပညာများ ထက်မြက်နေတော့မည်မှာ မလွဲပေ။

❑

မှန်မှန်လေ့ကျင့်သောအချိန်နှင့် သိုင်းပညာ၏ တိုက်ခိုက်နည်း သင်ကြားချိန်များကို ခွဲခြားထားရသည်။ စွမ်းတုကြည်သည် ချွေးတလုံးလုံးဖြင့် မနားမနေ ပြသနေပေ၏။

ဆရာကြီးချိုသည် ခဲလုံးထည့်ထားသည့် တောင်းများကို သွားရောက်ကြည့်ရှုကာ စွမ်းတုကြည်အနီးသို့ ရောက်ရှိလာ၏။

ခဲလုံး ထည့်ထားသော တောင်းများကို ကြည့်ခြင်းအားဖြင့် ကြာမြင့်လာသော အချိန်ကာလကို ဆရာကြီးချိုက ခန့်မှန်းနိုင်ပေသည်။

"သူတို့ကို သင်ကြားပေးနေတာ ခြောက်လပြည့်တော့မယ်နဲ့ တူတယ်"

စွမ်းတုကြည်က စဉ်းစဉ်းစားစားဖြင့်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာကြီး"

"မင်း ခဲလုံးတွေကို တဖြည်းဖြည်း လျှော့လာတယ် မဟုတ်



လား"

"ဟုတ်ကဲ့ ... အခုဆိုရင် ဆီးသီးအရွယ်လောက်ပဲ ထည့်ပါတယ်"

ဆရာကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ကောင်းတယ် ... ဒါမှ နောက်တစ်နှစ်လောက်ဆိုရင် ဟောဟိုကျောက်တုံးကြီးလောက် ဖြစ်လာမှာနဲ့ အတော်ပဲနေမှာပေါ့"

ဆရာကြီးချိုက ထိုကဲ့သို့ပြောပြီး နှစ်ယောက်တွဲ တိုက်ခိုက်မှု လေ့ကျင့်နေသော သူများအား ကြည့်ရှုပေသည်။ စွမ်းတုကြည်သည် ဆရာကြီးချို၏ အနားသို့ တိုးကပ်၍ ...

"ဆရာကြီး"

"ဟင်"

"ကျွန်တော်တို့ စားသောက်ရေးရိက္ခာ တော်တော်ကလေး လိုအပ်နေပြီ"

ဆရာကြီးချိုမှာ ယခုမှ သတိရသွားသကဲ့သို့ ...

"အေး ... ဟုတ်သားပဲ၊ နေပါဦး ... ဟွာနန်းမြို့စားကြီးဆီကလည်း စားနပ်ရိက္ခာပို့မယ်လူတွေ ဘာလို့မရောက်သေးပါလိမ့်"

ဆရာကြီးက စဉ်းစဉ်းစားစားဖြင့် ခပ်တိုးတိုး ညည်းတွားလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသကဲ့သို့ ...

"ဪ ... ဟွာနန်းမြို့မှာ သိုင်းပြိုင်ပွဲကျင်းပမယ့် ရက်ပဲ၊ အဲဒီအတွက် အလုပ်များနေလို့ မလာသေးတာ ဖြစ်လိမ့်မယ်"

"ကိစ္စမရှိပါဘူး ဆရာကြီး ... ဒီကိစ္စ ကျွန်တော် ကြည့်ပြီး စီစဉ်ပါ့မယ်"

ဆရာကြီးချိုသည် စွမ်းတုကြည်အား မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"ဘာကို မင်းက စီစဉ်မှာလဲ"

"ကျွန်တော့်မှာ ငွေကြေးရှိပါတယ်၊ ဟွာနန်းမြို့စားကြီးဆီက မလာခင် ကျွန်တော်ပဲ စားနပ်ရိက္ခာ သွားဝယ်ထားလိုက်ပါ့မယ်"

တကယ်တော့ စွမ်းတုကြည်မှာ ငွေကြေးမရှိပေ။

သူ့ဖခင် သေခါနီးပေးသွားသော အထုပ်ကို တစ်ညနေ့ ဖြည်ကြည့်မိသည်။ သူ့အနေဖြင့် အမှန်ထူးခြားမှုမရှိသော ဆွဲကြိုးတစ်ကုံးသာ ဖြစ်ပေသည်။

ထိုဆွဲကြိုးကို ထုခွဲရောင်းချ၍ စားနပ်ရိက္ခာဝယ်မည်ဟု စဉ်းစားပြီး ပြောလိုက်ခြင်းပင်။

"မင်း ငွေမစိုက်ပါနဲ့ကွာ ... ငါ့ဆီမှာ ရှိပါတယ်"

"ရပါတယ် ဆရာကြီး ... ကျွန်တော့်ငွေကြေးနဲ့ပဲ ဝယ်ခြမ်းပါရစေ၊ ကျွန်တော် လူငယ်တစ်ယောက်ကိုခေါ်ပြီး သုံးလေးရက်လောက်သာ ခရီးထွက်ခွင့်ပြုပါ"



မတတ်သာသည့်အဆုံး ဆရာကြီးချိုက ခေါင်းညိတ်လိုက်ရသည်။

"အေးပေါ့ကွာ ... ဒါဖြင့်လည်း ခွင့်ပြုရတာပေါ့"

## အခန်း (၁၀)

### လှုပ်ရှားကောင်းရွေးချယ်သည့်ပွဲ

တာဝီးက မကျေမနပ်ဖြင့် ဗျစ်တောက်ဗျစ်တောက်လုပ်နေသည်။

တာဝီးမကျေနပ်သူမှာ ကျောက်ချိန်းပင် ဖြစ်သည်။

အမှန်ဆိုလျှင် သည်လိုနေ့ရက်မျိုးမှာ ကျောက်ချိန်းက ကူညီလုပ်ကိုင်သင့်သည်ဟု ထင်သည်။ ယခု ကျောက်ချိန်း အိပ်ရာကပင် မထသေး။

"ကို့ကျောက်ချိန်း"

တာဝီးကုန်းအော်သည်။ ဟန်ယို့က တာဝီးအား မျက်စောင်းထိုးသည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ တာဝီး၊ သူ့ဘာသာသူ အိပ်တာအိပ်နေပါစေလား"

တာဝီးက ဇနီးသည်ကို ဒေါသဖြင့် ပြန်ကြည့်လိုက်၏။



"နင် အလိုလိုက်ထားလို့ ဒီကောင် ဒီလောက် ပျက်စီးနေတာ"

"ဟုတ်ပါတယ်၊ ကျွန်မကတော့ အလိုလိုက်ထားတယ်၊ ရှင်ကကော ဘယ်နှခါများ ရိုက်ပြီး ဆုံးမဖူးလို့လဲ"

တာဝီး ခေတ္တ ပါးစပ်ပိတ်သွားသည်။ တာဝီးတို့ဆိုင်ကလေးသည် အသားပေါက်စီ၊ အသားပေါင်မုန့်နှင့် ခေါက်ဆွဲပြုတ်၊ ခေါက်ဆွဲကြော်များ ရောင်းသောဆိုင် ဖြစ်သည်။

ခါတိုင်းဆိုလျှင် ဤလုပ်ငန်းများကို တာဝီးက အနည်းအကျဉ်း အကူအညီပေးရုံနှင့် ဟန်ယို့တစ်ဦးတည်း လုပ်ကိုင်ရောင်းချသွားနိုင်သည်။

ယခုရက်ပိုင်းအတွင်းမှာ လက်မလည်အောင် ရောင်းချနေရသည်။ အနယ်နယ်အရပ်ရပ်မှ သိုင်းပညာရှင်များ၊ ဝါသနာရှင်များ၊ လေ့လာသူများနှင့် ပြိုင်ပွဲကြည့်ရှုရန် လာရောက်သူများသည် ဟွာနန်းတစ်မြို့လုံး ကြက်ပျံမကျ စည်ကားလျက် ရှိသည်။

ဆိုင်ကြီးဆိုင်ငယ် အသွယ်သွယ်တို့မှာ လက်မလည်အောင် ရောင်းချရသည်။ တည်းခိုခန်းကြီးများတွင် နေရာမလပ်ရှိအောင် ပြည့်ကျပ်နေကြ၏။

ဤနေ့ဤရက်များတွင် တာဝီးအနေနှင့် သားဖြစ်သူ ကျောက်ချိန်းက ကူညီ၍ ရောင်းချပေးစေချင်သည်။

သို့သော် ကျောက်ချိန်းက အိပ်ရာကမထသေး။

သုံးလေးခွန်းအော်ခေါ်မှ ကျောက်ချိန်း နိုးလာသည်။ သူသည် အိပ်ရာမှ နိုးသည်နှင့် အမြန်ဆုံး ရေမိုးချိုးလိုက်၏။ တာဝီးက လှမ်းအော်သည်။

"ဟေ့ ကိုကျောက်ချိန်း၊ ငါ ဘုရားကျောင်းကို သွားစရာရှိသေးတယ်၊ မင်း ဒီမှာ ဝိုင်းလုပ်ပါ"

ကျောက်ချိန်းက အင်္ကျီတစ်ထည်ကို ကောက်စွပ်ရင်းမှ ...

"အဖေ ... ဒီမှာဝိုင်းလုပ်ပါ၊ ဘုရားကျောင်းတာဝန်ကို ကျွန်တော် ယူလိုက်ပါ့မယ်"

ကျောက်ချိန်း ပြောပြောဆိုဆို ပြေးဆင်းသွားသည်။ တာဝီးက မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်နေမိသည်။ ဟန်ယို့က ပြုံးလိုက်၏။ နောက်မှ တာဝီး တစ်စုံတစ်ခုကို သတိရသွား၏။

"ဩော် ... ဒီကောင် ဘုရားကျောင်းသွားမှာပေါ့၊ ဒီနေ့ ဥပုသ်နေ့ကိုး"

ဟု လွှတ်ခနဲ ပြောလိုက်မိတော့သည်။

❑

မြို့စားကြီး၏ ရတနာကျောက်စီဓား ရရှိဖို့အတွက် သိုင်း



ပြိုင်ပွဲကြီး ကျင်းပလာသည်မှာ သုံးရက်ပြီးမြောက်ခဲ့ပြီ ဖြစ်ပေသည်။ ထိုသိုင်းပြိုင်ပွဲကို ငါးရက်တိတိကျင်းပရမည် ဖြစ်လေသည်။

သုံးရက်လုံးလုံး ပြိုင်ခဲ့သောပွဲများမှ အနိုင်ရရှိသူများတွင် အမည်းရောင်သိုင်းသမား တောင်သုံးလုံးလုံစန်း ပါဝင်နေသည်။

မြို့စားကြီးနှင့်အတူ အားလုံးသောပုဂ္ဂိုလ်များ၏ လူစွမ်းကောင်း ရွေးချယ်ရသော ရည်ရွယ်ချက်မှာ ...

ထိုပြိုင်ပွဲမှ ပေါ်ပေါက်သည့် လူစွမ်းကောင်းဓားသမားသည် တိုင်းပြည်အတွက် အသက်ပေး၍ ရှပ်ရှပ်ချွံချွံ ကာကွယ်စောင့်ရှောက်မည့်သူဖြစ်ရမည်ဟူသော ရည်ရွယ်ချက် ဖြစ်ပေသည်။

ယခုကဲ့သို့ နာမည်ဆိုးနှင့် ကျော်ကြားခဲ့ရုံသာမက ဒုစရိုက်သမား ဘီလူးဓား၏အဖွဲ့သားတစ်ယောက် ဖြစ်နေသော တောင်သုံးလုံး လုံစန်းသာ ဗိုလ်စွဲသွားပါက ဗိုလ်မှူးကလေးရာထူးကို ပေးလိုက်ပါလျှင် ဟွာနန်းတစ်မြို့လုံးသည် ကပြောင်းကပြန် ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

အကဲဖြတ်လူကြီးတစ်ဦးက ...

"မြို့စားကြီးက ဘာလို့ သူ့ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုရတာလဲ"

ဟု ဝင်မေးသည်။

မြို့စားကြီးကျိုးသည် စည်းဝေးခန်းမကြီး၏ မျက်နှာကြက်

ကို မော့ကြည့်နေရင်းမှ သက်ပြင်းတစ်ချက်ကို ချလိုက်လေသည်။

"ကျုပ်တို့ရဲ့စည်းကမ်းချက်ထဲမှာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်ဆိုတဲ့ အချက်က ပါနေတော့ ခွင့်ပြုရမှာပဲ၊ ဒါပေမဲ့ ကျုပ်စဉ်းစားမိတာ တစ်ခုတော့ ရှိတယ်"

မြို့စားကြီး၏စကားကို အားလုံးနားစွင့်နေသည်။

"တကယ်လို့ တောင်သုံးလုံးလုံစန်းက နိုင်သွားရင်လည်း သူ့ကို ကိုယ့်ဘက်သားဖြစ်အောင် သိမ်းသွင်းရမှာပေါ့"

မြို့စားဂေဟာမှ တပ်မှူးကြီးတစ်ဦးက ခေါင်းခါယမ်းလိုက်သည်။

"ဒီလူဟာ ဘယ်တော့မှ တိုင်းပြည်အကျိုးကို ကြည့်မယ့်လူစားမျိုးတော့ ဟုတ်မယ်မထင်ဘူး"

ထိုအခါ ကျားဂေဟာမှ ချင်းချင်း၏ဖခင်ဖြစ်သူ သိုင်းဆရာကြီး ချင်းမုရှမ်းက ...

"ကျုပ်တပည့် မျိုးချစ်လူငယ် ပေါက်လုစင်းဟာ လုံစန်းကို အနိုင်ရလိမ့်မယ်လို့တော့ ထင်ထားတာပဲ"

"ပေါက်လုစင်းလိုလူငယ်ကလေးက အနိုင်ရသွားလို့ကတော့ အကြောင်းလားဗျာ၊ ကျုပ်တို့တစ်တွေ လက်ပမ်းပေါက်ထခတ်ရုံပေါ့"

ဒိုင်ချုပ်ကြီးက ဝင်ပြောလိုက်ခြင်း ဖြစ်၏။



မြို့စားကြီးကျိုးက ...

"အေး... ... ဒီနေ့ပွဲက အဖြေပေးမှာပဲ၊ တကယ်လို့ လုံစန်းက ဗိုလ်စွဲသွားရင်လည်း မနက်ဖြန် သူက စိန်ခေါ်ရဦးမှာမဟုတ်လား"

တပ်မှူးကြီးက ...

"အင်း ... လုံစန်းက စိန်ခေါ်လို့ ယှဉ်ရဲမယ့်သူက ခပ်ရှားရှားပဲ"

ဟု ဝင်ပြော၏။

အကဲဖြတ်လူကြီးတစ်ဦးက ...

"တပ်မှူးကြီးက ဝင်ပြီးယှဉ်ပြိုင်ဖို့ ကောင်းတယ်"

တပ်မှူးကြီးသည် အံကိုကြိတ်၍ မြို့စားကြီးအား ကြည့်လိုက်သည်။ မြို့စားကြီးက ခေါင်းခါယမ်းလိုက်၏။

"ပြိုင်ပွဲမှာ ကျောက်စီခံရထားတဲ့သူဟာ နောက်နှစ်ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခွင့် မရှိတော့ပါဘူးဗျ"

တပ်မှူးကြီးသည် လွန်ခဲ့သောနှစ် ပြိုင်ပွဲတုန်းက ရတနာကျောက်စီရထားသောကြောင့်ပင်။ နောက်ဆုံး၌ မြို့စားကြီးက ...

"ကဲပါ ... ကျုပ်တို့က အဖြူအမည်း မသိရသေးခင် ပြောနေလို့လည်း သိပ်အကျိုးထူးမှာ မဟုတ်ဘူး၊ ဒီနေ့ပွဲကိုသာ ဆက်လက်ယှဉ်ပြိုင်ကြပါ"

ဟု ပြောရင်း ဆွေးနွေးတိုင်ပင်ပွဲကို နိဂုံးချုပ်လိုက်၏။

❑

ဘုရားကျောင်းအတွင်း၌ ဘုရားဝတ်ပြုနေသူများဖြင့် စည်ကားနေပေသည်။ သခင်မလေး စုကျိုးနှင့် ကျောက်ချိန်းတို့ စကားပြောနေသည်ကို ချင်းချင်းက တစ်နေရာမှ ချောင်းကြည့်နေ၏။

ကျောက်ချိန်းသည် စုကျင်းက မြှောက်ပင့်ပေးနေသည်ကို အဟုတ်ကြီး ထင်မှတ်နေပေ၏။

"တကယ်တော့ နင်က သတ္တိမရှိပါဘူး"

ကျောက်ချိန်းမျက်နှာ ရဲခနဲ ဖြစ်သွား၏။

"ဘာလဲ ... သချိုင်းကုန်းထဲမှာ နောက်ထပ် ပန်းအိုးတစ်လုံး ကျန်သေးလား"

စုကျင်းက ပြုံးလိုက်သည်။

"သချိုင်းထဲက ပန်းအိုးယူနိုင်တာနဲ့ သတ္တိရှိပြီလို့ နင်က ထင်နေသလား"

"သခင်မလေးက ကျုပ်ကို ဘာဖြစ်စေချင်တာလဲ"

"ငါက နင့်ကို လူစွမ်းကောင်းကြီးတစ်ယောက် ဖြစ်စေချင်တာပေါ့"



"ဘာလုပ်ပြရမလဲ ... ပြော"

စုကျင်းသည် စိတ်ထဲ၌ အတော်ရယ်ချင်နေပြီ ဖြစ်သော်လည်း မရယ်ဘဲ ပြုံးရုံသာ ပြုံးနေလိုက်၏။

"နင် သတ္တိရှိရင် သိုင်းပြိုင်ပွဲမှာ ဝင်ပြိုင်ပါလား"

"အင်"

ကျောက်ချိန်းမျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ဘာလဲ ... မပြိုင်ရဲဘူးလား"

ကျောက်ချိန်းက ရှက်ရှက်နဲ့ ရယ်မောလိုက်၏။

"အချိန်မကျသေးလို့ပါ"

စုကျင်းသည် အသံထွက်အောင် ရယ်၍ ...

"ဘယ်အချိန်ကို ပြောတာလဲ ... နင်နဲ့ပြိုင်မယ့်သူက ခုချိန်ထိ မမွေးသေးတာကို ပြောတာလား"

"သခင်မလေးက ကျုပ်ကို အထင်မသေးပါနဲ့ ကျုပ်တက်ပြိုင်ပြမယ်"

"နင်က တက်ပြိုင်မယ်သာပြောနေတာ ... မနက်ဖြန်ဆိုရင် တစ်ယောက်ယောက်ဟာ ဗိုလ်စွဲသွားပြီး အဲဒီရတနာဓားကို ငါကိုယ်တိုင် နှီးမြှင့်ရမှာ"

"အဲဒီ ဓားပိုင်ရှင်ဟာ ကျုပ်ဖြစ်လာမှာပါ"

စုကျင်းနှင့် ကိုယ်ရံတော် အမျိုးသမီးနှစ်ယောက်သည်

တဝါး ဝါး ပွဲကျသွားကြ၏။

“ဒါဆိုရင် နက်ဖြန်အထိ စောင့်ကြည့်ရဦးမှာပဲ”

စုကျင်းက ထိုကဲ့သို့ပြောပြီး ဘုရားကျောင်းဆီသို့ လျှောက်သွားသည်။ ထိုမှ ဘုရားဝတ်ပြုပြီးသည်နှင့် မြင်းရထားဖြင့် ပြန်သွားတော့သည်။

မြင်းလှည်းပေါ်မှ စုကျင်းက လက်ပြသည်၊ မပြသည် မသိရသော်လည်း ကျောက်ချိန်းက လက်များဝှေ့ယမ်းပြနေ၏။

❑

“နင် ဘာအရူးထနေတာလဲ ကျောက်ချိန်း”

ချင်းချင်းက ရယ်ရယ်မောမောနှင့် ရောက်လာပြီး မေးလိုက်သည်။

“ငါမရူးပါဘူး။ သိုင်းပြိုင်ပွဲ နောက်ဆုံးနေ့မှာ ဝင်ပြိုင်မလို့ သခင်မလေးကိုတောင် ငါကတိပေးလိုက်ပြီ”

ချင်းချင်း၏ မျက်လုံးနှစ်လုံးမှာ ဝိုင်းစက်သွားတော့သည်။

“ဘုရား ဘုရား ... နင် တကယ်ပြောတာလား”

“တကယ်ပေါ့”

“အင်း ... ငါတော့ ဝိုက်ဆံကုန်ဦးမှာပဲ”



ကျောက်ချိန်းက နားမလည်သလို ချင်းချင်းကို ပြန်ကြည့်လိုက်သည်။

“နေပါဦး ... နင်က ဘယ်သူ့ဘက်က လောင်းမှာမို့ ပိုက်ဆံကုန်ရမှာလဲ”

“သေချာပေါက် ငွေရချင်ရင်တော့ တစ်ဖက်လူဘက်က လောင်းလိုက်ရုံပါပဲ၊ ငါ ငွေကုန်ဦးမယ်လို့ ပြောတာက နင့်အတွက် ခေါင်းဝယ်ထားဖို့ ပြောတာပါ”

“သွားစမ်းပါ ... နင့်ပါးစပ်ပုပ်ကြီးနဲ့”

❑

ချင်းချင်းက ကျောက်ချိန်းအား တကယ်ပင် ကြင်နာစွာ ကြည့်နေမိ၏။

“ကျောက်ချိန်း”

“အင်း ... ပြော”

“နင့်ကို လူတွေက အရူးအပေါလို့ ပြောနေဆိုနေကြတာ နင် မရှက်ဘူးလား”

ကျောက်ချိန်းက ရယ်လိုက်သည်။

“သူတို့ဟာသူတို့ ပါးစပ်အားလို့ ပြောနေကြတာ ပြောပါစေ

ပေါ့ဟ၊ ငါ ဘာလို့ ရှက်ရမှာလဲ"

ချင်းချင်း စိတ်ပျက်သွားမိသည်။

"ဒါထက် နေပါဦး ... နင်က သခင်မလေး စုကျင်းကို သိုင်းပြိုင်ပွဲဝင်ရောက်ပါ့မယ်လို့ ကတိပေးလိုက်တာတော့ ဟုတ်ပါပြီ ... နင်က ဘာတတ်လို့လဲ"

"ဟ ... ငါလည်း တတ်သလောက်နဲ့ ဝင်ပြိုင်မှာပေါ့၊ မနိုင်လို့ ရှုံးတော့ အကြောင်းလား"

"ရိုးရိုးသားသား ရှုံးသွားလို့က တော်သေးတာပေါ့ ... ဟိုက အသေသတ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ငါ့အသက်တော့ ငါကြိဖန်ပြီး ကာကွယ်တတ်ပါသေးတယ်ဟာ"

ချင်းချင်းက သက်ပြင်းရှည်ကြီး ချလိုက်လေသည်။

"နင်က ဒီနေ့ ဝင်ပြိုင်မှာလား"

"ဘာလို့ ဒီနေ့ ပြိုင်ရမှာလဲ ... သူတို့ထဲက တက်လာတဲ့ဗိုလ်နဲ့မှ ဝင်ပြီးပြိုင်မှာ"

"မြတ်စွာဘုရား"

ချင်းချင်း ရင်ဘတ်ကိုဖိ၍ ဘုရားတလိုက်မိသည်။

"ဘာလဲ ... နင်က ငါမယုံရဲဘူး ထင်လို့လား"

"မထင်ပါဘူး၊ နင့်ကို သူများတကာတွေက သောက်ရူးလို့



ပိုင်းအော်ကြမှာစိုးလို့"

"အော်စမ်းပါစေ ... အဲသည်လိုအော်တဲ့ကောင်တွေက ငါ့လို တောင် ယှဉ်ရဲရဲ့လား ... နင် သွားမေးကြည့်စမ်း"

ချင်းချင်း ပါးစပ်ပိတ်သွားသည်။ အတန်ကြာမှ ...

"လူကြည့်ကောင်းအောင်တော့ နည်းနည်းပါးပါး တတ်ထားဖို့ ကောင်းတယ်"

ချင်းချင်းက ထိုကဲ့သို့ ပြောလိုက်သဖြင့် ကျောက်ချိန်းက မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"နင် နည်းနည်းပါးပါး ပြပေးပါလား"

ချင်းချင်းသည် သက်ပြင်းချမိလိုက်ပြန်သည်။

ကျောက်ချိန်းသည် သူများမြှောက်ပေးလျှင် မြှောက်ပေးသလောက် လုပ်မည့်လူစားမျိုးဖြစ်သည်။ သို့သော် ကျောက်ချိန်းက အရိုင်းသက်သက်တော့ မဟုတ်ပေ။ သူသည် ဝါသနာကြီးလွန်း၍ ဟိုလူ့နည်းနည်းပြခိုင်း၊ ဒီလူ့နည်းနည်းပြခိုင်းနှင့် မတောက်တစ်ခေါက် တတ်ကျွမ်းထား၏။

သို့ပြင် မိမိတို့၏ ဂေဟာသို့လည်း အချိန်မှန်မှန် လာရောက်ကာ ချောင်းမြောင်းကြည့်ရှုခဲ့သော နေ့ရက်များကလည်း မနည်းပါပေ။ ကျောက်ချိန်းသည် သုံးလေးကွက်အထိတော့ ခံနိုင်ရည်ရှိမှာပဲဟု ချင်းချင်းက စဉ်းစားမိလိုက်သည်။

"ကျောက်ချိန်း"

"ပြော"

"လာ ... နင်နဲ့ငါနဲ့ နည်းနည်း ကစားကြည့်ရအောင်"

ချင်းချင်းက ပြောပြောဆိုဆို ကျောက်ချိန်းအား ညာခြေထောက်ဖြင့် ပတ်ပြီး ရိုက်ချလိုက်သည်။

ကျောက်ချိန်းက လျင်မြန်စွာ ငုံ့ရှောင်ပြီး ချင်းချင်း၏ ဇက်ပိုးကို ပြန်၍ရိုက်ချ၏။

ချင်းချင်း ကျေနပ်သလိုဖြစ်သွားမိသည်။ မိမိပြေးကန်သော အကွက်မှာ တော်ရုံတန်ရုံ ရှောင်တိမ်းဖို့ ခဲယဉ်းလှ၏။

သို့သော် ကျောက်ချိန်းရှောင်တိမ်းပုံမှာ ပရမ်းပတာမဟုတ်ဘဲ အကွက်ကျကျ ရှောင်တိမ်းနိုင်သည့်အပြင် တန်ပြန်ရိုက်ချက်ကိုလည်း တစ်ဆက်တည်း ပြုလုပ်နိုင်သည့်အတွက် ချင်းချင်း ကျေနပ်အားရသွားမိခြင်း ဖြစ်သည်။

ချင်းချင်းက ခါးကို အနည်းငယ် ကိုင်း၍ ကျားချောင်းသလိုချောင်းကာ ...

"လာမယ်နော် ... ယား"

ချင်းချင်းက ပါးစပ်မှအော်ဟစ်ကာ ကျောက်ချိန်းထံ ခုန်ဝင်၍ တံတောင်ဆစ်ဖြင့် မေးရိုးကို ပင့်ရိုက်လိုက်သည်။

'ခွပ်'



ဟူသောအသံနှင့်အတူ ကျောက်ချိန်း ဖင်ထိုင်လျက် လဲကျသွားတော့၏။

ကျောက်ချိန်း မည်သို့မျှ မရှောင်တတ်တော့ပါ။ စောစောကကဲ့သို့ပင် ခြေထောက်နှင့်ပစ်ဝင်မည်ဟု ထင်ထားရာမှ ရုတ်တရက် တံတောင်ဆစ်က မိမိ၏မေးရိုးကို ရိုက်ချလိုက်ရာ မဟန်နိုင်ဘဲ လဲကျသွားခြင်း ဖြစ်သည်။

ချင်းချင်းက ပြေး၍ ထူလိုက်သည်။

"နင် ဒီအကွက်ကို မရှောင်နိုင်တော့ဘူး မဟုတ်လား"

ကျောက်ချိန်းက ရှုံ့မဲ့၍ ထလိုက်၏။

"နင့်တံတောင်ဆစ်က တော်တော်ပြင်းတာပဲ"

ချင်းချင်း စိတ်မကောင်း ဖြစ်သွားသည်။

"ဒါနဲ့များ နင်က ပြိုင်ပွဲဝင်မယ်ဆိုတာ ငါဖြင့် စဉ်းစားလို့မရဘူး"

ကျောက်ချိန်းက ဖုန်များကို ခါလိုက်လေသည်။ ပြီးမှ ချင်းချင်းကို ကြည့်၍ ...

"နင် ဒီနေ့ပြိုင်တာ သွားမကြည့်ဘူးလား"

"နင်ကောလိုက်မလား"

"ငါ မအားသေးဘူး။ ဒီမှာ လုပ်စရာတွေ အများကြီး ကျန်သေးတယ်"

"ဒါဖြင့် ငါသွားမယ်"

ချင်းချင်းက ပြောပြောဆိုဆို ထွက်သွားတော့၏။

❑

မြိုင်ပွဲကွင်းကြီးတစ်ခုလုံး အုတ်အော်သောင်းတင်း ဆူညံနေတော့၏။

ပွဲမှာ မျိုးချစ်လူငယ်ပေါက်လုစင်းနှင့် တောင်သုံးလုံး လုစန်းတို့၏ နောက်ဆုံးပွဲ ဖြစ်နေပေသည်။

နတ်မျက်စိ ကျင်းဝါသည် သိုင်းကွက်သုံးရာအရောက်တွင် အရှုံးပေးလိုက်ရပြီး လျှပ်စစ်ဓားချန်ကူးက လုစန်းအား လုံးဝ မယှဉ်တော့ဘဲ အရှုံးပေးလိုက်ခြင်း ဖြစ်သည်။

ယခု နောက်ဆုံးပွဲမှာ ပေါက်လုစင်းနှင့် လုစန်းတို့၏ ပွဲပင် ဖြစ်လေသည်။

ရာပေါင်းများစွာသော ပရိသတ်တို့မှာ အော်ဟစ်ဆူညံ၍ နေပေသည်။

နောက်ဆုံးမှ နေရာယူထားသော သာမန်ပရိသတ်များက ဝိုမို၍ ဆူညံနေခြင်းဖြစ်၏။

သူတို့အထဲတွင် လောင်းကစားသမားများက အများဆုံး



ပါဝင်နေသောကြောင့် ဖြစ်၏။

မြိုင်ပွဲကြည့် ပရိသတ်များကို စနစ်တကျ ခြင်းဆင်ထားပေးသည်။

မြို့စား၊ နယ်စားများနှင့် မြို့မျက်နှာဖုံးလူကြီးများ၊ အကဲဖြတ်လူကြီးများက ရှေ့ဆုံးမှ နေရာချထားပေးခြင်း ခံရ၏။

သူတို့နောက်မှ အနယ်နယ် အရပ်ရပ်မှလာသော သိုင်းပညာရှင်ကြီးများ၊ အထူးဧည့်သည်တော်ကြီးများ ဖြစ်သည်။

၎င်းတို့နောက်တွင် အမျိုးသမီးဧည့်သည်တော်များနှင့် မြို့ခံ အိမ်ရှင်ပရိသတ်များ ဖြစ်ပေသည်။

နောက်ဆုံးတွင် မည်သူမဆို ကြည့်ရှုနိုင်သည့် နေရာထိုင်ခင်းများ ပြုလုပ်ပေးထားသဖြင့် နောက်ဆုံးမှ ပရိသတ်မှာ လူမျိုးစုံ ပါဝင်နေပေသည်။

ကျယ်လောင်စွာ အော်ဟစ်သြဘာပေးနေကြသည်မှာလည်း နောက်ဆုံးမှ လူငယ်များပင် ဖြစ်လေသည်။

"ပေါက်လုစင်းကွ ... ပေါက်လုစင်း"

ထိုအသံများက နားကွဲလုမတတ် အော်ဟစ်နေကြ၏။

ပေါက်လုစင်းသည် လူငယ်တစ်ဦးဖြစ်ပြီး မိမိမြို့မှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သဖြင့် မြို့ခံလူငယ်များသည် အားတက်သရော အော်ဟစ်နေကြခြင်း ဖြစ်ပေသည်။

"တောင်သုံးလုံး လုစန်းတဲ့ကွနော် ... ပေါက်လုစင်းကို သတ်ပစ်လိုက်"

ထိုအုပ်စုကလည်း ဆူညံလျက် ရှိနေပေသည်။

တောင်သုံးလုံးလုစန်း ဘာကောင်ဖြစ်သည်ဆိုသည်မှာ သူတို့အလုပ် မဟုတ်ပေ။ သူတို့ ဩဘာပေးနေခြင်းမှာ လုစန်းဘက်မှ လောင်းထားသောကြောင့် ဖြစ်ပေသည်။

လက်ခုပ်ဩဘာသံများနှင့်အတူ ယှဉ်ပြိုင်နေသူနှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် လုံးဝ အလစ်မပေးရဲပေ။ သူတို့နှစ်ယောက်သည် လက်နက်မဲ့ယှဉ်ပြိုင်နေခြင်းသာ ဖြစ်သည်။

အကယ်၍ လက်နက်မဲ့ ယှဉ်ပြိုင်လို့မှ အဖြေမပေါ်လျှင် နှစ်သက်ရာ လက်နက်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

လုံစန်း၏တိုက်ကွက်များက သိပ်ပြီး ထူးဆန်းမှုမရှိဟု ထင်ရသော်လည်း တစ်ဖက်လူအဖို့ အခက်အခဲများ တွေ့သွားစေသည်။

လုံစန်းသည် ရှားရောင်အင်္ကျီပွကြီးကို ဝတ်ဆင်ကာ အဝါရောင် ခါးပတ်ကြီး ပတ်ထားသည်။

အထူးသဖြင့် သူ၏ညာလက်သည် ပေါက်လုစင်း၏ ကျောကုန်းကို မထင်မှတ်ဘဲ ရိုက်မိသွားသည့်အခါ ပေါက်လုစင်းမှာ အလူးအလဲ ခံစားလိုက်ရသည်။

ယခု လုံစန်းသည် ခြေကိုကားလျက် ဘေးတိုက်အနေအ



ထားဖြင့် ညာလက်ကိုမြှောက်၍ ဘယ်လက်ကို ပေါက်လုံစင်းဘက်သို့ ဆန့်တန်းကာ ပေါက်လုံစင်းအဝင်ကို စောင့်ဆိုင်းနေ၏။

ပေါက်လုစင်းသည် နောက်ကျွမ်းတစ်ပတ်ပစ်၍ လုံစန်း၏ ဓက်ကို ခွစီးလိုက်သည်။ ယင်းသို့ ခွပြီးသည်နှင့် ပေါင်နှစ်ဖက်ဖြင့် ဓက်ကို လိမ်လိုက်လေသည်။

လုံစန်းသည် ဓက်လိမ်၍ လဲကျသွားတော့မည်ဟု အားလုံးက ထင်လိုက်ကြသည်။

သို့သော် အပေါ်သို့မြှောက်တက်၍ တစ်နေရာသို့ ပြုတ်ကျသွားသည်မှာ ပေါက်လုစင်းသာ ဖြစ်တော့၏။

ပေါက်လုစင်း၏ပါးစပ်မှ သွေးများ အန်ကျလာသည်။

လုံစန်း၏ ဘယ်လက်သီးက ပေါက်လုစင်း၏ရင်ညွှတ်အား ထိုးမိသွား ခြင်း ဖြစ်သည်။

"ပေါက်လုစင်း ပြန်သတ်ပါ ... ပေါက်လုစင်းကွ"

ပေါက်လုစင်းအား မြှောက်ပင့်အားပေးကြပြန်သည်။

သို့သော် ပေါက်လုစင်း မထနိုင်တော့ပါ။ ဒိုင်ချုပ်၏ အချက်ပေး ခေါင်းလောင်းသံက ပေါ်ထွက်လာသည်။

'ဒေါင်'

အကဲဖြတ်လူကြီးသည် ပေါက်လုစင်း၏ အခြေအနေကို ကြည့်၍ လုံစန်းအား အနိုင်ပေးလိုက်ရတော့သည်။

လုံစန်း၏ တပည့်တစ်ယောက်သည် လုံစန်းအတွက် အနက်ရောင် မြို့ထည်တစ်ခုကို လာရောက် လွှမ်းခြုံပေးလိုက်သည်။

လုံစန်းက လှည့်ပတ်၍ လူကြီးများကို နှုတ်ဆက်လိုက်လေသည်။ ထို့နောက် လုံစန်းသည် ဝင့်ကြွားသော ဟန်အမူအရာဖြင့် ပြိုင်ပွဲကွင်းထဲမှ ထွက်သွားတော့သည်။

❑

ပြိုင်ပွဲ၏ နောက်ဆုံးနေ့သည် အချို့က လုံးဝ စိတ်မဝင်စားကြပေ။

အဘယ်ကြောင့်ဆိုသော် လေးရက်လုံးလုံး ယှဉ်ပြိုင်လာခဲ့သော ပွဲမှို့ နောက်ဆုံးနေ့ကျခါမှ မည်သူတစ်ဦးတစ်ယောက်မှ ထပ်မံပေါ်ပေါက်တော့မည် မဟုတ်ဟု အထင်ရှိကာ ပြိုင်ပွဲကို လုံးဝ စိတ်မဝင်စားတော့သူများ ရှိသကဲ့သို့

ယှဉ်ပြိုင်အနိုင်ရထားသူက နောက်ဆုံးအနေနှင့် စိန်ခေါ်သည့်အခါ ပြိုင်ဘက် ထပ်မံပေါ်ပေါက်လာပါက ထိုပွဲများသည် သာမန်ပွဲများထက် ပို၍ ကြည့်ကောင်းသဖြင့် နောက်ဆုံးနေ့ကို ကြည့်ချင် မြင်ချင်သော သူများလည်း ရှိနေကြပေသည်။

ထို့ကြောင့်လည်း နောက်ဆုံးနေ့ပင် ဖြစ်လင့်ကစား ကစား



ပြိုင်ပွဲကွင်းကြီးထဲ၌ ပရိသတ်များက ကြက်ပျံမကျ စည်ကားလျက်ပင် ရှိနေသေး၏။

ပြိုင်ပွဲ၏ စည်းကမ်းအရ အနိုင်ရရှိထားသော သူသည် သုံးကြိမ်တိတိ စိန်ခေါ်ရမည် ဖြစ်ပေသည်။ သုံးကြိမ်တိတိ စိန်ခေါ်၍မှ ယှဉ်ပြိုင်တိုက်ခိုက်မည့်သူ မပေါ်လျှင် မြို့စားကြီးကိုယ်စား သမီးဖြစ်သူက အဆောင်အယောင်နှင့်တကွ ရတနာကျောက်စီဓားကို အပ်နှင်းရမည် ဖြစ်၏။

ပရိသတ်များသည် ကွင်းလယ်ထဲသို့ တစ်စ တစ်စ နေရာယူလာကြပြီဖြစ်၏။ သို့သော် အချိန်စောသေး၍ အကဲဖြတ်လူကြီးများနှင့်တကွ မြို့စားကြီးတို့လည်း မရောက်ရှိသေးပေ။

ထိုအချိန်တွင် ပန်းရောင်ပတ်စုံနှင့် အမျိုးသမီးတစ်ယောက်သည် ကွင်းထဲတွင် တစ်စုံတစ်ယောက်ကို အပြေးအလွှား ရှာဖွေနေ၏။ ယင်း ပန်းရောင်နှင့်အမျိုးသမီးကား ချင်းချင်းပင် ဖြစ်၏။

ချင်းချင်းက ကျောက်ချိန်းအား အပြေးအလွှား ရှာနေခြင်းဖြစ်၏။ ကျောက်ချိန်း မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။ သူမသည် ကျောက်ချိန်း၏အိမ်သို့ ရောက်ရှိသွားသည်။

"ဒေါ်လေး ဟန်ယို့ ... ကျောက်ချိန်း တစ်ယောက်ကော"

မောကြီးပန်းကြီးပြေးလာသော ချင်းချင်းကို ဟန်ယို့က မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"နင် ဘယ်လိုဖြစ်လာတာလဲ ချင်းချင်း"

"ကျောက်ချိန်းကို ကျွန်မ အခုတွေ့ချင်တယ် ဒေါ်လေး"

"အင်း ... ကျောက်ချိန်းကို ဂရုစိုက်ပြီး လိုက်ရှာတာ နင် တစ် ယောက်ပဲ ရှိသေးတယ်"

"ကိစ္စ နည်းနည်းအရေးကြီးတယ်"

ဟန်ယို့ မျက်မှောင်ကြုတ်လိုက်ပြန်၏။

"ပြောပါဦး ချင်းချင်းရယ် ... ဒီကောင် ဘာလုပ်သွားပြန်ပြီလဲ"

မထူးတော့ပြီမို့ ချင်းချင်းက မိခင်ဖြစ်သူဟန်ယို့အား အကျိုးအကြောင်း ဖွင့်ပြောလိုက်၏။ ဟန်ယို့မှာ မျက်လုံးများ ပြူးကျယ်သွားလေတော့၏။

"ဒုက္ခပါပဲ ... လူကြီးတွေတော့ အရှက်ကွဲတော့မှာပဲ၊ အရှက်ကွဲတာ အရေးမကြီးဘူး၊ လုံစန်းခြေထောက်နဲ့ ခတ်လိုက်တာနဲ့ အသက်ထွက်နေမှာ"

ဟန်ယို့က အခန်းထဲပြေးဝင်သွားကာ တာဝီးကို ပြော၏။ တာဝီးက ရယ်မောရှ် ထွက်လာသည်။

"မပူပါနဲ့ ... ဒီကောင် သတ္တိမရှိပါဘူး၊ သူက ဘာပညာ တတ်လို့ ယှဉ်ပြိုင်ရဲမှာလဲ ... အလကားပြောတာ ဖြစ်ပါလိမ့်မယ်"

ချင်းချင်းသည် တာဝီးတို့အား ဘာမျှဆက်မပြောတော့ဘဲ



ခပ်သုတ်သုတ် ပြန်ထွက်ခဲ့၏။ သူမ၏စိတ်ထဲတွင် သခင်မလေး စုကျင်းကို ကျိန်ဆဲနေမိ၏။

စုကျင်းသည် ကျောက်ချိန်းအား သူမ၏ စိတ်ဖျော်ဖြေရာ လူတစ်ဦးဟု ယူဆထားပုံရသည်။ ကျောက်ချိန်းနှင့်တွေ့လျှင် အရူး တစ်ယောက်ကို တွေ့ရသည့်... ဟား ပေါက်ကရစကားများ ပြောတတ်၏။

ကျောက်ချိန်းကလည်း ကိုယ်နှင့် တန်မှန်းမသိ မတန်မှန်းမသိ သခင်မလေးစုကျင်းကိုမှ ဇွဲဖွဲ့လမ်းလမ်း ဖြစ်နေ၏။ ထို့ကြောင့် ချင်းချင်းသည် ကျောက်ချိန်းကိုလည်း အလိုလို ဒေါသဖြစ်နေမိသည်။

သူမသည် တစ်လမ်းဝင် တစ်လမ်းထွက် ကျောက်ချိန်းရှိ တတ်သည့် နေရာအနှံ့ လိုက်ရှာ၏။ သို့သော် မတွေ့ရသေးပေ။

သူမ စိုးရိမ်နေမိသည်မှာ တောင်သုံးလုံး လုံစန်းက စိန်ခေါ်လျှင် ဘုမသိဘမသိဖြင့် တက်ရောက်ယှဉ်ပြိုင်မည်ကို စိုးရိမ်နေမိသည်။

ချင်းချင်းအနေဖြင့် ဖခင်ကြီးက သင်ကြားပေးထားသဖြင့် သိုင်းပညာကို အတော်အသင့် တတ်ကျွမ်းနေသော်လည်း လုံစန်း ကဲ့သို့သော ထိပ်တန်းသိုင်းသမားနှင့် မယှဉ်ရဲပေ။

ရှုံးနိမ့်သွားပါက အရှက်တကွဲ အကျိုးနည်းဖြစ်ရမည်ကို တွေးပြီး စိုးရိမ်နေမိသည်။ ချင်းချင်းသည် လျှောက်လာရင်း လူငယ်

တစ်ဦးကို မြင်လိုက်မိလေသည်။

ထိုလူငယ်ကို တွေ့လိုက်ရသည်နှင့် ချင်းချင်း ဝမ်းသာသွားသည်။ ထို့ကြောင့် လှမ်းခေါ်လိုက်မိ၏။

"ဟေ့ ... ဝမ်းတို့"

ဝမ်းတို့က လှည့်ကြည့်လိုက်၏။

"ချင်းချင်းပါလား"

"အေး ... နင့်သူငယ်ချင်း ကျောက်ချိန်းကို ဘယ်မှာ တွေ့ခဲ့သလဲ"

ဝမ်းတို့က ခပ်လွယ်လွယ်ပင် ခေါင်းညိတ်၍ ဆိုင်တစ်ဆိုင်သို့ လက်ညှိုးထိုးပြ၏။

"ဟောဟိုဆိုင်ထဲမှာ ရှိတယ်"

ချင်းချင်း ကပျာကယာ ထိုဆိုင်ထဲသို့ ပြေးဝင်သွား၏။ ဆိုင်ထဲရောက်ပြီးမှ သတိထားမိလိုက်သည်။ ဤဆိုင်မှာ အရက်ဆိုင် ဖြစ်နေသောကြောင့်ပင်။

တော်ပါသေးရဲ့။ အခြားသူစိမ်းတစ်ရံဆံ မရှိ၍။ ချင်းချင်း ဝင်ရောက်လာသော်လည်း မည်သူကမျှ နောက်ပြောင်ခြင်း မရှိပေ။

"ကျောက်ချိန်း ... နင်ဘာလုပ်နေတာလဲ"

ကျောက်ချိန်း ဆတ်ခနဲ ကြည့်လိုက်၏။ အရက်ဆိုင်ထဲသို့ ဝင်လာသော ချင်းချင်းကို တွေ့လိုက်ရသဖြင့် ကျောက်ချိန်း မျက်လုံး



ဝိုင်းသွား၏။

"ချင်းချင်း"

"အေး ... ငါ နင့်ကို လိုက်ရှာနေတာ"

"ဘာလဲ ... နင်အရက်သောက်မလို့လား"

"နင် အစက အရက်မသောက်ပါဘူး၊ အခု ဘာဖြစ်လို့ သောက်နေတာလဲ"

"ငါမေးတာကျတော့ နင်မဖြေဘူး"

ချင်းချင်းက နှာခေါင်းရှုံ့လိုက်၏။

"ငါက ဘာလို့သောက်ရမှာလဲ"

"အေး ... နင်မသောက်ချင်နေ၊ ငါကတော့ သောက်ရမှာပဲ"

ချင်းချင်းက ကျောက်ချိန်းကိုကြည့်ပြီး အကြံတစ်ခု ရသွားသည်။ ထို့ကြောင့် ကျောက်ချိန်းရှေ့မှ အရက်အိုးကို လှမ်းယူလိုက်သည်။

"နင် ဘာလာလုပ်တာလဲ ချင်းချင်း"

"နင့်အရက်ကလည်း ကုန်တောင်ကုန်တော့မယ်၊ ထပ်ပြီးယူဦးမလား"

ကျောက်ချိန်းက ချင်းချင်းအား နားမလည်သလို ခေါင်းမော့ကြည့်လိုက်သည်။

"ငါက ထပ်ယူတော့ကော နင်က တိုက်မှာလား"

"ငါ ဝယ်တိုက်မှာပေါ့"

ချင်းချင်းသည် ဆိုင်ရှင်အား အရက်တစ်အိုး ထပ်မှာလိုက်သည်။ ချင်းချင်းသည် ဆိုင်ရှင်ပေးသော အရက်အိုးကို ရုတ်တရက် လှမ်းယူကာ ငွေရှင်းပေးလိုက်၏။

"ကျောက်ချိန်း ... ငါနဲ့လိုက်ခဲ့"

ကျောက်ချိန်းသည် ဘုမသိ ဘမသိဖြင့် ချင်းချင်းနောက်မှ အပြေးကလေး လိုက်သွားသည်။ ချင်းချင်းသည် ကျောက်ချိန်း အလုပ်လုပ်သော ဘုရားကျောင်းမှ အခန်းလွတ်တစ်ခုထဲသို့ ဝင်ရောက်သွားလေသည်။ ကျောက်ချိန်းလည်း လိုက်ဝင်သွားသည်။

"ဆိုင်မှာသောက်တာနဲ့စာရင်တော့ ဒီမှာကပိုပြီး အေးအေးဆေးဆေး ရှိမှာပေါ့"

ချင်းချင်းက ပြောလိုက်သည်။ ကျောက်ချိန်းက ခေါင်းညိတ်လိုက်၏။

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ငါ သိပ်အချိန်မရဘူး၊ နောက်ထပ် နည်းနည်းသောက်ပြီးရင် ပြိုင်ပွဲကွင်းထဲ သွားမယ်"

ကျောက်ချိန်း အတော်ကလေးမူးနေမှန်း ချင်းချင်းရိပ်စားမိသည်။ သူသည် လုံစန်းအား ယှဉ်ပြိုင်ရန်အတွက် ရဲဆေးတင်နေခြင်း ဖြစ်ကြောင်း အစကတည်းက ချင်းချင်း ရိပ်မိထားသည်။

"ပြိုင်ပွဲက အချိန်အစောကြီး ရှိသေးတယ်၊ နင့်ဟာနင် အေး



အေးဆေးဆေး သောက်စမ်းပါဦး"

အရှိန်ရနေသော ကျောက်ချိန်းသည် နောက်ထပ်သောက်ရန် ဝန်မလေးတော့ပေ။ အရက်တစ်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်လေသည်။

"ဒါထက် ငါမေးရဦးမယ် ... ဘာလို့ ဒီနေ့ ငါ့အပေါ် နင် စေတနာ ကောင်းနေရတာလဲ"

ချင်းချင်းက ရယ်လိုက်၏။

"ဒီနေ့ဟာ နင် လူစွမ်းကောင်းရွေးမယ့်နေ့ပဲ၊ ငါလိုလူ တစ်ယောက်က အားမပေးရင် ဘယ်သူက အားပေးဦးမှာလဲ"

ကျောက်ချိန်းက ခေါင်းညိတ်လိုက်၏။

"မှန်တယ် ... နင်ပြောတာ သိပ်မှန်တယ်၊ ငါ့ကို အားပေးမယ့်လူဟာ နင်တစ်ယောက်ပဲ ရှိတယ်၊ ဟိုဝမ်းတုံဆိုတဲ့ကောင်လည်း အလကားပဲ၊ ငါ့ကို ဝမ်းတုံက ဘာပြောသွားတယ် အောက်မေ့လဲ"

ကျောက်ချိန်း အာလေးလျှာလေး ဖြစ်လာ၏။ ချင်းချင်းက ကြိတ်၍ရယ်နေမိ၏။

"အင်း ... ဝမ်းတုံ ဘာပြောလဲ"

"ငါ့ကို သူက ဒီနေ့ မသာတစ်လောင်း တိုးတော့မယ်တဲ့လေ"

ချင်းချင်းက ဒေါသဖြစ်သွားဟန်ဆောင်လိုက်သည်။

"သူက ဒီလိုပဲ ပြောသလား။ ငါတွေ့မှ ဆုံးမလိုက်ဦးမယ်၊ ရော့ ... နည်းနည်း ထပ်သောက်လိုက်ဦး"

ချင်းချင်းက နောက်ထပ် တစ်ခွက်ငှဲ့၍ ကမ်းပေးသည်။ ကျောက်ချိန်း မော့ချလိုက်ပြန်သည်။

"နင့်ကို ငါ ကျေးဇူးတင်တယ်၊ နောက်ပြီး စုကျင်းကိုလည်း ကျေးဇူးတင်တယ်"

ချင်းချင်း မျက်စောင်းထိုးလိုက်၏။

"စုကျင်းကို နင်က ဘာလို့ ကျေးဇူးတင်ရတာလဲ"

"သူကလည်း နင့်လိုပဲ ငါ့ကို လူစွမ်းကောင်းဖြစ်စေချင်တာ"

ချင်းချင်းက မဲ့လိုက်၏။ သို့သော် သူမက ဘာမှ ဆက်မပြောဘဲ အရက်ခွက်ကို ထပ်ပေးလိုက်ပြန်သည်။

"ငါ သိပ်မူးနေမလား မသိဘူး"

"ဒီတော့မှ တိုက်ခိုက်တဲ့အခါမှာ ခံနိုင်ရည် ရှိတော့မှာပေါ့"

"အေး ... ဟုတ်တယ်"

ကျောက်ချိန်း အရက်တော်တော်များများကို ထပ်မံ၍ မော့ချလိုက်ပြန်သည်။ မကြာမီမှာပင် ကျောက်ချိန်း၏မျက်လုံးများ မှေးစင်းလာသည်ကို ချင်းချင်းက တွေ့လိုက်ရသည်။

"ငါ ... ငါ လုံစန်းကို ဆယ်ကွက်လောက်နဲ့ အနိုင်တိုက်ပြမယ် ... သိလား"



ချင်းချင်းက ခေါင်းညိတ်ပြလိုက်သည်။

"အင်း ... ဟုတ်တယ်၊ အကွက်ဆယ်ကွက်နဲ့ လုံစန်းထနိုင်မှာ မဟုတ်ဘူးဆိုတာ ငါယုံတယ်"

"တကယ်တော့ လုံစန်းဟာ ကျောက်ချိန်းအကြောင်း မသိသေးလို့ပါ"

"အင်း ... သိပ်မှန်တာပေါ့ နင်နောက်မှာ ငါတစ်ယောက်လုံး ရှိတယ်၊ ဘာမှမပူနဲ့"

"ဒါကြောင့်မို့ နင့်ကိုငါချစ်တာ ချင်းချင်းရဲ့"

ကျောက်ချိန်း မူးမူးနှင့် ချင်းချင်း၏လည်ပင်းကို သိုင်းဖက်ထားလိုက်၏။ အပျိုမလေးချင်းချင်း တစ်ကိုယ်လုံး တုန်ယင်သွားတော့သည်။ သူမ၏နှလုံးသားများ တဆတ်ဆတ် ခုန်နေတော့၏။

သို့သော် ချင်းချင်း မရုန်းမိပါ။ သူမသည် တဒင်္ဂ၏ အထိအတွေ့ကို သတိမေ့လျော့စွာဖြင့် ခံစားမိလိုက်၏။

"သူ သိပ်မူးနေပါလား"

ဟူသောအသိသည် အတန်ကြာမှ ဝင်းစားမိတော့သည်။ ထိုအခါမှ သူမက ကျောက်ချိန်း၏လက်ကို အသာအယာ ဆွဲချလိုက်မိသည်။

သူမက ရုန်းထွက်လိုက်သည်နှင့် အားပြု၍ ဖက်ထားသော ကျောက်ချိန်းသည် ဘုန်းခနဲ လဲကျသွားတော့သည်။ ကျောက်ချိန်း

တစ်ယောက် အမူးလွန်၍ အိပ်ပျော်သွားပြီ ဖြစ်၏။

ချင်းချင်းက ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ ထို့နောက် သူမသည် စိတ်မလုံမလဲဖြင့် တံခါးဝဆီသို့ လှမ်းကြည့်ပြီး ကျောက်ချိန်း၏ နဖူးကို ဖွဖွကလေး နမ်းလိုက်သည်။

"ကဲ ကိုလူဆိုးရေ ... ဒီမှာ အိပ်ပျော်နေပေဦးတော့"

ချင်းချင်းက တိုးတိုးကလေး ပြောဆိုကာ အပြင်ထွက်၍ အခန်းတံခါးပိတ်ခဲ့တော့သည်။ ကျောက်ချိန်း ဘာမှမသိတော့ပါ။

❑

ပြိုင်ပွဲကွင်းထဲ၌ ဆူညံနေ၏။ တောင်သုံးလုံး လုံစန်းသည် ရှားရောင်အင်္ကျီပွကြီးနှင့် ခါးပတ်အဝါကြီးကို ပတ်ထားပြီး အနက်ရောင် ကတ္တီပါစကို ပခုံးမှ လွှမ်းခြုံထားပေသည်။

'နောင်'

မောင်းထုသံတစ်ချက် ကြားရပြီး အကဲဖြတ်ဒိုင်လူကြီး၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။

"နှစ်ကြိမ်မြောက် ထပ်မံကြေညာပါမယ်၊ ယခုပြိုင်ပွဲကို လာရောက်ကြသော ပုဂ္ဂိုလ်များထဲမှ တောင်သုံးလုံးလုံစန်းအား ယှဉ်ပြိုင်မည့်သူ ရှိပါက အမြန်ဆုံး လာရောက်ယှဉ်ပြိုင်စေလိုပါသည်။



အကယ်၍ မရှိပါလျှင် လုံစန်းအား လူစွမ်းကောင်းဘွဲ့ တံဆိပ်နှင့် ရတနာကျောက်စီဓားကို ပေးအပ်ရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်"

'ဖြောင်း ... ဖြောင်း ... ဖြောင်း'

အားပေးလက်ခုပ်တီးသံများ ပေါ်ထွက်လာပြန်၏။ အကဲဖြတ်လူကြီး ကြေညာသည်မှာ နှစ်ကြိမ်တိတိ ရှိပြီး ဖြစ်ပေသည်။ သို့သော်လည်း လုံစန်းအား ယှဉ်ပြိုင်မည့်သူ တစ်ဦးတစ်ယောက်မှ ထွက်ပေါ်မလာသေးပါ။

လုံစန်းအဖို့ ခဏသာ ထိုင်စောင့်နေဦးမည် ဖြစ်သည်။ သုံးကြိမ်တိတိ ကြေညာပြီးမှ မပေါ်ပေါက်ပါက လုံစန်းသည် မြို့စားကြီးသမီးက အပ်နှင်းမည့် ရတနာကျောက်စီဓားကို ပိုင်ဆိုင်မည် ဖြစ်ပေသည်။

ပရိသတ်များသည် ဟိုလူမျက်နှာ လှမ်းကြည့်လိုက် ဒီလူမျက်နှာ လှမ်းကြည့်လိုက်နှင့် ဖြစ်နေကြသည်။ အချို့သော သိုင်းသမားအုပ်စုသည် အချင်းချင်း မြှောက်ပင့်ပေးနေကြသည်။

"ဟေ့ကောင် ... မင်းသွားကွာ၊ လုံစန်းကို လူတွေက သိပ်မလိုလားကြဘူး၊ အဲဒီတော့ မင်းကို ဝိုင်းအားပေးကြမှာပဲ"

"ဟ ... လူတွေက အားပေးတာနဲ့ ငါက လုံစန်းကို နိုင်ကောလားကွ၊ ဒါဆို မင်းတို့ကို ငါအားပေးမယ် ... မင်း သွားပါလား"

တစ်ဦးက ထိုကဲ့သို့ ပြန်ပြောလိုက်သောအခါ အားလုံးက

ဝါးခနဲ ပွဲကျသွားပြန်သည်။ ထိုပြိုင်ပွဲကွင်းထဲတွင် ချင်းချင်း တစ်ယောက်လည်း ပါဝင်သည်။

သူမသည် ယခုမှ ရင်ထဲတွင် ပေါ့ပါးသွားပုံရသည်။ သူမ၏အနီးတွင် ကျောက်ချိန်း၏မိခင်ကို တွေ့လိုက်ရသဖြင့် သူမက သွားရောက်နှုတ်ဆက်လိုက်သည်။

"ဒေါ်လေးဟန်ယို့ ... ပြိုင်ပွဲကို လာကြည့်တာလား"

ဟန်ယို့မှာ ချင်းချင်းကို မြင်လိုက်ရသဖြင့် ဝမ်းသာသွားပုံရသည်။

"ဟော ချင်းချင်း ... နင်လာပြောသွားတာနဲ့ ငါ အလုပ်လုပ်ဖို့ မဖြောင့်တော့ပါဘူး။ နင် ကျောက်ချိန်းကို ဘယ်မှာတွေ့ခဲ့သလဲ"

ချင်းချင်းက ပြုံးပြလိုက်၏။

"ဒေါ်လေးဟန်ယို့ ဘာမှမပူနဲ့ ... ကျောက်ချိန်း အိပ်ပျော်နေပြီ၊ ညနေလောက်မှ နိုးမယ်"

ဟန်ယို့၏ မျက်နှာ ချက်ချင်း လန်းဆန်းသွား၏။

"ဟုတ်လား ... သူ ဘယ်မှာအိပ်နေသလဲ"

ချင်းချင်းက တစ်စုံတစ်ရာ ပြန်ပြောမည်ဟု ကြံနေစဉ် မောင်းသံက ထွက်ပေါ်လာသည်။

'နောင်'

လုံစန်းသည် ကွင်းလယ်၌ ထည်ဝါခံ့ညားစွာ မတ်တတ်ရပ်



နေသည်။ ထိုစဉ် ဒိုင်လူကြီး၏အသံက ပေါ်လာ၏။

"တောင်သုံးလုံးလုံစန်းကို ယှဉ်ပြိုင်ရဲတဲ့သူများ ရှိပါသလား"

ထိုစဉ် ကျယ်လောင်သောအသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ရှိတယ် ... ကျုပ်ပဲ"

ပရိသတ်များသည် ပျားအုံကို တုတ်နှင့် ထိုးလိုက်သကဲ့သို့ ချက်ချင်းပင် ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့သည်။

"ဟေ့ ... သိုင်းရှူးကွ ... သိုင်းရှူး"

"ဟာ ... ဒီအရူးတော့ သေတော့မှာပဲ"

"ကျောက်ချိန်းကွနော် ... ဟွာနန်းတစ်မြို့လုံးမှာ တစ်ယောက်တည်းရှိတယ်"

"ကျောက်ချိန်းကွ ... လုံစန်းကို သတ်ပစ်လိုက်"

"သိုင်းရှူး လာပြီကွ ... အားလုံး သတိထားနေကြ"

တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုသံများသည် ပြိုင်ပွဲကြီးတစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်နေတော့သည်။

ရှေ့ဆုံးမှ ထိုင်နေကြသော ဒိုင်လူကြီးများနှင့် မြို့စားကြီးသည် ကွင်းလယ်ထဲသို့ အော်ဟစ်ပြေးဝင်လာသော လူငယ်ကို မြင်လိုက်ရသည်နှင့် မျက်စိမျက်နှာ ပျက်ကုန်တော့သည်။

သခင်မလေးစုကျင်းက ပါးစပ်ကို ပဝါနှင့်ပိတ်၍ တခစ်ခစ်

ရယ်မောပေသည်။ ချင်းချင်း၏မျက်လုံးများမှာ အဆမတန် ပြူးကျယ်သွားတော့သည်။

"ကျောက်ချိန်း ပြန်လာခဲ့၊ အဲဒီလူက အရက်မူးနေတာရှင့်"

ချင်းချင်း၏အော်သံက စူးရှူးရှူးရှူး ပေါ်ထွက်နေသော်လည်း အခြားအသံများက လွှမ်းမိုးနေသည်။

"ဒုက္ခပါပဲ ... ဘယ်လိုလုပ်ရပါ့မလဲ ချင်းချင်းရယ်"

ဟန်ယို့မှာ မျက်နှာတစ်ခုလုံး သွေးမရှိတော့ဘဲ ဖျော့ယော်ခတ်နေ၏။

"မဖြစ်ဘူး မဖြစ်ဘူး ... ငါ လုံစန်းကို သွားတောင်းပန်မယ်၊ ကျွန်မသားလေးကို ခွင့်လွှတ်ပါလို့"

ချင်းချင်းက ဟန်ယို့၏လက်မောင်းကို ဖမ်းဆွဲထား၏။

"ဒေါ်လေးက စဉ်းစဉ်းစားစား လုပ်ပါ၊ သူ့အရှိန်နဲ့သူ လွှတ်ထားတာက ပိုကောင်းမယ်နဲ့ တူတယ်"

ထိုစဉ် ဒိုင်လူကြီးက မောင်းတစ်ချက် တီးလိုက်၏။

'နောင်'

တစ်ကွင်းလုံး တိတ်ဆိတ်သွားပြန်၏။ ကျောက်ချိန်းသည် သားရေဖိနပ်အပျော့ကို စီးထားပြီး ဘောင်းဘီအရှည်အဖြူကို အနီရောင်ခါးပတ်ဖြင့် ပတ်ထားသည်။

အင်္ကျီကို လုံး၀ မ၀တ်ထားဘဲ ခေါင်းတွင်လည်း အနီရောင်



ပ၀ါကို စည်းကာ ကျစ်ဆံမြီးနှစ်ဖက်ကို ပခုံးတစ်ဖက် တစ်ချက်စီ၌ ချထားသည်။

"ဟေ့ သိုင်းရှူး ... ဟုတ်မှလည်း လုပ်ပါ"

"ကျောက်ချိန်းကွ ကျောက်ချိန်း"

အားပေးသံများ ပေါ်လာပြန်၏။ ကျောက်ချိန်းကား ခါတိုင်းကဲ့သို့မဟုတ်ဘဲ မျက်နှာကို တည်ကြည်စွာထား၍ ရှေ့မှထိုင်နေသော လူကြီးများကို ဦးညွှတ်ကာ ဂါရ၀ပြုလိုက်၏။

"ကျောက်ချိန်း ... မင်းက လုံစန်းကို ပြိုင်မှာလား"

ကျောက်ချိန်း ခေါင်းညိတ်လိုက်၏။ ထိုစဉ် လုံစန်းက ကျောက်ချိန်းအနီးသို့ တိုးကပ်လာပြီး ...

"ဒီမှာ သူငယ် ... မင်းကို ငါနိုင်လို့လည်း သိက္ခာမရှိဘူး၊ အေးအေးဆေးဆေး ပြန်ထွက်သွားစမ်းပါ"

ကျောက်ချိန်းသည် လုံစန်းအား မည်သည့်စကားမှ ပြန်မပြောတော့ဘဲ သူ၏ခန္ဓာကိုယ်ကို အမြင့်သို့ခုန်၍ ညာခြေအား အရှိန်ဖြင့် ဆန့်တန်းလိုက်ရော ...

'ဘုန်း'

ဟူသော အသံကြီးနှင့်အတူ လုံစန်းသည် ဒိုင်လူကြီးများ ထိုင်နေသည့် နေရာသို့ ရောက်အောင် လွင့်စဉ်သွားတော့၏။

"ကျောက်ချိန်းကွ ... ဒါမှ ငါ့သူငယ်ချင်း"

"ဟုတ်ပြီကွ ... ကျောက်ချိန်းကွ"

ထိုအသံများက ဆူညံသွားပြန်သည်။ သို့သော် သိုင်းရှူးဟူသောအသံမျိုး လုံးဝ ထွက်ပေါ်မလာတော့ပေ။

ကျောက်ချိန်း၏ ပထမဆုံးတိုက်ကွက်ကို မြင်လိုက်ရသည်နှင့် ဟန်ယို့အား ဆွဲထားသော ချင်းချင်း၏လက်များသည် ဟန်ယို့ကို လွှတ်၍ လက်ခုပ်လက်ဝါး ကျယ်လောင်စွာ တီးလေတော့သည်။

"ကျောက်ချိန်ရေ လုပ်ထားဟေ့ ... အမူးမပြေခင် ခပ်သွက်သွက်ကလေး လုပ်ထားပေး"

ချင်းချင်းကပါ အားပေးနေသဖြင့် ဟန်ယို့မှာ ရင်တထိတ်ထိတ်ဖြင့် ဆက်လက်ကြည့်ရှုနေရတော့သည်။

လုံစန်းမှာ အလစ်တွင် ခံလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားကာ ဒေါသဖြင့် ကုန်းထလာသည်။

"မင်းက သနားလို့ သနားမှန်းမသိတဲ့ အကောင်"

လုံစန်းက ပါးစပ်မှ ကြိမ်းဝါးပြီးနောက် ပခုံးပေါ်မှ ခြုံထည်ကို ခွာချကာ ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပြီး ကျောက်ချိန်း၏ ရင်ဝကို တအားပင်ရိုက်ချလိုက်လေသည်။

သခင်မလေး စုကျင်းသည် မျက်လုံးကို စုံမှိတ်ထားလိုက်မိလေသည်။

'ဘုန်း'



ဟူသောအသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။ ကျောက်ချိန်းတော့ အသက်ထွက်ပြီဟု အားလုံးက ထင်မှတ်ထားလိုက်သည်။ သို့သော် ကျောက်ချိန်းမဟုတ်ပါ။

'ဘုန်း'

ဟူသောအသံနှင့်အတူ ဖင်ထိုင်လျက်ကျသွားသူမှာ လုံစန်းဖြစ်နေကြောင်း အံ့သြဖွယ်ရာ တွေ့လိုက်ရပေသည်။ တစ်ကွင်းလုံး ပတ်တုတ်၍ မရအောင် ဆူညံသွားပြန်တော့သည်။

ချင်းချင်းသည် သူမ၏ မျက်လုံးကို မကြာမကြာပွတ်၍ ကြည့်နေမိသည်။

ကျောက်ချိန်းတစ်ယောက် မူးမူးနဲ့ပဲ ရမ်းနေသလား၊ သို့မဟုတ် မမူးဘဲနှင့် သိုင်းပညာကို အမှန်တကယ် တတ်မြောက်နေခြင်းလော ဝေခွဲ၍ မရအောင်ဖြစ်နေသည်။

ဒီတစ်ခါ ကျောက်ချိန်းအား စူးစူးရှားရှား ကြည့်နေသူမှာ တောင်သုံးလုံး လုံစန်းပင်ဖြစ်တော့သည်။ လုံစန်းသည် ကျောက်ချိန်းအား လုံးဝ အထင်မသေးရဲတော့ပေ။

မိမိ၏ ရိုက်ချက်သည် တစ်ဖက်လူ၏ ရင်ညွန့်သို့သာ ထိမှန်သွားပါက အသက်ရှင်နိုင်စရာ လမ်းစသိပ်မမြင်တော့ပေ။ သို့သော်လည်း တစ်ဖက်လူက လျင်မြန်စွာ ရှောင်တိမ်းနိုင်ရုံမက မိမိကိုပါ ပြန်၍ ကိုင်ပေါက်လိုက်ခြင်းမှာ လွန်စွာ အဆင့်မြင့်သော သိုင်းပညာ

တစ်ရပ်ဖြစ်ကြောင်း ချက်ချင်းသိသွားလေသည်။

ထို့ကြောင့် ကျောက်ချိန်းအား စူးစူးရှားရှား ကြည့်လိုက်သည်။

"မင်းရဲ့ လက်နက်မဲ့တိုက်ခိုက်နည်းက ဘယ်ဆိုးလို့လဲ"

"ကျုပ်ကို စကားသိပ်မပြောနဲ့၊ ခင်ဗျား နှစ်သက်တဲ့ လက်နက်နဲ့ တိုက်ခိုက်နိုင်တယ်"

လုံစန်းမှာ အောင့်သက်သက် ဖြစ်သွားလေသည်။ နာမည်ကျော်ကြားနေသည့် သိုင်းပညာရှင်များပင် မိမိအား မခန့်လေးစားပြန်မပြောဝံ့ဘဲ ဤလူငယ်က ပြန်ပြောသည်ကို ခံပြင်းသွားလေသည်။

"မင်းက မောက်မာလှချည်လား"

"ခင်ဗျား ဘယ်လိုထင်ထင် … ကျုပ်စကားပြောဖို့ လာတာမဟုတ်ဘူး၊ ယှဉ်ပြိုင်တိုက်ခိုက်ဖို့လာတာ"

"ကောင်းပြီ … မင်းသေဖို့သာ ပြင်ပေတော့"

လုံစန်းသည် ယင်းသို့ပြောပြီးသည်နှင့် သူ၏ အထက်ဆုံးသော သိုင်းကွက် ၇ ကွက်ကို ထုတ်သုံးလိုက်တော့သည်။ သူသည် ရုတ်တရက် အပေါ်သို့ ခုန်ကာ ကိုယ်ကို သုံးလေးပတ်လှည့်၍ ခြေထောက်နှစ်ချောင်းကို ပန်ကာဒလက်ကြီးများပမာ ဝှေ့ယမ်းလာပြီး ကျောက်ချိန်း၏တစ်ကိုယ်လုံးကို ရိုက်ခတ်လေတော့သည်။



ညာခြေ၏ အဖျားသည် ကျောက်ချိန်းအား အနည်းငယ်ရိုက်ခတ်မိသွား၍ မဟန်နိုင်ဘဲ နောက်သို့ ယိမ်းထိုးသွားလေသည်။ ထိုစဉ်မှာပင် လုံစန်းက ထပ်ဖိသည့်သဘောဖြင့် သူ၏ ဘယ်ဖနောင့်ဖြင့် ရင်ဝသို့ ပြေးကန်လိုက်သည်။

ကျောက်ချိန်းသာ ခန္ဓာကိုယ်ကို နှစ်ပတ်မျှ လျင်မြန်စွာ မလှိမ့်လိုက်လျှင် တွေးဝံ့စရာ မရှိတော့ပေ။ ကျောက်ချိန်းသည် ယင်းသို့ လှိမ့်ထွက်ပြီးသည်နှင့် ကုန်းထကာ လုံစန်း၏ ညာလက်ကို ထိထိမိမိ ဆုပ်ကိုင်၍ မိမိထံသို့ ဆောင့်ဆွဲလိုက်သည်။

လုံစန်း အရှိန်နှင့်လိုက်ပါလာ၏။ ထိုစဉ် ကျောက်ချိန်းသည် ဒူးထောက်ထိုင်ချကာ အောက်မှနေ၍ အပေါ်မှမိုးလာသော လုံစန်း၏ ရင်ဝသို့ အရှိန်ပြင်းစွာဖြင့် ရိုက်တင်ပေးလိုက်၏။

'ဝုန်း'

ဟူသောအသံနှင့်အတူ လုံစန်းအပေါ်သို့ မြောက်တက်သွားသည်။ တစ်ဖန် ပြန်အကျတွင် ကျောက်ချိန်းက ညာခြေပတ်၍ ရိုက်ပေးလိုက်ရာ …

'ဖုန်း'

ဟူသောအသံက ထပ်မံပေါ်ထွက်လာကာ လုံစန်းမှာ အရုပ်ကြိုးပြတ် ပျော့ခွေကျသွားတော့၏။

ပွဲသိမ်းတိုက်ကွက်ပင် ဖြစ်တော့သည်။

လုံစန်း၏ပါးစပ်မှ သွေးများ အဆမတန် အန်ကျလာ၏။ ပြိုင်ပွဲကွင်းကြီးတစ်ခုလုံး ထိန်းမနိုင် သိမ်းမရ ဆူညံနေတော့သည်။

လုံစန်း၏ သွေးစသွေးနများသည် ကျောက်ချိန်း၏ ဖြူဖွေးနေသော ဘောင်းဘီအား စွန်းထင်းသွားစေတော့သည်။

ကျောက်ချိန်းသည် ပြိုင်ပွဲကွင်းထဲမှ လစ်ခနဲ ပျောက်သွားတော့၏။

'နောင်'

မောင်းသံတစ်ချက် ထွက်ပေါ်လာသည်။ ထိုအချိန်တွင် လူနှစ်ဦးသည် သတိမေ့နေသော လုံစန်းအား ပြိုင်ပွဲကွင်းထဲမှ ဆွဲထုတ်သွားကြ၏။

အကဲဖြတ်ဒိုင်လူကြီးများက ယခုပွဲတွင် လုံစန်းအား ကျောက်ချိန်းက အပြတ်အသတ် အနိုင်ရရှိသွားကြောင်းနှင့် လူစွမ်းကောင်းဘွဲ့ကို ကျောက်ချိန်းအား ပေးတော့မည်ဖြစ်ကြောင်းနှင့် ထပ်မံယှဉ်ပြိုင်လိုသူများ ရှိ,မရှိ အော်ဟစ်မေးမြန်းနေပေသည်။

ကွင်းတစ်ကွင်းလုံး ဆူဆူညံညံ ဖြစ်နေသည့်ကြားမှပင် ဒိုင်လူကြီးသည် အချိန်တော်တော်ကြာကြာ နားပြီး နောက်ထပ်တစ်ကြိမ် မေးမြန်းပြန်၏။ သို့သော် ကျောက်ချိန်းအား ယှဉ်ပြိုင်မည့်သူ တစ်ဦး တစ်ယောက်မျှ မရှိပါပေ။

နောက်ဆုံး တစ်နာရီလောက်နားပြီး တတိယအကြိမ် ကြေ



ညာပြန်၏။ မထူးခြားပါ။

ကျောက်ချိန်းအား မည်သူတစ်ဦးတစ်ယောက် မျှ ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ် မရှိတော့ပါချေ။ ကွင်းကြီးထဲ၌ လက်ခုပ်သြဘာသံများ လွှမ်းမိုးသွားတော့၏။ ထိုအချိန်တွင် လူငယ်တစ်ဦး ကွင်းထဲသို့ ဒယီးဒယိုင်နှင့် ပြေးလာသည်။

သူ့ကိုမြင်လိုက်ရသည်နှင့် အပေါင်းအသင်း သူငယ်ချင်းများသည် ပခုံးပေါ်သို့ထမ်းတင်ကာ အော်ဟစ်၍ လှည့်လည်လေတော့သည်။

"လူစွမ်းကောင်းကွ"

"ကျောက်ချိန်းကွ"

အမူးသိပ်မပြေချင်သေးသော ကျောက်ချိန်းသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေသော်လည်း သူများတကာ၏ ပခုံးပေါ်မှနေ၍ ရောယောင်၍ လက်များ ဝှေ့ယမ်းနေတော့သည်။

ကျောက်ချိန်းသတိထားမိသည်မှာ တစ်စုံတစ်ခုတော့ အမှားအယွင်း ရှိနေပြီဟု သိလိုက်၏။ ထိုအမှားအယွင်းကိုပင် မိမိက မီးစဉ်ကြည့်၍ကသွားမည်ဟု စိတ်ထဲမှ ဆုံးဖြတ်ချက်ချလိုက်တော့၏။

❑

နောက်တစ်နေ့အရုဏ်တက် ဝေလီဝေလင်းအချိန်တွင် မြင်းတစ်ကောင်သည် ဟွာနန်းမြို့နှင့် အတော်အတန် အလှမ်းကွာသော ရန်ချိုမြို့အတွင်းသို့ ရောက်ရှိလာ၏။

ထိုမြင်းသည် ယမန်နေ့ကတည်းက ဟွာနန်းမြို့မှလာခဲ့သော မြင်းတစ်ကောင် ဖြစ်သည်။ မြင်းပေါ်တွင် အဖြူရောင်ဝတ်စုံနှင့် လူငယ်တစ်ယောက် စီးနင်းလိုက်ပါလာ၏။

ယင်းလူငယ်မှာ စွမ်းတုကြည်ပင် ဖြစ်တော့သည်။ စွမ်းတုကြည်သည် အပြာရောင်များ ခြယ်မှုန်းထားသည့် တည်းခိုခန်းသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားတော့သည်။

တည်းခိုခန်းအတွင်းရှိ မိမိငှားရမ်းထားသည့် အခန်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် မာဆန်ဆိုသောလူငယ်က အံ့သြစွာဖြင့် လှမ်းမေးလေ၏။

"ဘယ်လိုဖြစ်လာတာလဲ ဆရာလေးရယ်၊ မနေ့မနက်ကတည်းက ပျောက်သွားလိုက်တာ ခုမှပဲ ပြန်ရောက်လာတော့တယ်၊ ကျွန်တော်ဖြင့် စိုးရိမ်လိုက်တာ"

စွမ်းတုကြည်က မည်သည့်အဖြေမှ ပြန်မပေးဘဲ ပြုံးနေလိုက်သည်။ မာဆန်က ဆက်လက်၍ ...

"ကျွန်တော်တို့ ရိက္ခာပစ္စည်းတွေလည်း ဘာမှ မဝယ်ရသေးဘူး"



"အေးပါကွာ ... ဝယ်တာပေါ့၊ ငါ တစ်ရေး အိပ်လိုက်ဦးမယ်"

"ဆရာလေး တစ်ညလုံး အိပ်ရေးပျက်လာတယ်နဲ့တူတယ်"

"အင်း"

မာဆန်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"ဆရာလေး ရည်းစားနဲ့ သွားချိန်းတွေ့တာပဲ ဖြစ်ရမယ်"

"အေး ... အာ ... မဟုတ်ပါဘူးကွာ"

စွမ်းတုကြည်သည် ကွပ်ပျစ်ပေါ်သို့ လှဲချလိုက်ပြီး စောင်ခြုံလိုက်သည်။ မာဆန်က သူ၏စကား မပြတ်သေးသဖြင့် အနားသို့ သွားထိုင်ရင်း ...

"မနေ့က ဆရာလေးကို ညှိုသည်တစ်ယောက် လာမေးတယ်"

"ဟုတ်လား"

စွမ်းတုကြည်သည် အိပ်ချင်လွန်းသဖြင့် မျက်စိမဖွင့်ဘဲ မပြောချင် ပြောချင်နှင့် ပြန်ပြောလိုက်သည်။

"ဧည့်သည် အမျိုးသမီးတစ်ယောက်ပါ"

"ဩော် ... အေး အေး ...ငါ့အသိမိတ်ဆွေထဲက ဖြစ်မှာပေါ့ကွာ"

"ဆရာလေးကို သူတော်တော် တွေ့ချင်ပုံရတယ်၊ သူ

အကြာကြီး ထိုင်စောင့်နေသေးတယ်"

"ဪ ... အေး အေး"

မာဆန်မှာ စွမ်းတုကြည်အား စိတ်ပျက်သွားမိသည်။ မိမိ ပြောသည့် စကားများကို အလေးမထားဘဲ ခေါင်းငြိမ့်ငြိမ့်လိုက်သော ကြောင့် ဖြစ်သည်။

"ဆရာလေး"

"ဟင်"

"မနေ့က ဆရာလေး ပေးခဲ့တဲ့ဆွဲကြိုးကို ကျွန်တော် ရောင်း လိုက်ပြီ"

"အေး ... ပြီးတာပဲပေါ့"

"ဝယ်တဲ့လူက တခြားလူမဟုတ်ဘူး၊ မနေ့က ဆရာလေးကို လာမေးတဲ့ဧည့်သည်ပဲ"

"ဪ ... အေး အေး ... သူက ရွှေကုန်သည်ဖြစ်မှာပေါ့"

နှစ်ဦးစလုံး ခေတ္တမျှ တိတ်ဆိတ်သွားပြန်သည်။ အတန်ကြာ သော် မာဆန်က ...

"ဆရာလေး"

စွမ်းတုကြည်သည် ခေါင်းကို လှစ်၍ မာဆန်အား မျက်လုံး ပြူးကြည့်လိုက်လေသည်။

"မင်း ငါ့ကို နည်းနည်းမှ အိပ်ခွင့်မပေးတော့ဘူးလား



မာဆန်"

မာဆန်က ရယ်လိုက်သည်။ စွမ်းတုကြည်က ခေါင်းငြိမ်း ပြန် ငြိမ့်လိုက်သည်

"ပြောစရာ တစ်ခု ကျန်နေသေးလို့ပါ"

စွမ်းတုကြည် လုံးဝ အသံမထွက်တော့ပေ။ ပြောချင်တာ ပြောပါစေတော့ဟု သဘောထားလိုက်ပုံရသည်။

"အဲဒီ အမျိုးသမီးက တော်တော်လှတယ်ဗျ"

မာဆန်ကပြောပြီး စွမ်းတုကြည်ကို လှမ်းကြည့်သည်။

စွမ်းတုကြည်က တုတ်တုတ်မျှ မလှုပ်ပေ။

"အသက်ကလည်း ငယ်ငယ်ကလေးပဲ ရှိသေးတယ်"

စွမ်းတုကြည်က ဘာမှ ပြန်မပြောသော်လည်း မာဆန်က သူ့စကားဆုံးအောင် ဆက်၍ပြောလေသည်။

"သူ့နာမည်က ယွင်းကျင်းမေတဲ့။ သူကပြောတယ်၊ ဆရာ လေးဟာ သူ့ကျေးဇူးရှင်ပါတဲ့။ သူတို့ရှေ့ကို ဓားပြတိုက်တုန်းက ဆရာလေးက"

စွမ်းတုကြည် ဝုန်းခနဲ ထထိုင်လိုက်သည်။ သူ၏အမူအရာ ကို ကြည့်၍ မာဆန်ပင် လန့်ဖျပ်သွားသည်။

"ဘာကွ၊ ဘာဖြစ်သွားတာလဲ"

"ငါမေးတာကိုသာ ပြောစမ်းပါ"

"ဟုတ်တယ်၊ သူတို့ကို ဓားပြတိုက်တုန်း ဆရာလေး ကယ်ခဲ့တာတဲ့"

"သူအခု ဘယ်မှာလဲ"

မာဆန်က ပန်းနှစ်ဖက်ကို အသာတွန့်လိုက်သည်။ ထိုစဉ်မှာပင် တံခါးဝ၌ အပြာနုရောင်ဝတ်စုံနှင့် လှလှပပကလေး ရပ်နေသော အမျိုးသမီးတစ်ဦးကို နှစ်ယောက်စလုံး ငေးကြည့်မိလျက်သား ဖြစ်တော့သည်။

စွမ်းတုကြည်က ငေးမောကြည့်နေဆဲ။ သူမက ပြုံးပြလိုက်သည်။

"အစ်ကို ကျွန်မကို မှတ်မိလား"

"အင်း ... မှတ်မိပါတယ်"

"ဒီလိုပဲ ကျွန်မက မတ်တတ်ရပ်နေရတော့မှာလား၊ အထဲဝင်ဖို့ မဖိတ်ခေါ်တော့ဘူးလား"

ထိုအခါမှ စွမ်းတုကြည်မှာ သတိဝင်လာသလို ပျာပျာသလဲ မတ်တတ်ရပ်၍ ...

"ဟုတ်ကဲ့ ... ဖိတ်ခေါ်ပါတယ် ... ဝင်ထိုင်ပါဦး"

သူမက ဣန္ဒြေရရ လှမ်းဝင်လာပြီး ကုလားထိုင်တစ်လုံး၌ ထိုင်လိုက်သည်။

"ကျွန်မနာမည် ယွင်းကျင်းမေလို့ ခေါ်ပါတယ်"



"ဟုတ်ကဲ့၊ မာဆန်ပြောပြလို့ ကျွန်တော်မှတ်ထားပါတယ်"

သူမက လှပစွာပင် ပြုံးလိုက်၏။

"မနေ့မနက်ကတည်းက အစ်ကို ဒီနေရာက မြင်းနဲ့ ထွက်သွားတာ မြင်လိုက်တယ်"

"ဟုတ်ပါတယ် ... ကိစ္စကလေးတစ်ခုရှိလို့"

"ချက်ချင်းပြန်လာမလားလို့ ကျွန်မ စောင့်နေပါသေးတယ်"

မာဆန်က အလိုက်သိသည်။ ရေနွေးကရားနှင့် မုန့်များ ထည့်ယူလာ၏။

"အစ်ကိုညီက သဘောကောင်းတယ်၊ မနေ့ကလည်း ကျွန်မ ကို တစ်နေ့လုံး ညှော်ခံစကားပြောတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း ခင်ဗျားကို အရမ်းတွေ့ချင်တာပဲဗျ"

"ရှင်"

ယွင်းကျင်းမေမှာ ထိတ်ထိတ်ပျာပျာကလေး ဖြစ်သွားပြီး မျက်နှာမှာ ရှက်သွေးဖြာသွား၏။ သူ စကားပြော လောကြီးသွားမှန်း စွမ်းတုကြည် ချက်ချင်းသိလိုက်၏။

"ဒီလိုပါ ... မာဆန်ပြောပြကတည်းက ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ သိချင်နေတာလို့ ပြောတာပါ။ ဒါထက် ကျွန်တော့်ကို တွေ့ချင်တဲ့ကိစ္စ"

"အို ... အစ်ကိုကလည်း ကိုယ့်ကျေးဇူးရှင်ပဲ၊ တွေ့ချင် မြင်ချင်တာပေါ့"

"အာ ... ဒီလောက်ကလေးနဲ့ ကျေးဇူးတင်စရာ မလိုပါဘူးဗျာ"

"ဘယ်ဟုတ်ပါ့မလဲရှင် ... အဲဒီတုန်းက ကျွန်မပစ္စည်းနဲ့ငွေတွေက နည်းတာမဟုတ်ဘူး၊ အစ်ကိုသာ ဝင်မကယ်ရင် ခုလောက်ဆို မွဲနေပြီ"

စွမ်းတုကြည်က ရေနွေးကြမ်းနှင့်မုန့်များကို ရှေ့သို့ တွန်းပို့ပေး၏။

"ကဲ ... သုံးဆောင်ပါဦး၊ ဒါထက် ညီမတို့က တော်တော်ချမ်းသာတယ်နဲ့တူတယ်၊ မနေ့က ကျွန်တော့်ညီဆီက ဆွဲကြိုးကိုလည်း ဝယ်ယူထားလိုက်တယ်လို့ သိရတယ်"

"ဟုတ်ပါတယ် အစ်ကို ... သူက ပစ္စည်းဝယ်စရာရှိလို့ သွားရောင်းမယ်ဆိုတာနဲ့ ကျွန်မ ဝယ်ယူထားလိုက်တာပါ၊ ဒါပေမဲ့ ကျွန်မရဲ့ရည်ရွယ်ချက်က အစ်ကို့ကို အဲဒီဆွဲကြိုး လက်ဆောင်ပြန်ပေးမလို့ပါ"

စွမ်းတုကြည် လက်ကာလိုက်၏။

"ဟာ ... မလုပ်ပါနဲ့၊ ရောင်းပြီးတဲ့ပစ္စည်းတစ်ခုကို ကျွန်တော် ပြန်မလိုချင်ဘူး"



သူမ၏မျက်နှာမှာ သိသိသာသာ ညိုးသွားသည်။

"ကျွန်မက စေတနာနဲ့ပြန်ပေးတာ ဆိုရင်ကော"

"ဒါဖြင့် ပေးလေ"

စွမ်းတုကြည်က လက်ဖြန့်ထားလိုက်၏။ ယွင်းကျင်းမေက ဆွဲကြိုးကလေးကို လက်ဝါးပေါ်သို့ တင်ပေးလိုက်၏။ စွမ်းတုကြည်သည် ဆွဲကြိုးကလေးကို သေသေချာချာကြည့်နေရင်းမှ ဆတ်ခနဲ ယွင်းကျင်းမေ၏ခေါင်းမှ စွပ်ချပေးလိုက်သည်။

"ကျွန်တော်ကလည်း မေတ္တာနဲ့ ပြန်ပေးတာမို့ လက်ခံပါ"

ယွင်းကျင်းမေ တစ်ကိုယ်လုံး ထူပူသွားတော့သည်။ သူမသည် ရှက်လွန်း၍ ခေါင်းကလေးငုံ့နေ၏။ အတန်ကြာမှ သူမသည် ခေါင်းကို မော့လိုက်ပြီး ...

"ကျွန်မမှာ တခြားကိစ္စတွေ ရှိနေသေးလို့ ခွင့်ပြုပါဦး"

ဟု ပြောဆိုကာ အခန်းထဲမှ လှစ်ခနဲ ထွက်သွား၏။

စွမ်းတုကြည်သည် ရုတ်တရက်မို့ ဘာပြောဘာဆိုရမှန်းမသိဘဲ အခန်းထဲမှ ထွက်သွားသော ယွင်းကျင်းမေကိုသာ မျက်စိတစ်ဆုံး ကြည့်နေမိ၏။

မိမိ၏ အိပ်မက်ထဲကကဲ့သို့ပင် ခုမြင်ခုပျောက်သွားသော မိန်းကလေးအတွက် စွမ်းတုကြည်သည် သက်ပြင်းတစ်ချက် ချလိုက်မိ၏။

ထို့နောက် သူသည် စောစောကကဲ့သို့ပင် ကွပ်ပျစ်ပေါ် ပစ်လှဲ၍ စောင်ဆွဲခြုံလိုက်သည်။

❑

နောက်တစ်နေ့ညနေ မိုးချုပ်ခါနီးအချိန် စွမ်းတုကြည်တို့ နှစ်ယောက် စခန်းသို့ ပြန်ရောက်လာသည်။ စခန်းသို့ ရောက်လျှင် ရောက်ချင်း စွမ်းတုကြည်မှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားရတော့၏။

အဖွဲ့သားများသည် ပစ္စည်းပစ္စယများကို ထုပ်ပိုးသိမ်းဆည်းနေကြသည်ကို တွေ့လိုက်ရသောကြောင့်ပင်။ စွမ်းတုကြည်နှင့် မာဆန်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ငြင်းမှ နားမလည်နိုင်အောင် ဖြစ်နေကြသည်။

စွမ်းတုကြည်သည် ထမ်းပိုးလာသော ရိက္ခာထုပ်များကို ပစ်ချ၍ ဆရာကြီးချို၏ အခန်းထဲသို့ ပြေးဝင်သွားသည်။ ဆရာကြီးသည် ပစ္စည်းများကို နောက်လွယ်ခြင်းကြီးတစ်ခုထဲသို့ စုထည့်နေသည်။ စွမ်းတုကြည်က အနားသို့ တိုးကပ်သွား၍ ...

"ဆရာကြီး ... ကျွန်တော်တို့ ပြန်လာပြီ"

"အေး ... တို့အမြန်ဆုံး ဒီနေရာက သွားကြရမယ်"



ဆရာကြီး၏စကားသံက တည်ငြိမ်လွန်းလှသည်။ သို့သော် တစ်စုံတစ်ရာကြောင့် စိတ်ထိခိုက်နေသည့် အမူအရာမျိုးက ဆရာကြီး မျက်နှာ၌ ပေါ်လွင်နေသည်။

မည်သည့်ကိစ္စ၊ မည်သည့်အတွက်ကြောင့်ဟု ဆရာကြီးက ထုတ်ဖော်မပြောသော်လည်း တစ်စုံတစ်ခုသောအန္တရာယ်သည် နီးကပ်နေပြီဖြစ်ကြောင်း စွမ်းတုကြည် ရိပ်စားမိလိုက်သည်။

အတွေးပေါင်းမြောက်မြားစွာနှင့် ဒေးပြီးရပ်နေမိသော စွမ်းတုကြည်အား ဆရာကြီးက လှည့်ကြည့်လိုက်ပြီး ...

"မင်း ဘာငေးနေတာလဲ ... ဒီနေရာက အမြန်ဆုံးထွက်ခွာဖို့ မင်းစီစဉ်ပါ"

"ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး"

စွမ်းတုကြည် ဆရာကြီး၏အခန်းထဲမှ ပြေးထွက်လာကာ မိမိတို့နေထိုင်သော တဲများဆီသို့ ပြေးလွှားသွားကာ အမြန်ဆုံး ခရီးထွက်ဖို့ ပိုင်းဝန်းစီစဉ်ရတော့သည်။

သူတို့အားလုံး အဆင်သင့်ဖြစ်ပြီးသည်နှင့် ဆရာကြီးချိုက သူ၏ အခန်းထဲမှ ထွက်လာသည်။

"ကဲ ... လာကြဟေ့"

လရောင်က တဖြည်းဖြည်း မြင့်တက်လာသည်။ ထိုအခါ အလင်းရောင်သည်လည်း ပိုမို၍ ကြည်လင်လာလေသည်။ တော

လမ်းခရီးမှို့ သွားရေးလာရေး အနည်းငယ် အခက်အခဲ တွေ့နေသော်လည်း ထိုလမ်းကို ကျွမ်းကျင်ပုံရသော ဆရာကြီးချိုက ရှေ့မှ ဦးဆောင်နေသဖြင့် နောက်မှလိုက်ပါလာသော စွမ်းတုကြည်တို့အုပ်စုမှာ သိပ်ပြီး အခက်အခဲမရှိလှပေ။

ယခုသွားနေသော ခရီးလမ်းမှာ အလွန်မြင့်မားသော တောင်ပေါ်သို့ တက်ရောက်နေကြောင်း အားလုံးသိကြသည်။ အဖွဲ့သားများအားလုံးသည် လေးလံသော စားနပ်ရိက္ခာများကို ကိုယ်စီကိုယ်င ထမ်းပိုး၍ထားရသော်လည်း သိပ်ပြီး ပင်ပန်းပုံမရပေ။

မိမိတို့ နေ့စဉ်နေ့တိုင်း လေ့ကျင့်ထားသော သိုင်းပညာရပ်များသည် ဤကဲ့သို့သောအခါမျိုး၌ အလွန်ပင် အသုံးဝင်ကြောင်း သိရှိကြလေသည်။

ဝို၍ အံ့သြဖွယ်ရာကောင်းသည်မှာ ဆရာကြီးချိုပင် ဖြစ်လေသည်။ ဆရာကြီးချိုသည် နောက်ကျော၌ ခြင်းတောင်းကြီးတစ်လုံးကို လွယ်ပိုးထားရသော်လည်း သာမန်လူများထက်ပင် ဝိုမိုလျင်မြန်စွာ သွားရောက်နိုင်သဖြင့် စွမ်းတုကြည်တို့အုပ်စုမှာ ဆရာကြီးချိုအား မီအောင် ကြိုးစား၍ လိုက်နေရသည်။

လေသည် တောင်ပေါ်သို့ရောက်လာသည်နှင့် အမျှ တဖြည်းဖြည်း ကြမ်းတမ်းစွာ တိုက်ခတ်လာသည်။ သို့သော် စွမ်းတုကြည်တို့မှာ ချွေးများစို့နေ၏။



တောင်တက်ခရီးမှာ ၇ မိုင်ကျော်မျှရှိပြီး ဖြတ်သော်လည်း ဆရာကြီးချိုက လုံးဝရပ်နားခြင်း မရှိသေးပါ။ အလွန်နက်ရှိုင်းသော တောကြီးတစ်ခုအား ဖြတ်သန်းလျက်ပင် ရှိသေးသည်။

မကြာမီ ရေများ စီးကျနေသည့် ရေတံခွန်တစ်ခုသို့ ရောက်ရှိလာသည်။ ဆရာကြီးချိုသည် ထိုရေတံခွန်အနီးရှိ ကျောက်ဖျာကြီးတစ်ခုပေါ်သို့ ခုန်တက်၍ ခေတ္တနားရန် အမိန့်ပေးလိုက်သည်။

ထိုစဉ်မှာပင် ဆရာကြီးချိုသည် တစ်နေရာသို့ စူးစိုက်ကြည့်နေရင်းမှ ...

"မင်းတို့ လာကြည့်ကြစမ်း"

ဟုပြောလိုက်သဖြင့် စွမ်းတုကြည်တို့သည် ဆရာကြီး ရပ်နေသော ကျောက်ဖျာပေါ်သို့ တက်၍ ဆရာကြီးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ စွမ်းတုကြည်တို့မှာ မျက်လုံးများ ပြူးကျယ်သွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် ကြီးမားသော မီးတောက်မီးလျှံကြီးများသည် တစ်နေရာ၌ အထင်းသား ပေါ်လွင်နေတော့သည်။

စွမ်းတုကြည်က ...

"ဆရာကြီး အဲဒီမီးက ..."

"ဟုတ်တယ်လေ ...ငါတို့နေခဲ့တဲ့ စခန်းတစ်ခုလုံးကို သူတို့ဖျက်ဆီးနေကြတာပေါ့"

စွမ်းတုကြည်သည် မေးကြောကြီးများ ထောင်လာသည်အထိ အံကို တင်းတင်းကြိတ်လိုက်လေသည်။ ဆရာကြီး၏ မျက်နှာတွင် ကြေကွဲသော အရိပ်အယောင်များ ပေါ်လွင်နေသော်လည်း စိတ်ဆိုးဒေါသဖြစ်သည့်အမူအရာမျိုး မမြင်ရ။ အေးဆေးတည်ငြိမ်သော လေသံဖြင့် ခပ်တိုးတိုး ပြောလိုက်၏။

"သူတို့ အလုံးအရင်းနဲ့ လာမယ်ဆိုတာ ငါတွက်ပြီးသားပဲ"

"ဘယ်သူလဲ ဆရာကြီး"

ဆရာကြီးရှိသည် လရောင်အောက်၌ စွမ်းတုကြည်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"မင်း တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား"

"ကျွန်တော် တကယ်မသိတာပါ ဆရာကြီး"

"ကောင်းပြီလေ၊ မင်းသိအောင်တော့ ငါ ပြောပြရမှာပေါ့"

ကဲ ... သွားကြဦးစို့။ ငါ့ရဲ့နောင်တော်ကြီး နေတဲ့ဆီ ရောက်ခါ နီးပြီ"

အဖွဲ့သားများအားလုံး အထုပ်အပိုးကိုယ်စီ ကောက်ထမ်းကြပြန်၏။

ခေတ္တစခန်းချခဲ့သော ရေတံခွန်ကြီးနှင့် သိပ်မဝေးလှပါ။ ကြီးမားသော ကျောက်ဂူကြီးတစ်ခုသို့ ရောက်ရှိလာသည်။ တိတ်



ဆိတ်အေးချမ်းပြီး အရာရာသည် ငြိမ်သက်နေသည်။

အချို့သော ငှက်ကလေးများသည် အရုဏ်ဦးကို ကြိုဆိုသောအားဖြင့် ဘာသာဘာဝ အော်ဟစ်တေးဆိုနေကြပြီ ဖြစ်သည်။ ဤသို့ဆိုလျှင် မကြာမီ ရောင်နီပေါ်တော့မည် ဖြစ်ပေ၏။

ချုံနွယ်ပိတ်ပေါင်းများ ကာဆီးနေသော ကျောက်ဂူ၏အဝကို ဆရာကြီးက အနည်းငယ် ရှင်းလင်းလိုက်သည်။ ထိုအခါ ကျောက်ဂူထဲသို့ ဝင်သော လမ်းတစ်လမ်း ပေါ်လာ၏။

ပေါ်လာသော လမ်းအတိုင်း အနည်းငယ် လျှောက်သွားကြသောအခါ ရှေ့တွင် ကြီးမားသော ကျောက်တုံးတစ်တုံးက ပိတ်ဆို့ထား၏။ ဆရာကြီးရှိသည် ကျောက်တုံးအား အနည်းငယ် စမ်းသပ်ကိုင်တွယ်ရင်းမှ စွမ်းတုကြည်အား ခေါ်လိုက်၏။

"စွမ်းတုကြည် ... ဒီကျောက်တုံးကို လူတစ်ယောက်ဝင်လို့ရအောင် ညာဘက်ကို လာပြီးတွန်းစမ်းပါ"

ထိုစကားကို ကြားလိုက်ရသော လူငယ်ကလေးများမှာ မျက်လုံးများ ဝိုင်းသွားကြ၏။ ကျောက်တုံးကြီးသည် လူတစ်ရပ်ကျော်ကျော် မြင့်ပြီး လူလေးယောက် လက်ချင်းချိတ်၍ ဖက်ပါမှ တစ်ပတ်ပြည့်မည့် ကျောက်တုံးကြီးအား စွမ်းတုကြည်တစ်ယောက်ထည်းကို ခေါ်၍ တွန်းနိုင်းသဖြင့် မျက်လုံးဝိုင်းသွားကြခြင်း ဖြစ်ပေသည်။

စွမ်းတုကြည်က တုန်လှုပ်ဟန် မပြပေ။ သူသည် ကျောက်တုံးကြီး၏ ဘယ်ဘက်သို့ အသာအယာ တိုးဝင်လိုက်ပြီး ညာဘက်သို့ တွန်းကြည့်လိုက်သည်။

နည်းနည်းမှ မရွေ့ပါ။ ခက်နေသည်က စွမ်းတုကြည်တွန်းရမည့်နေရာတွင် လူတစ်ကိုယ်စာသာ ရှိသည်။ သုံးလေးယောက် ဝင်တွန်း၍လည်း မဖြစ်ချေ။

ဆရာကြီးချိုသည် စွမ်းတုကြည်၏ အစွမ်းအစကို အကဲခတ်ကြည့်နေ၏။ စွမ်းတုကြည်သည် ပထမစမ်းပြီးတွန်းစဉ် လုံးဝ လှုပ်ရှားသည်ကို မတွေ့ရသဖြင့် ဆရာကြီးတော့ မဖြစ်နိုင်တာကို နိုင်းပြီးနဲ့တူတယ်ဟု စိတ်ထဲမှ ထင်မိလိုက်သည်။

ထို့ကြောင့် ဆရာကြီးချိုအား ရယ်ကျဲကျဲနှင့် ပြန်၍ ကြည့်နေမိသည်။ ဆရာကြီးချိုက ...

"အတွင်းအား အင်မတန်ကောင်းတဲ့ တောင်သုံးလုံး လုံစန်းကိုတောင် ကိုင်ပေါက်နိုင်သေးတာပဲကွာ၊ ဒီကျောက်တုံးကဘာမို့လဲ"

ထိုစကား ကြားလိုက်ရသည်နှင့် စွမ်းတုကြည်မှာ အကြီးအကျယ် အံ့ဩတုန်လှုပ်သွားတော့သည်။ သူသည် ဆရာကြီးချိုအား မယုံကြည်နိုင်သော မျက်စိဖြင့် တစ်ချက်ပြန်ကြည့်မိလိုက်၏။

"ဘာလဲ ... မင်းက ငါမသိဘူးများ မှတ်နေသလား၊ အဲဒီပြိုင်ပွဲမှာ ရှေ့ဆုံးက ဟွာနန်းမြို့စားကြီးနဲ့တွဲပြီး ထိုင်နေတာ ငါကွ"



ယင်းစကားကို ထပ်မံကြားလိုက်ရပြန်သောအခါ စွမ်းတုကြည်အဖို့ ဘာမှ စောဒကမတက်နိုင်တော့ဘဲ အသက်ကို တအားရှုသွင်းပြီးအားများကို လက်နှစ်ဖက်ဆီသို့ စုစည်းကာ ကျောက်တုံးကြီးအား ခြေကန်၍ တွန်းတော့သည်။

ထိုအခါ ကျောက်တုံးကြီးသည် ညာဘက်သို့ တဖြည်းဖြည်းရွေ့လျားသွားတော့၏။

ကျောက်တုံးကြီး၏ အတွင်းဘက်ရှိ လမ်းမှာ အတော်ပင်ညီညာဖြောင့်ဖြူးလှပေသည်။ တစ်မိုင်နီးပါးမျှ လျှောက်သွားမိသည်နှင့် လှပစွာ တည်ဆောက်ထားသော အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရပေသည်။

ယင်းအိမ်ကြီးအား အစိမ်းရောင်များဖြင့် ခြယ်မှုန်းထားသဖြင့် အနီးပတ်ဝန်းကျင်ရှိ စိမ်းလန်းစိုပြည်သောသစ်ပင်များနှင့်တစ် သားတည်း ဖြစ်နေပေသည်။

အဝေးမှသာ ကြည့်မည်ဆိုလျှင် ထိုဂေဟာကြီးအား အလွန်စိမ်းလန်းသောသစ်ပင်ကြီးတစ်ပင်ဟုသာ ထင်မိကြမှာ မလွဲပေ။ ထိုနေရာမှ လှမ်းကြည့်လိုက်သောအခါ အညိုရောင်သန်းနေသော ပင်လယ်ပြင်ကြီးကို လှမ်းမြင်လိုက်ရပေသည်။

ဆရာကြီးချိုသည် အစိမ်းရောင်ခြံကြီးထဲသို့ ရှေ့ဆုံးမှ ဦးဆောင်၍ ဝင်လိုက်သည်။ ထိုစဉ် ရုတ်တရက် အရိပ်တစ်ခုသည် ဆရာ

ကြီးရှေ့မှ ရုတ်တရက် ကာဆီးလိုက်သည်။

ထိုလူကို မြင်လိုက်ရသည်နှင့် စွမ်းတုကြည်ပင် ကြက်သီးထသွားတော့၏။ သာမန်လူထက် အရပ်အမောင်းက ရှည်လျားပြီး မုတ်ဆိတ်မွေးများ ပါးမြိုင်းမွေးများသည် မျက်နှာတစ်ခုလုံးကို လွှမ်းမြိုးထားသဖြင့် အကြည့်ရဆိုးလှပေသည်။

လက်ထဲတွင် ကိုင်ထားသော ဓားရှည်မှာ သုံးပေကျော်မည်ဟု ခန့်မှန်းရ၏။ ထိုသူ၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် ရူးရူးတောက်ပစွာဖြင့် ဆရာကြီးချိုအား စိုက်ကြည့်နေသည်။

ဆရာကြီးချိုက ပြုံးလိုက်၏။

"မင်း ငါ့ကို မမှတ်မိဘူးလား ဒေါင်းတောင်"

ဆရာကြီးချိုက ဒေါင်းတောင်ဟု ခေါ်လိုက်မှ စွမ်းတုကြည် ထိုလူကို သေသေချာချာ ကြည့်မိသည်။ မှန်ပေသည်။ ထိုလူကြီး မတ်တတ်ရပ်နေသည်မှာ ဒေါင်းတောင်တစ်ခုကို ထောင်ထားသည်နှင့် တူနေပေသည်။

ဒေါင်းတောင်သည် ဆရာကြီးအား အတန်ကြာ စူးစိုက်ကြည့်ပြီးမှ မညီမညာသော သူ၏သွားများကို ဖြဲလိုက်သည်။

"ဆရာကြီးချို"

"အေး ... ငါ ချိုဟိုးလေကွာ၊ ငါ့နောင်တော်ကြီးကော"

ဒေါင်းတောင်သည် ဂူဟာဆီသို့ လှည့်ကြည့်လိုက်သည်။



ထိုစဉ် ဂူဟာကြီး၏ အပေါ်ထပ်မှ အဖြူရောင်မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။

ရှည်လျားသော မုတ်ဆိတ်မွေးမှအစ ဆံပင်နှင့် မျက်ခုံးမွေးများပါ ဆွတ်ဆွတ်ဖြူနေသော မျက်နှာပိုင်ရှင်ကြီးသည် အတန်ကြာအောင် အကဲခတ်ကြည့်နေပြီးမှ ဆရာကြီးချိုအား မှတ်မိသွားသလို အနည်းငယ် ပြုံးလိုက်ပြီး ဒေါင်းတောင်အား လှမ်းအော်လိုက်သည်။

"ဟေ့ ဒေါင်းတောင် ... သူတို့အားလုံးကို နေရာချထားပေးလိုက်၊ ချိုဟိုး ငါ့ဆီလာခဲ့"

အသံက အရွယ်နှင့်မလိုက်အောင် ပြတ်သားကြည်လင်လှပေသည်။ ဆရာကြီးချိုသည် စွမ်းတုကြည်တို့အား ဒေါင်းတောင်နှင့် လိုက်သွားရန် အချက်ပြပြီး အစိမ်းရောင် ဂူဟာကြီးအတွင်းသို့ ပြေးဝင်သွားတော့၏။

လွန်စွာမှ အေးချမ်းသာယာသော နေရာထိုင်ခင်းတစ်ခု ဖြစ်ပေသည်။ လူသူအရောက်အပေါက် အလွန်နည်းပါးသည့် နေရာဟုလည်း စွမ်းတုကြည် တွေးမိလိုက်သည်။

မူလနေခဲ့သော နေရာသည်ပင် အခက်အခဲပေါင်းများစွာနှင့် လာမှရသော နေရာဖြစ်၏။ ယခု ထိုနေရာမှ ပို၍ ခက်ခဲသော နေရာသို့ ရောက်လာသောအခါ တော်ရုံတန်ရုံရန်သူသည် လုံးဝ လိုက်လာနိုင်မည် မဟုတ်ဟု ထင်မိသည်။

စွမ်းတုကြည်တို့ လူငယ်တစ်သိုက်သည် သစ်ပင်ဝါးပင်ကြီးများကို လှဲကာ တဲတန်းလျားများ ဆောက်လုပ်နေသည်။ ဆရာကြီးနှီးသည် သူ၏နောင်တော်ကြီးနှင့် စကားလက်ဆုံ ကျနေ၏။

သူတို့ပြောနေသော စကားများထဲတွင် မိမိအကြောင်းအများဆုံးပါနေသည်ကို စွမ်းတုကြည်က သတိပြုမိသည်။ သို့သော် စွမ်းတုကြည်က မကြားဟန်ပြု၍ လုပ်စရာ ကိုင်စရာရှိသည်တို့ကို အင်တိုက်အားတိုက် လုပ်ကိုင်နေသည်။

ဒေါင်းတောင်ဟုခေါ်သော လူရှည်ကြီးသည် မြင်ရသူ အံ့သြလောက်အောင်ပင် လျင်မြန်ဖျတ်လတ်စွာဖြင့် လုပ်ကိုင်လျက်ရှိနေသည်။

အရုပ်ဆိုးအကျည်းတန်သလောက် သဘောထား ဖြူစင်ပုံရသည်။ စကားကို များများစားစား မပြောသော်လည်း မသိတာကို မေးမြန်းသည့်အခါ ဖော်ဖော်ရွေရွေ ပြန်ပြောတတ်သဖြင့် လူငယ်များက ဒေါင်းတောင်ကို ချစ်ချင်းခင်မင်သွားကြ၏။

ဒေါင်းတောင်သည် နေမွန်းမတည့်မီမှာပင် တဲတန်းလျားကြီးတစ်ခုကို ပြီးစီးအောင် ဖန်တီးနိုင်စွမ်း ရှိပေသည်။ တဲတန်းလျားပြီးစီးလုအချိန်တွင် အစိမ်းရောင်ဝတ်စုံကို အဝါရောင်ဇာနားသတ်၍ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးက သစ်ပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်သို့ စားစရာများ လာရောက်ချပေးနေသည်။



စွမ်းတုကြည်က ထိုမိန်းကလေး၏ သွားလာလှုပ်ရှားပုံကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ သာမန်လူထက် ထူးခြားနေသည်ဟုတော့ ထင်မိသည်။

မိန်းကလေးသည် မည်သူ့ကိုမှ မကြည့်ပါ။ စားစရာများဗန်းနှင့်ထည့်ယူလာကာ ကွပ်ပျစ်ပေါ် တင်ထားခဲ့၏။ ပြီးသည်နှင့် လာလမ်းအတိုင်း မှန်မှန်ပြန်လျှောက်သွားသည်။

မိန်းကလေး၏ အပြုအမူကို မည်သူကမှ သတိမထားမိသော်လည်း စွမ်းတုကြည်က သတိထားမိသည်။ သူမ သွားလာလှုပ်ရှားပုံမှာ စက်ရုပ်တစ်ရုပ်နှင့် တူနေသောကြောင့်ပင်။

ဒေါင်းတောင်က စားသောက်စရာများ စားရန် ခေါ်သဖြင့် အသီးသီး စားသောက်ကြ၏။ ဒေါင်းတောင် စွမ်းတုကြည်အနား လာထိုင်သည်။

"တို့ဆီမှာတော့ ဆန်ပြုတ်နဲ့ ပင်လယ်စရာကို အများဆုံး စားရမှာပဲဟေ့"

ဒေါင်းတောင်သည် သူ၏အရုပ်ဆိုးလှသော မျက်နှာကြီးကို တအားဖျစ်ညှစ်၍ ပြုံးပြီး ပြောလိုက်သည်။

"ဒါထက် ကိုကြီးဒေါင်း ... ဒီအစိမ်းရောင်ဂေဟာကြီးကို မိသားစုအားလုံး ဘယ်နှယောက် ရှိကြသလဲဗျ"

စွမ်းတုကြည်က စပ်စုသည့်သဘောဖြင့် မေးလိုက်သည်။

"ဒီမှာ များများစားစား မရှိပါဘူး၊ ငါတို့သာမရှိရင် သခင်ကြီးတစ်ယောက်တည်းပေါ့၊ ခုတော့ အားလုံး လေးယောက်ရှိတယ်"

"လေးယောက် ... ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ စောစောက ဆန်ပြုတ်လာပို့ပေးတဲ့ ဒုက္ခိတသားအမိရယ်၊ ငါရယ်၊ သခင်ကြီးရယ်ပေါ့ကွာ"

စွမ်းတုကြည်က နားမရှင်းသလို ဖြစ်သွားသည်။

"ဒုက္ခိတသားအမိ ဆိုတာက"

"အေး ... ငါက ခါးလယ်က ဖြတ်ပြောတော့ မင်း သိပ်နားမရှင်းဘူးနဲ့တူတယ်"

စွမ်းတုကြည်က ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်"

ဒေါင်းတောင်က ဆန်ပြုတ်ကို သုံးလေးဇွန်း ဆက်လက်၍ သောက်ပြီး ပန်းကန်လုံးကို ချထားလိုက်သည်။

"သခင်ကြီး ဖန်ကွမ်းဟုန်က မင်းဆရာချိတိုးရဲ့ နောင်တော်ကြီးဆိုတာတော့ သိမှာပေါ့"

စွမ်းတုကြည်က ခေါင်းညိတ်၍ ...

"ဟုတ်ကဲ့ ... ဒီကျမှ သိရတာပါ"

"သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ ဒီဂေဟာမှာပဲ ကြီးပြင်းလာကြတာ။ ငါ ဒီကိုရောက်ပြီး သုံးနှစ်လောက်အကြာမှာ မင်းဆရာ



ချိတိုးက ထွက်သွားလိုက်တာ အခုထက်ထိပဲ"

"ဒါဖြင့် ကိုကြီးဒေါင်း ဒီကိုရောက်နေတာ ကြာပြီပေါ့နော်"

"ငါ ဒီကိုရောက်နေတာ အနှစ်သုံးဆယ်ပြည့်တော့မယ်၊ အဲ ... လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတော့ ဟိုဒုက္ခိတသားအမိကို သခင်ကြီးက ကယ်တင်လာခဲ့တာပဲ"

စွမ်းတုကြည်က သေသေချာချာ နားထောင်နေရင်းမှ ...

"သူတို့ ဘယ်လို ဒုက္ခရောက်နေတာလဲ"

ဒေါင်းတောင်သည် ပင်လယ်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"ဟောဟို ပင်လယ်ထဲမှာပေါ့ကွာ၊ သူတို့ရဲ့လှေဟာ မုန်တိုင်းမိ ပျက်စီးသွားတော့ လှေပေါ်မှာ ပါလာတဲ့လူတွေဟာ အားလုံး သေဆုံးသွားကြတယ်၊ သူတို့သားအမိကတော့ ကံကောင်းလို့ သစ်တုံးကြီး တစ်တုံးကို ဖက်တွယ်ထားရာက အသက်ချမ်းသာရာ ရသွားပြီး ကမ်းစပ်မှာ လာတင်နေတယ်"

"ဪ ... အဲဒါကို သခင်ကြီးကခေါ်ပြီး ကျွေးမွေးပြုစုထားတာပေါ့ ... ဟုတ်လား"

ဒေါင်းတောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဒါပေမဲ့ အခုတော့ သူတို့သားအမိဟာ ဒီအိမ်မှာ ဂေဟာမှူးပဲ၊ အစစအရာရာ အားလုံးကို သခင်ကြီးက

လွှဲ အပ်ထားတယ်"

စွမ်းတုကြည် အနည်းငယ် ပြုံးလိုက်ပြီး ...

"ကလေးမလေးရဲ့ မိခင်ကို အိမ်ရှင်မအဖြစ် ခန့်အပ်ထားလိုက်ပြီနဲ့ တူတယ်"

ဟု စွမ်းတုကြည်က ပြောလိုက်ရာ ဒေါင်းတောင်က ရယ်လိုက်၏။

"အင်း ... မင်း အတွေးအခေါ် မဆိုးဘူး။ ကလေးမလေးရဲ့ မိခင်က အတော်လှတော့ သခင်ကြီး ကံကောင်းတာပေါ့ကွာ"

"ဒါဖြင့် သူတို့သားအမိက ဘယ်ဒုက္ခတ ဟုတ်တော့မလဲဗျ"

"ဟ ... ကောင်မလေးက မျက်မမြင်လေးကွ"

"ဗျာ"

စွမ်းတုကြည် အမှန်ပင် အံ့ဩသွားတော့၏။ ကလေးမသည် သူများနှင့်မတူဘဲ ထူးခြားသည်ဟုတော့ စွမ်းတုကြည် ထင်မိသည်။ သို့သော် မျက်စိကွယ်နေလိမ့်မည်ဟု မထင်မိပေ။

ကလေးမသည် လူကောင်းတစ်ယောက်ပမာ သွားလာပြီး စားစရာများကို နေရာသားတကျ ထားသိုသွားသည်မှာ အံ့ဩစရာပင်။

"ဒါပေမဲ့ လူကောင်းထက် ကြောက်စရာကောင်းတယ် မောင်ရေ၊ သူမသိတာ ဘာမှမရှိဘူး၊ အမှတ်အသား ကောင်းသလောက် နားပါးလိုက်တာလည်း လွန်ပါရော၊ သူ့အကြောင်း မကြာခင် မောင်ရင်တို့ သိရမှာပေါ့"

ဒေါင်းတောင်က ဉာဏ်မျှနှင့် စကားဖြတ်လိုက်သည်။ လုပ်စရာ ကိုင်စရာများကလည်း ရှိနေသေးသဖြင့် စွမ်းတုကြည်တို့သည် စားသောက်ပြီးသည်နှင့် ဆောက်လက်စ တဲတန်းလျားကို အပြီးသတ် လုပ်ကိုင်ကြလေ၏။

လူအင်အားကလည်း များသည်မို့ နေမစောင်းမီ တဲတန်းလျားက ချောမောစွာ ပြီးဆုံးသွားသည်။

တောင်ပေါ်လေသည် တဟူးဟူးတိုက်ခတ်နေသောကြောင့် မိမိတို့နေထိုင်ခဲ့သောနေရာထက် အဆပေါင်းများစွာ အေးစိမ့်နေပေသည်။

အစိမ်းရောင်ဂေဟာကြီးထဲတွင် မီးအိမ် မှိန်မှိန်ကို ထွန်းညှိထားသော်လည်း အပြင်ဘက်၌ လရောင်က ထိန်ထိန်သာလျက် ရှိနေပေသည်။

အနှစ်သုံးဆယ်နီးပါး အထီးကျန်စွာဖြင့် ငြိမ်းငွေ့စွာ နေလာခဲ့ရသော ဒေါင်းတောင်သည် လူငယ်များဖြင့် ပျော်ရွှင်စွာ သိုင်းကစားနေ၏။

လူငယ်များသည် ဒေါင်းတောင်၏ ပြောင်မြောက်ထက်မြက်လှသော သိုင်းပညာများကို တအံ့တဩ ငေးမောကြည့်ရင်းမှ

နည်းနာနိဿယများ ယူလျက်ရှိကြသည်။

အတွင်းဧည့်ခန်း၌ ဆရာကြီးနှစ်ဦးနှင့် စွမ်းတုကြည် ထိုင်လျက် ရှိသည်။ ဆရာကြီးချိုနှင့် သခင်ကြီး ဖန်ကွမ်းဟုန်သည် စွမ်းတုကြည်၏ကိစ္စကိုသာ အဓိကထား၍ တိုင်ပင်ပြောဆိုနေကြခြင်း ဖြစ်သည်။

သူတို့နှစ်ဦးသည် စွမ်းတုကြည်၏ အကြောင်းကို နောက်ကွယ်ရာ၌လည်း အတော်အတန် ဆွေးနွေးထားကြဟန် တူပေ၏။ သခင်ကြီး ဖန်ကွမ်းဟုန်သည် စွမ်းတုကြည်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရှုပြီးမှ အလွန်အေးစက်သော လေသံဖြင့် ပြော၏။

"မင်းတပည့်က အင်မတန် ထူးထူးခြားခြား စိတ်ထားမျိုး ရှိမယ့်လူငယ်တစ်ယောက်ပဲ၊ သူ့ရဲ့ခန္ဓာကိုယ်အချိုးအဆစ်ကလည်း ကျော်ကြားမယ့် သိုင်းပညာရှင်တစ်ယောက်ရဲ့ လက္ခဏာမျိုးကွ"

သခင်ကြီး ဖန်ကွမ်းဟုန်က ဆရာကြီးချိုအား ပြောလိုက်ခြင်း ဖြစ်သည်။ ဆရာကြီးချိုသည် စွမ်းတုကြည်ကို သခင်ကြီးဖန်ကွမ်းဟုန်နှင့် မိတ်ဆက်ပေးလေသည်။

"ဒီဥစ္စာက နောင်တော်ကြီးပဲ စွမ်းတုကြည်"

စွမ်းတုကြည်က လက်သီးနှစ်ဖက်ဆုပ် ဦးညွှတ် ဂါရဝပြုလိုက်သည်။

"လေးစားပါတယ် ဘာဘာ"



"အေး အေး … မင်းရဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘာဘတို့ တိုင်ပင် နေကြတယ်"

"ဟုတ်ကဲ့ … ကျွန်တော့်မှာ ချွတ်ယွင်းချက်တွေရှိရင် ဆုံးမပါ ဘာဘရယ်"

ဆရာကြီးချိုက …

"စွမ်းတုကြည် … မင်းရဲ့ မိဘအကြောင်းနဲ့ပတ်သက်ပြီး ငါတို့ကို ပြည့်ပြည့်စုံစုံ ပြောမပြနိုင်ဘူးလား"

စွမ်းတုကြည်သည် သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်၏။

ပြီးမှ ထန်းမုကျိသည် မွေးစားဖခင်ဖြစ်ကြောင်း မိမိ၏မိခင်သည် လှေဝိုးဆိုသော အမျိုးသမီးဖြစ်ကြောင်း ကျူးယားထံမှ သိရှိရပုံနှင့် ထန်းမုကျိကိုယ်တိုင် ဖွင့်ပြောပြသွားသောအကြောင်းများကို တစ်လုံးမကျန် ဟုတ်တိုင်းမှန်ရာ ပြောပြလေတော့သည်။

ပုဂ္ဂိုလ်ကြီးနှစ်ဦးသည် အချိန်အတော်ကြာသည်အထိ စဉ်းစားနေကြသည်။

အတန်ကြာမှ ဆရာကြီးချိုက …

"အေး … မင်းပြောတဲ့အတိုင်းဆိုရင် ပင်လယ်ဓားပြ ထန်းမုကျိက မင်းတို့သားအမိကို ခေါ်သွားတော့ မင်းအမေက ပင်လယ်ထဲ ခုန်ချလိုက်တယ်ပေါ့ … ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို မင်းရဲ့အမေဟာ လောကကြီးမှာ မရှိတော့ဘူးလို့ ဆိုရမှာပဲ"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဒီအတိုင်းပဲ ထင်ပါတယ်"

"မင်းကို ထန်းမုကျိုက ပစ္စည်းတစ်ခု ပေးတယ်ဆို"

"ဟုတ်ကဲ့ ... ကြုတ်ကလေးပါတဲ့ ဆွဲကြိုးတစ်ကုံးပါ"

"ဘယ်မှာလဲ ... ငါ့ကိုပြစမ်း"

စွမ်းတုကြည် ခေါင်းခါယမ်းလိုက်၏။

"မရှိတော့ဘူးဆရာကြီး၊ ကျွန်တော် ထုခွဲရောင်းချလိုက်ပါပြီ"

"ဟာ ... ခက်တော့တာပဲ၊ အဲဒီကြုတ်ဟာ မင်းဘဝရဲ့ သဲလွန်စ တစ်စိတ်တစ်ဒေသ ဖြစ်နိုင်တယ်"

စွမ်းတုကြည်မှာ ယခုမှ စဉ်းစားမိပြီး ငိုင်သွားတော့သည်။ သို့သော် ယွင်းကျင်းမေဆိုသည့် မိန်းကလေးနှင့် ပြန်တွေ့မှ မေးကြည့်ရဦးမည်ဟု စိတ်ထဲတွင် မှတ်သားထားလိုက်၏။

ထိုစဉ် သခင်ကြီး ဖန်ကွမ်းဟုန်က ...

"နေပါဦး ချိုဟိုး ... မင်းတွေ့ခဲ့တဲ့ အတွေ့အကြုံကို ပြောပြစမ်းပါဦး"

"ဒီလိုပါ အစ်ကိုကြီး ... ကျွန်တော် သိုင်းပြိုင်ပွဲကို ရောက်သွားတဲ့အခါ စွမ်းတုကြည်က နောက်ဆုံးစိန်ခေါ်နေတဲ့ တောင်သုံးလုံးစန်းကို ရုတ်တရက် ဝင်ရောက်ပြီးယှဉ်ပြိုင်တာကို တွေ့လိုက်ရပါတယ်"



သခင်ကြီးဖန်ကွမ်းဟုန်က ...

"မင်းကို ယှဉ်ပြိုင်မယ်လို့ ပြောမသွားဘူးလား"

"သူ့ကို လွှတ်လိုက်တာက ရန်ချုံမြို့ကို ရိက္ခာဝယ်ဖို့ လွှတ်လိုက်တာပါ၊ ကျွန်တော်ကလည်း သိပ်ပြီး စိတ်မချတာနဲ့ လိုက်သွားမိတာ၊ ဟိုရောက်တော့ ထင်တဲ့အတိုင်းပဲ ... သူက ဘာမပြော ညာမပြောနဲ့ ဝင်ရောက်ယှဉ်ပြိုင်တော့တာပဲ"

စွမ်းတုကြည် ခေါင်းငုံ့နေ၏။

"အင်း ... ပြောပါဦး"

"အဲဒီလို ပြိုင်တဲ့အခါမှာ စွမ်းတုကြည်ကို ကျောက်ချိန်းသိုင်းရှူးဆိုပြီး အားပေးကြတယ်၊ စွမ်းတုကြည်ကလည်း သူဟာ ဘယ်သူဘယ်ဝါပါလို့ ထုတ်မပြောတော့ သူ့ကို ကျောက်ချိန်းလို့ပဲ ထင်ကြတာပေါ့"

သခင်ကြီးဖန်ကွမ်းဟုန်က စွမ်းတုကြည်အား ကြည့်လိုက်သည်။

"လူလေးက ဘာလို့ နာမည်ထုတ်မပြောတာလဲ"

"ကျွန်တော် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ဆရာကြီးချို သိသွားမှာစိုးပြီး ထုတ်ဖော်မပြောတာပါ၊ ကျွန်တော့်မှာ အဲဒီအပြစ်

ရှိပါတယ် ဘဘ"

ခွမ်းတုကြည်က သူ၏အပြစ်ကို ရိုးရိုးသားသားဝန်ခံလိုက်၏။

"လူလေးကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ ထားပါတော့လေ ... အဲဒီလို ကျောက်ချိန်းကွ၊ သိုင်းရူးကွလို့ အားပေးကြတော့ လူလေးစိတ်ထဲ ဘယ်လိုခံစားရသလဲ"

"ဟုတ်ကဲ့ ... ကျွန်တော် စဉ်းစားမိတာကတော့ အဲဒီပွဲနန်းမြို့မှာ ကျောက်ချိန်းဆိုတဲ့လူ ရှိရမယ်၊ အဲဒီလူဟာ ကျွန်တော်နဲ့ အင်မတန်တူတဲ့လူ ဖြစ်ရမှာမို့ လူမှားပြီး အားပေးတာလို့ပဲ ထင်မိပါတယ်"

သခင်ကြီးဖန်ကွမ်းဟုန်က အနည်းငယ် ပြုံးလိုက်၏။

"အဲဒီလောက် လူလေးနဲ့တူနေတယ်ဆိုတော့ လူလေးရဲ့ညီ သို့မဟုတ် အစ်ကိုဆိုတာကော မဖြစ်နိုင်ဘူးလား"

ခွမ်းတုကြည် ငေးငိုင်သွားတော့၏။ ညှို့ခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။ အပြင်ဘက်မှ ဒေါင်းတောင်နှင့် လူငယ်များ၏ အသံက တစ်ခါတစ်ခါ ဝင်ရောက်လာ၏။

သခင်ကြီးဖန်ကွမ်းဟုန်က ဆက်ပြောသည်။

"ဘဘပြောမယ် လူလေး"

"ဟုတ်ကဲ့ ဘဘ"



"ပထမအချက်က လူလေးရဲ့ အမျိုးအနွယ် ဘယ်သူဘယ်ဝါဆိုတာ သိချင်မှာပဲ၊ အဲဒီတော့ ကျောက်ချိန်းဆိုတဲ့လူငယ်ဟာ သဲလွန်စတစ်ခု ဖြစ်နိုင်တယ်၊ လူလေး သဘောပေါက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ဘဘ"

"ဒုတိယအချက်က လူလေးနဲ့ ထိုက်တန်လို့ အနိုင်ရခဲ့တဲ့ဓား ဟာ လူလေးပဲ ပိုင်ရမယ်၊ ကျောက်ချိန်း မပိုင်ရဘူး၊ လူလေးဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့ လူငယ်တစ်ဦးဖြစ်အောင် ကြိုးစားပါ၊ လူမျိုးအတွက်၊ တိုင်းပြည်အတွက် အသက်ပေးပြီး ကာကွယ်ပါ"

"ဟုတ်ကဲ့ ဘဘ"

"ဒါပေမဲ့ ဘဘက လူလေးကို အခုချက်ချင်း မလွှတ်သေးပါဘူး၊ ဘဘဆီက အဓိပတိသိုင်းကွက် ငါးကွက်ကို သင်ကြားပေးပြီးမှ လွှတ်မှာပါ၊ တစ်လကြာချင်လည်း ကြာမယ်၊ နှစ်လကြာချင်လည်း ကြာမယ်၊ လူလေးအပေါ်မှာ မူတည်တာပဲ၊ နောက်တစ်ခု လူလေး ဆောင်ရွက်ရမယ့် တာဝန်က ဘာလဲဆိုတာကော သိသလား"

"အမိန့်ရှိပါ ဘဘ"

"လူလေးရဲ့ မွေးစားဖခင် ထန်းမုကျို မှာသွားတဲ့စကားလေ၊ သူ မြှုပ်ထားခဲ့တဲ့ ရတနာတွေ မင်းကို ပေးခဲ့တယ်မဟုတ်လား။ အဲဒါ

တွေ အလဟဿ မဖြစ်စေနဲ့၊ လူမျိုးအတွက်၊ တိုင်းပြည်အတွက် အသုံးချရမယ်"

စွမ်းတုကြည်က ဆရာကြီးချိုအား လှမ်းကြည့်လိုက်၏။

"ရသေ့ကြီးပုန်းရှိနေတဲ့နေရာကို ဆရာကြီးသိတယ်လို့ ပြောပါတယ်"

ဆရာကြီးချို ခေါင်းညိတ်လိုက်၏။

"ငါ မင်းကို ရသေ့ကြီးပုန်းရှိတဲ့နေရာမြေပုံ ပေးလိုက်မယ်"

သခင်ကြီးဖန်ကွမ်းဟုန်က ...

"ကဲ လူလေး ... ရှေ့ဆက်ရမယ့် လုပ်ငန်းစဉ်တွေ ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ လူဆိုးလူကောင်း ရွေးချယ်ပါ၊ လူဆိုးဆယ်ယောက်ကိုသုတ်သင်ဖို့ ဦးမလေးသလို လူကောင်းတစ်ယောက်ကို မှားယွင်းပြီးမသတ်မိဖို့ သတိထားစေချင်တယ်"

"နာခံပါ့မယ် ဘဘ"

"နောက်တစ်ချက်က မင်းဆရာ ဘယ်သူလဲလို့ မေးတဲ့အခါ ချိုဟိုးနဲ့ အဓိပတိဖန်ကွမ်းဟုန်လို့သာ ပြောလိုက် ... ကြားလား"

"ဟုတ်ကဲ့ ... မှတ်ထားပါ့မယ်"

ဆရာကြီးချိုက ဆက်လက်၍ ...

"တစ်ခုတော့ရှိတယ် စွမ်းတုကြည်၊ မင်းမှာ အန္တရာယ်တွေ သိပ်ကြီးမားနေတယ်၊ တို့တစ်တွေရဲ့ စခန်းကို လာဖျက်ဆီးသွားတာ



ဘယ်သူတွေလို့ ထင်သလဲ"

စွမ်းတုကြည်က ဘာမှမပြောဘဲ တွေဝေစဉ်းစားနေသည်။

"ဘယ်သူရှိဦးမှာလဲကွာ ... မင်းအနိုင်ရလိုက်တဲ့ လုံစန်းရဲ့ တပည့်တွေပဲပေါ့၊ လုံစန်းရဲ့တပည့်တွေဆိုတာက ဘီလူးမားဂိုဏ်းသား တွေပဲ၊ ဘီလူးမားအဖွဲ့ထဲမှာ အညတရ သိုင်းသမားတွေ ပါသလို သိုင်းပညာထက်မြက်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ ငါအခုလို ရှောင်ထွက်လာတာက ကြောက်လို့တော့မဟုတ်ဘူး၊ ပညာမစုံသေးတဲ့ လူငယ်ကလေးတွေ အဆစ်ပါကုန်မှာစိုးလို့ပဲ၊

စွမ်းတုကြည်က ခေါင်းငုံ၍ နားထောင်နေသည်။

"လုံစန်း ရှုံးသွားတဲ့အတွက် ဘီလူးမားဂိုဏ်းဟာ ဘယ်တော့မှ ကျေနပ်မှာမဟုတ်ဘူး၊ သူတို့ဘက်ပါအောင် စည်းရုံးလို့မရရင်တော့ မင်းကိုသတ်ဖို့ ကြိုးစားမှာပဲ၊ ပိုပြီးခက်နေတာက စောစောကပြောတဲ့ ကျောက်ချိန်းနဲ့မင်းကို တစ်ဦးတည်းပဲလို့ သူတို့ထင်နေပုံရတယ်၊ အဲဒီကော့ ဟိုလူငယ်လည်း သက်သာမှာ မဟုတ်ဘူး"

"သူလည်း သိုင်းပညာ တတ်မှာပေါ့ ဆရာကြီးရဲ့"

ဆရာကြီးချိုက ခေါင်းကို ခါယမ်းလိုက်သည်။

"ငါ မြို့စားကြီးကို မေးကြည့်တယ်၊ ဒီလူငယ်ဟာ ဘယ်သူ့သားလဲလို့ မေးတော့ မြို့စားကြီးက ဘုရားကျောင်းမှာ တာဝန်ကျတဲ့ ဘုရားလူကြီးတစ်ဦးရဲ့ သားလို့ ပြောတယ်၊ သိုင်းပညာလည်း ဟုတ်

တိပတ်တိ မတတ်ပါဘူးတဲ့၊ ခုတော့ သူလည်း အံ့သြသွားတယ်ဆိုတဲ့ အကြောင်းပြောတယ်၊ သူ့စိတ်ထဲမှာ မင်းကို ကျောက်ချိန်းပဲ မှတ်နေတာကိုး"

"ခုဆို ကျောက်ချိန်းဟာ ရတနာစေးကို ပိုင်ဆိုင်တဲ့ လူ တစ်ယောက် အလိုလို ဖြစ်သွားပြီပေါ့ ဟုတ်လား ဆရာကြီး"

"အင်း ... ရတနာစေးကို ပိုင်ဆိုင်တဲ့လူတစ်ယောက် အလိုလိုဖြစ်သွားသလို သူမှာ ရန်သူလည်း အလိုလို များသွားပြီပေါ့ကွာ"

စွမ်းတုကြည်စိတ်ထဲ၌ အနည်းငယ် ရှုပ်ထွေးသွားလေသည်။

"ဘီလူးစေးက သူ့ဆီလည်း မသွားဘဲတော့မနေဘူး၊ သူတို့ စိတ်ထဲမှာ မင်းနဲ့ကျောက်ချိန်းဆိုတဲ့လူငယ်ကို တစ်ယောက်တည်းပဲလို့ ထင်နေတာ၊ အဲဒီတော့ ဆရာကော တပည့်ကော သုတ်သင်မယ်ဆိုပြီး တို့စခန်းကို လိုက်လာတာပဲ"

"ဒါဆို ကျောက်ချိန်းဟာ လူ့လောကမှာ ရှိပါဦးမလား မသိဘူး"

"အင်း ... အဲဒီကိစ္စတွေ အားလုံးဟာ မင်းသွားမှပဲ အဖြေပေါ်မှာပဲ"

ဆရာကြီးဆိုဘိုးသည် စွမ်းတုကြည်အား ပြောနေရာမှ သခင်ကြီး ဖန်ကွမ်းဟုန်အား မော့ကြည့်လိုက်သည်။

"[illegible]ကြီး ... စွမ်းတုကြည်ကို ရတနာတွေကိစ္စနဲ့



ပတ်သက်ပြီး ရသေ့ကြီးပုရှီးရီဆီကို လွှတ်တဲ့အခါ လင်းလင်းကိုပါ ထည့်ပေးလိုက်ရင်ကောင်းမယ်"

ဖန်ကွမ်းဟုန်က မျက်မှောင်ကုတ်လိုက်သည်။

"လင်းလင်းကို ဘာကိစ္စထည့်မှာလဲ"

"ဟာ ... နောင်တော်ကြီး မေ့နေပြီလား၊ ရသေ့ကြီးပုရှီးရီဟာ သမားတော်ပညာမှာလည်း တစ်ဖက်ကမ်းခပ်တယ်လေ၊ အထူးသဖြင့် မျက်စိကုသတဲ့နေရာမှာ အင်မတန် ကျော်ကြားတယ် မဟုတ်လား"

ဖန်ကွမ်းဟုန်သည် ဒူးခေါင်းကို ဖျတ်ခနဲပုတ်လိုက်သည်။

"အေး ... ဟုတ်ပေသားပဲ၊ ငါ ဒါကို လုံးဝမစဉ်းစားမိဘူး ... ကြည့်စမ်း၊ အင်း ...လင်းလင်းမျက်စိဟာ ငယ်ငယ်က မိုးကြိုးပစ်ရာက စက်ကွင်းမလွတ်ဘဲ ဖြစ်သွားတာဆိုတော့ ပြန်ကောင်းနိုင်စရာ အများကြီးရှိတာပဲ၊ ဟုတ်ပြီ ဟုတ်ပြီ ... လူလေးသွားရင် လင်းလင်းကိုပါ ခေါ်သွားဟေ့၊ လင်းလင်း မျက်စိပြန်ကောင်းလို့ကတော့ကွာ"

ဖန်ကွမ်းဟုန်သည် ဝမ်းသာအားရပြောပြီး စကားကို ထိုမျှနှင့်ပင် ရပ်တန့်ထားလိုက်လေတော့၏။

❑ ❑ ❑

## အခန်း (၁၂)

### ကျောက်ချိန်းနှင့် ဘီလူးစား

အာလူးပူပူကို ပါးစပ်ထဲ ထည့်ထားမိသူမှာ ကျောက်ချိန်းပင် ဖြစ်သည်။ ထွေးထုတ်ရအခက် မျိုချရအခက် ဖြစ်နေသည်။ ကံများ ကောင်းချင်တော့ အရက်မူးပြီး အခန်းထဲ အိပ်ပျော်နေသည့်တိုင်အောင် လူစွမ်းကောင်းဘွဲ့နှင့် ရတနာကျောက်စီဓားကို ရရှိလိုက်သည်။

မြို့စားကြီး၏သမီး စုကျင်းကိုယ်တိုင် ကျောက်စီဓားကို ချီးမြှင့်သဖြင့် ကျောက်ချိန်းမှာ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဟွာနန်း တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားတော့သည်။

လမ်းတွေ့လို့မှ လှည့်ကြည့်ဖော်တောင် မရခဲ့သော ဒေသအုပ်ချုပ်ရေးအဖွဲ့ အာဏာပိုင်များသည် ယခုအခါ ကျောက်ချိန်းအား ပျူပျူငှာငှာ ဆက်ဆံကြ၏၊ လေးလေးစားစား ပြောဆိုကြသည်။

မြို့စားကြီးကိုယ်တိုင် စီမံပေးသော အိမ်တစ်လုံး၌ ပြောင်းရွှေ့ နေထိုင်ရလေသည်။ ကိုတာဝီးနှင့် ဟန်ယို့သည် ယနေ့ထက်ထိ ကျောက်ချိန်းအား မယုံကြည်နိုင်သောမျက်လုံးနှင့် ကြည့်နေဆဲပင် ဖြစ်သည်။ သို့သော် ဖခင် ကိုတာဝီးနှင့်စာလျှင် မိခင်ဟန်ယို့ အနည်းငယ် ယုံကြည်ပုံရသည်။



"မဟုတ်ပါဘူး ... ကိုယ့်သားတစ်ယောက်လုံး ပြိုင်ပွဲမှာတက ပြီးယှဉ်ပြိုင်လို့ လူစွမ်းကောင်းဘွဲ့ရလာတာပဲ၊ ဘာမယုံနိုင်စရာရှိတော့လို့လဲ"

ဟန်ယို့က သားဘက်မှ ကာဆီး၍ ပြောသည်။ တာဝီးက ခေါင်းခါ၏။

"မဟုတ်သေးဘူးနော် ဟန်ယို့ ... ငါ အမျိုးမျိုးစဉ်းစားတယ်၊ ဒီကောင် တောင်သုံးလုံးလုံစန်းကို လေးငါးဆယ်ကွက်တည်းနဲ့ ပွဲသိမ်းနိုင်ခဲ့တယ်ဆိုတာ ငါဘယ်လိုလုပ်ပြီး ယုံရမယ်ဆိုတာ စဉ်းစားလို့ မရဘူး"

ဟုတ်တော့လည်း ဟုတ်ပေသည်။ တောင်သုံးလုံး လုံစန်းသည် သိုင်းသမားပေါင်းများစွာ အနိုင်ရရှိပြီး ဗိုလ်စွဲလာသူ ဖြစ်သည်။ ဗိုလ်စွဲလာသူကိုမှ မိမိ၏သားက အနိုင်ရရှိလိုက်သည်မှာ သံသယဖြစ်လာသည်။

သို့သော် မယုံချင်၍လည်း မရ၊ ယုံရပေတော့မည်။ မြို့စားကြီးကိုယ်တိုင် ကြည့်ရှု၍ ကျေနပ်အားရစွာဖြင့် လူစွမ်းကောင်းဘွဲ့ပေး

၍ ဓားကို အပ်နှင်းထားပြီ မဟုတ်ပါလား။

"ငါတော့ တစ်နေရာရာမှာ အလွဲလွဲအမှားမှားတွေ ဖြစ်သွားပြီလို့ အောက်မေ့တာပဲ"

ကို့တာဝီး မကျေမနပ်နှင့် ပြောနေခြင်း ဖြစ်၏။

"ရှင် ဘာမှပြောမနေနဲ့ ခုဆိုရင် ကြည့်စမ်း ... ရှင်လည်း ဘုရားမှာ ပထမလူကြီး ဖြစ်သွားပြီ၊ မြို့ပေါ်ကလူတွေကလည်း ခုဆိုရင် ကျွန်မတို့ကို ဖော်ဖော်ရွေရွေ ဆက်ဆံကြတယ်၊ တချို့ သိုင်းပညာရှင်ကလေးများကဆိုရင် ဂုဏ်ပြုလက်ဆောင်တွေ ပေးပို့ကြတာလည်းမနည်းဘူး။ ဘယ်လောက် မျက်နှာပွင့်ထားသလဲ"

တာဝီးမျက်နှာ မဲ့ရွဲ့လိုက်သည်။

"အင်း ... တော်ကြာ ရန်သူနဲ့တွေ့ရင်တော့ ကားခဲ့ဖြစ်သွား တော့မှာပဲ"

မိဘက ဘယ်လိုပင် ဝေဖန်ပြောဆိုနေပေမယ့် ကျောက်ချိန်း ဘာမျှပြန်၍ မပြောပေ။ ယခုအခါ ကျောက်ချိန်းမှာ အရက်ကို အချိန်မှန်မှန် သောက်တတ်နေပြီ ဖြစ်လေသည်။

မိမိကိုယ်ကို မိမိ အရက်သောက်၍ပင် ကံကောင်းသည်ဟု ထင်မှတ်နေသည်။ သို့သော် ကျောက်ချိန်းသည် ဦးနှောက်ရှိသော လူသားတစ်ဦး ဖြစ်၏။

သူ့ဘဝရှေ့ရေးကိုတော့ သူတွေးပြီးသား ဖြစ်နေ၏။ မြို့စား



ကြီးက ဗိုလ်မှူးလေးရာထူး ပေးသည်ကို ကျောက်ချိန်း ပစ်ပစ်ခါခါ ငြင်းဆန်လိုက်သည်။ သူ၏အကြောင်းပြချက်မှာ သူသည် သိုင်းလောက၌ လွတ်လွတ်လပ်လပ်နှင့် ကျင်လည်ကျက်စားချင်သောကြောင့် ဗိုလ်မှူးလေးရာထူးကိုတော့ မယူပါရစေနဲ့ သို့သော်လည်း တိုင်းပြည်၏တာဝန်ကို တစ်ဖက်တစ်လမ်းက ကျေပွန်စွာ ထမ်းဆောင် ပေးပါမည်ဟု စကားလှလှသုံး၍ ငြင်းပယ်ခဲ့သည်။

ဒါလောက်တော့ ကျောက်ချိန်းက ပါးနပ်သေးသည်။ ဗိုလ်မှူးလေးရာထူးယူလိုက်လျှင် သူသည် အချိန်ပြည့် တာဝန်ကို ထမ်းဆောင်ရမည် ဖြစ်သည်။

ထိုအခါ ရန်သူပေါင်းများစွာနှင့် ဆက်ဆံရပြီး ယှဉ်ပြိုင်ရတော့မည် မဟုတ်ပါလား။ ထို့ကြောင့် သူက ဗိုလ်မှူးလေးရာထူးကို မယူလိုက်ခြင်း ဖြစ်၏။

သည်ကြားထဲ ကျောက်ချိန်း ပို၍ နာမည်ကြီးစေသော အချက်တစ်ခု ပေါ်ပေါက်ခဲ့သေးသည်။ အခြားမဟုတ်ပေ။ တစ်နေ့ ကျောက်ချိန်း အရက်ဆိုင်၌ အရက်အတော်မူးနေသည်။

ထိုအခါ ဆိုင်ရှင်က ထပ်မသောက်ဖို့ တောင်းပန်သည်။ ကျောက်ချိန်းက နားမထောင်ဘဲ အရက်အိုးနှစ်အိုးကို ထပ်ယူကာ သူ့စားပွဲ၌ တင်ထား၏။

သို့သော်လည်း မိမိအတော်မူးနေပြီဖြစ်ကြောင်း ပြန်

စဉ်းစားမိကာ အရက်အိုးနှစ်လုံးကို ဆိုင်ရှေ့သို့ ပစ်ပေါက်လိုက်လေသည်။ ထိုစဉ်မှာပင် ဆိုင်ထဲသို့ဝင်လာသော လူနှစ်ယောက်၏ နဖူးတည့်တည့်ကို ထိမှန်ကာ လဲကျသွားတော့သည်။

ကျောက်ချိန်းက အံ့အားသင့်ပြီး ငေးကြည့်နေစဉ်မှာပင် ဘုရင့်တပ်မတော်သားဝတ်စုံနှင့် လူနှစ်ယောက် ရောက်ရှိလာပြီး လဲကျနေသောသူနှစ်ဦးအား ဖမ်းဆီးသွားတော့သည်။

ထိုအချိန်နှင့် မရှေးမနှောင်းပင် သတင်းတစ်ခုက ချက်ချင်းပျံ့လွင့်သွားတော့သည်။

"လူစွမ်းကောင်း ကျောက်ချိန်းက ထွက်ပြေးနေသော ဓားပြနှစ်ယောက်ကို ဖမ်းဆီးပေးလိုက်တယ်"

ဟူသော သတင်းပင် ဖြစ်တော့သည်။

နာမည်ကြီးချင်တော့ ကြံဖန်ပြီး ကြီးနေခြင်း ဖြစ်၏။ သို့သော် ကံသည် အမြဲတမ်း မကောင်းနိုင်ဟု ကျောက်ချိန်း စဉ်းစားမိသည်။ သူ၏ ဦးနှောက်သည် အမှန်တရားကို သတိပေးနိုးဆော်လာပြီ ဖြစ်၏။

ထို့ကြောင့် အရက်ဆိုင်တစ်ဆိုင်၏ ချောင်ကျကျ စားပွဲ တစ်လုံးကို ရွေးချယ်ကာ စိမ်ပြေနပြေ သောက်ရင်း ဘဝတစ်ခု၏ သရုပ်ကို အစမှအဆုံး ပြန်၍ ဖော်ကြည့်မိတော့သည်။

မိမိသည် သိုင်းပညာမတတ်ကြောင်း အားလုံးက သိရှိထားကြသည်။ သို့သော် မိမိက သခင်မလေး စုကျင်းအား မည်သည့်အတွက်ကြောင့် လုံစန်းအား ယှဉ်ပြိုင်ပါမည်ဟု ကတိပေးလိုက်ပါသနည်း။

ယင်းသို့ ကတိပေးပြီးသောအခါ အဘယ်ကြောင့် အရက်ဆိုင်ဝင် အရက်သောက်ရပါသနည်း။ ထိုအကြောင်းအရာများသည် မိမိကိုယ်တိုင်မှလွဲ၍ အခြားသူများ မသိရှိကြပါ။

ကျောက်ချိန်း သိုင်းပညာ တတ်ကျွမ်းပါသည်ဟုဆိုလျှင် အမှန်ကို ဝန်ခံသောစကားသာ ဖြစ်ပါလိမ့်မည်။ တကယ်တော့ ကျောက်ချိန်းသည် ငယ်စဉ် ဆယ်နှစ်သားအရွယ်ကပင် သိုင်းပညာကို တစ်ဦးတစ်ယောက်က သင်ကြားပေးနေပါသည်။

ကျောက်ချိန်းသည် ရရှိသမျှသော အချိန်ကို သိုင်းပညာ သွားရောက်သင်ကြားခဲ့သည်။ သို့သော် ကတိတစ်လုံးနှင့် သင်ကြားခဲ့ရခြင်း ဖြစ်၏။ ထိုကတိမှာ သိုင်းပညာကို ဆရာက ခွင့်မပြုမချင်း မည်သည့်အခါမျှ မထုတ်ဖော်ပါ။

သိုင်းပညာ ထဏ်မြက်ကြောင်းကိုလည်း မည်သူ့ကိုမျှ မပြောပါ။ ထိုကတိနှစ်လုံးကြောင့် ကျောက်ချိန်းအား သိုင်းပညာ တတ်သူ တစ်ယောက်ဟု မည်သူကမျှ မထင်မိခဲ့ကြပေ။

ကျောက်ချိန်း တစ်ချက်မှားသွားသည်မှာ မခံချင်သော စိတ်ဖြင့် အလွန်နှစ်သက် စွဲလမ်းနေသော သခင်မလေးစုကျင်းအား ရတ်

တရက် ကတိပေးလိုက်မိ၍ ထိုသိုင်းပညာကို ထုတ်သုံးတော့မည်ဟု စိတ်ကူးမိလိုက်ခြင်းပင် ဖြစ်သည်။

ယင်းစကားလွှန်ပြီးမှ မှားမှန်းသိသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ စိတ်များနောက်ကျိလာကာ အရက်ဝင်သောက်မိသည်။

ထိုအခါ ချင်းချင်းရောက်ရှိလာပြီး အရက်ညာတိုက်သောကြောင့် မိမိသည် ဘုရားကျောင်း၏ အခန်းတစ်ခုထဲ၌ အိပ်ပျော်သွားတော့သည်။

ကျောက်ချိန်းသည် သူ့ဘဝကို ပြန်လည်တွေးနေခြင်း ဖြစ်၏။ သူသည် အရက်တစ်ခွက်ကို အသာအယာ မော့ချပြီး ဆက်လက်တွေးတောပြန်သည်။

သို့သော် မဖျော်လင့်ဘဲ မိမိနှင့်တူသော လူတစ်ယောက်ဝင်ရောက်ယှဉ်ပြိုင်လိုက်သဖြင့် အားလုံးက ထိုလူကို မိမိပဲဟု ထင်မှတ်ထားကြသည် မဟုတ်ပါလား။

ကောင်းပြီ။ ဤသို့ဆိုလျှင် ထိုလူသည် မိမိနှင့်ခွဲခြား၍မရအောင်တူသော လူတစ်ဦးဖြစ်ရမည်။ သို့မဟုတ် မိမိ၏မျက်နှာလိုမျက်နှာဖုံးအတု တပ်ထားသော လူတစ်ဦး ဖြစ်ရမည်။

ယခု ဤသူသည် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။ ထိုသူသည် ရတနာကျောက်စီဓားကို ရသင့်ပါလျက် အဘယ်



အတွက်ကြောင့် ယနေ့အထိ မလာရောက်ပါသနည်း။

ထိုအချက်များကို ကျောက်ချိန်း စေ့စေ့စပ်စပ် စဉ်းစားနေမိခြင်း ဖြစ်သည်။ နောက်တစ်ချက် ထိုသူသည် တစ်နေ့တွင် ရောက်ရှိလာပြီး ရတနာကျောက်စီဓားအား သူသာပိုင်ဆိုင်သင့်ပါသည်ဟု တောင်းဆိုလာလျှင် မိမိသည် မဟာအရှက် ကွဲရတော့မည် မဟုတ်ပါလား၊

ထိုသို့ စဉ်းစားမိလိုက်သည်နှင့် ကျောက်ချိန်းအဖို့ အာလူးပူပူကို ပါးစပ်ထဲသို့ ပစ်သွင်းထားသည်နှင့် တူနေပေသည်။ တွေးထုတ်ရအခက် မျိုချရအခက်။

❑

ပို၍ခက်နေသည်မှာ ယနေ့ ကျောက်ချိန်းထံသို့ ရောက်လာသော စာတစ်စောင်ကြောင့်ပင် ဖြစ်တော့သည်။

ကျောက်ချိန်းသည် အတွင်းအိတ်ထဲမှ စာရွက်ခေါက်ကို ဆွဲထုတ်လိုက်၏။

ဤစာကို သူသည် သုံးကြိမ်ထက်မနည်း ဖတ်ရှုပြီးဖြစ်သည်။ သို့သော် ယခုတစ်ဖန် ထပ်မံဖတ်ကြည့်လိုက်ပြန်သည်။

*လူစွမ်းကောင်းကျောက်ချိန်း*

*ဆွေးနွေးစရာရှိသည်။ ကျောက်ဖြူတောင်သို့ ၂ ရက်နေ့မွန်းတည့် ဆက်ဆက်လာခဲ့။*

ကျောက်ချိန်းသည် ဖတ်ပြီးသည်နှင့် ကပျာကယာ အိတ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်ပြန်သည်။

"အင်း ... ငါတော့ ရှေ့လျှောက် ကံမကောင်းတော့ဘူးနဲ့တူတယ်"

ဟုလည်း စိတ်ထဲမှ ညည်းညူမိလိုက်လေ၏။

ကျောက်ချိန်းတွေးမိသည်မှာ မိမိက တောင်သုံးလုံးလုံစန်းအား အနိုင်ရရှိလိုက်သည့်အတွက် ဘီလူးဓားအဖွဲ့မှ မကျေမနပ်ဖြစ်ကာ စိန်ခေါ်လိုက် ခြင်းပင် ဖြစ်ရမည်ဟု တစ်ထစ်ချ တွက်ထား၏။

အဘယ်ကြောင့်ဆိုသော် လုံစန်းသည် ဘီလူးဓားဂိုဏ်းသားတစ်ဦးပင် မဟုတ်ပါလား၊

❑

ကျောက်ချိန်း အရက်တစ်ခွက်ကို ထပ်မံသောက်ချလိုက်ပြန်သည်။



တစ်ဆိုင်လုံး လူရှင်းနေ၍ ဆူဆူညံညံ မရှိ။ ဆူညံသည့်တိုင်အောင်လည်း ကျောက်ချိန်း၏ စားပွဲက ချောင်အကျဆုံးမို့ သီးသန့်လိုဖြစ်နေ၏။

ကျောက်ချိန်း ခေါင်းတစ်ခုလုံး ပူဟူနေသည်။ သူသည် ကံကောင်းခြင်းမဟုတ်။ ကံဆိုးခြင်းသာ ဖြစ်သည်ဟု တဖြည်းဖြည်းသိလာ၏။

ထိုစဉ် ချင်းချင်းတစ်ယောက် ဆိုင်ထဲသို့ ဝင်လာ၏။

"ငါ ထင်သားပဲ၊ နင် ဒီဆိုင်မှာ ရှိမယ်ဆိုတာ"

"ဒီဆိုင်မှာ ငါရှိတော့ကော နင်က ဘာကိစ္စနဲ့ လိုက်လာရတာလဲ"

ကျောက်ချိန်းက ဘုပြောလိုက်ခြင်း ဖြစ်သည်။ ချင်းချင်းက ကျောက်ချိန်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ငါ ကြည့်ရတာ နင်စိတ်တိုနေတယ်နဲ့တူတယ် ... ဟုတ်လား"

"အေး ဟုတ်တယ်"

ချင်းချင်းက ရယ်လိုက်သည်။

"စိတ်ဆိုးတဲ့လူများဟာ အရုပ်ဆိုးတယ်လို့ ပြောကြတယ်၊ နင်ကျတော့ ပိုပြီး ချောနေသလိုပဲ"

"နင့်ပါးစပ် ပိထားရင်ကောင်းမယ် ချင်းချင်း။ နင် ဒီကို ဘာ

ကိစ္စနဲ့ လာတာလဲ ... ပြော"

"အရက်ဆိုင်ထဲလာမှတော့ အရက်သောက်ချင်လို့ပေါ့"

ချင်းချင်းက ပြောပြောဆိုဆို အရက်တစ်ခွက်ကို ယူ၍ မော့ချလိုက်လေသည်။

"ဟင် ... နင်အရက်သောက်တယ် ... ဟုတ်လား"

"အေး ... ဟုတ်တယ်၊ အရက်သောက်ရင် နင့်လိုပဲ ကံကောင်းမလားလို့"

ကျောက်ချိန်း ပါးစပ်ပိတ်ထားလိုက်တော့၏။

(စာစဉ်-၂) ပြီး၏။

(စာစဉ်-၃) ဆက်လက်ဖတ်ရှုပါရန်။